## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စိစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၇၉/၂၀၂၂ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၂ ခုနှစ်၊ သြဂုတ်လ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၁၅၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ )

# မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ Naypyitaw State Academy တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၇

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလသဘော်ကျင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၀

၃။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၃

၄။ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၁၅

၅။ ပုသိမ်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၉

၆။ ဧရာဝတီတိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၂၁

၇။ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးအတွက် တပ်မတော်(ရေ)မှ ရေငုပ်သင်္ဘော စစ်ရေယာဉ်နှစ်စင်းအပါအဝင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield-2022) လေ့ကျင့်ဆောင်ရွက်မှုအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၂၆

၈။ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှိနှိုင်းခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၂၉

၉။ တပ်မတော်က နိုင်ငံတော်သို့ ၂၇၈၉ ဒသမ ၂၅ ကာရက်ရှိပတ္တမြားကြီး လှူဒါန်းခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၃၁

၁၀။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နှစ်နိုင်ငံကဏ္ဍာပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး တွေ့ဆုံဆွေးနွေးပြောကြားမှုများ ၃၃
၁၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် အလုပ်သဘောတွေ့ဆုံဆွေးနွေးပြောကြားမှုများ ၃၆
၁၂။ မော်စကိုမြို့၊ ကာလုဂါပြည်နယ်၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူ စေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားလျှောက်ထားချက်များ ၃၇
၁၃။ Republic of the Tatarstan ရှိ Kazan Federal University သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားမှုများ ၄၃
၁၄။ Republic of the Tatarstan ရှိ PJSC “Tatneft” ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံဆွေးနွေးပြီး Kazan Hi–Technology Park သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားမှုများ ၄၅
၁၅။ Republic of the Tatarstan သို့ ရောက်ရှိပြီး Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့် တွေ့ဆုံဆွေးနွေးပြောကြားမှုများ ၄၇
၁၆။ စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University နှင့် Peterhof (နွေရာသီနန်းတော်)တို့သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားမှုများ ၄၉
၁၇။ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုများ ၅၂
၁၈။ Republic of the Tatarsan ရှိ PJSC “Kazan Helicopters”ထုတ်လုပ်ရေးအလုပ်ရုံနှင့် HIMGRAD Industrial Complex တို့သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားမှုများ ၅၄
၁၉။ Novosibirsk မြို့သို့ရောက်ရှိပြီး Novosibirsk State University နှင့် Higher Military Command School တို့သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားမှုများ ၅၆
၂၀။ Novosibirsk အစိုးရအဖွဲ့အကြီးအကဲ Mr. Andrey Alexandrovich Travnikov နှင့် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးပြောကြားမှုများ ၅၉
၂၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၂)တွင် ပြောကြားသည့်အမှာစကား ၆၁
၂၂။ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁–၂၀၂၂ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၆၉
၂၃။ ၂၀၂၂ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၇၃
၂၄။ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား ၇၆
၂၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား ၈၁

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၄) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# Naypyitaw State Academy
# တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၁-၇-၂၀၂၂)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်လ ၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်ရှိ Naypyitaw State Academy(NSA) တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ အစည်းအဝေးခန်းမတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးရွှေလေးကတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက Naypyitaw State Academy တည်ဆောက်ပြီးစီးပါက သင်ကြားရေးအတွက် မဟာဌာနများနှင့် အုပ်ချုပ်ရေးဌာနများတွင် ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးရန်လျာထားမှု၊ သင်ကြားမှုများ ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ပညာရေးဝန်ထမ်းများခန့်အပ်ရာတွင် စနစ်တကျ စိစစ်ရွေးချယ်ခန့်အပ်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ပေးအပ်သွားမည့်ဘွဲ့အမျိုးအစားများ လျာထားမှု၊ အဆောက်အဦများအလိုက် သင်ကြားရေးဌာနများဖွင့်လှစ်ဆောင်ရွက်ရန် လျာထားမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သင်ကြားရေးနှင့်ပတ်သက်၍ နေပြည်တော်သည် အစိုးရရုံးစိုက်ရာ

ပြည်ထောင်စုနယ်မြေဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ မိသားစုဝင်သားသမီးများ များစွာရှိသော်လည်း အဆင့်မြင့်ပညာသင်ကြားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောတက္ကသိုလ်များသာရှိပြီး အခြားတက္ကသိုလ်မရှိကြောင်း၊ ဝန်ထမ်းမိသားစုများရှိ မျိုးဆက်သစ်သားသမီးများ၏ပညာရေးအဆင့်မြှင့်တင်ရာတွင် အဆင့်မြင့်ပညာရေးအဆောက်အဦနှင့် သင်ကြားရေးဌာနများ မဖြစ်မနေလိုအပ်မည်ဖြစ်သည့်အတွက် တာဝန်ရှိသူအသီးသီးနှင့် တိုင်ပင်ဆွေးနွေး၍ Naypyitaw State Academy စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ **ယခုတက္ကသိုလ်နေရာသည် ယခင် အားကစားတက္ကသိုလ်အဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အကြောင်းအမျိုးမျိုးဖြင့် အားကစားတက္ကသိုလ် မဖွင့်နိုင်ခဲ့ကြောင်း၊ ယင်းကိုအခြေခံ၍ တက္ကသိုလ်အင်္ဂါရပ်နှင့်ပြည့်စုံအောင် အဆောက်အဦများ ဖြည့်တင်းတည်ဆောက်ခြင်းဖြစ်ကြောင်း၊** စီမံကိန်းအတွင်းလိုအပ်သည့် သင်ကြားရေးအဆောက်အဦများ၊ အုပ်ချုပ်မှုအဆောက်အဦများ ဆောက်လုပ်ရာတွင် စနစ်တကျတွက်ချက်ပြီး ရေရှည်ကို မျှော်တွေး၍ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုစီမံကိန်းနှင့်ပတ်သက်၍ အခေါ်အဝေါ်သတ်မှတ်ခြင်းနှင့် ဌာနဖွဲ့စည်းမှု များကို သတ်မှတ်ရာ၌ အခြားနိုင်ငံကြီးများတွင် အသုံးပြုသည့်ဘာသာရပ်ဆိုင်ရာအသုံးအနှုန်းများနှင့် လုပ်နည်းစနစ်များကို လေ့လာဆောင်ရွက်၍ စနစ်တကျသတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်ကြားရေးအတွက် ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်ရာတွင် နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများ၏ သားသမီးများနှင့် နေပြည်တော် ၈ မြို့နယ်မှ သတ်မှတ်အရည်အချင်းကိုက်ညီသူများကိုအဓိကထားရွေးချယ်ရန်လိုပြီး ဘာသာရပ်အလိုက် ထူးချွန်သူများကို ဦးစားပေးရွေးချယ်ကြရမည်ဖြစ်ကြောင်း၊ ယခုနှစ် ပညာသင်နှစ်မှစ၍ တတိယနှစ်နှင့် စတုတ္ထနှစ် Day ကျောင်းသားများကို လက်ခံသင်ကြားပေးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့မှတစ်ဆင့် ပညာသင်နှစ်အလိုက် ဆင့်ကဲဆင့်ကဲစနစ်ဖြင့် ပထမနှစ်၊ ဒုတိယနှစ်သင်တန်းသားများကို ဆက်လက်ခေါ်ယူသင်ကြားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုနှစ်ကျောင်းတက်ရောက်သူများအနေဖြင့် မိမိတို့၏နေအိမ်များမှ ကျောင်းတက်ရောက်နိုင်ရေးအတွက် ဖယ်ရီကြို/ပို့ပေးနိုင်ရေးဆောင်ရွက်ပေးမည်ဖြစ်ပြီး နောင်တွင် တက္ကသိုလ်ရှိအဆောင်များတွင်နေထိုင်၍ တက်ရောက်သင်ကြားနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ **NSA တွင် ရွေးချယ်ထားသော ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်များ၊ စီးပွားရေး၊ ဥပဒေ၊ လူမှုရေး၊ အားကစားနှင့် ဆေးပညာရပ်များသင်ကြားသွားမည်ဖြစ်ကြောင်း၊** အဓိကကျသည့် ဘာသာရပ်များကို စနစ်တကျဖြင့် သင်ကြားပေးပြီး နိုင်ငံအတွက်လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည်အထိ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ ယခုတက္ကသိုလ်တွင် အဆင့်မြင့်ပညာပါရဂူဘွဲ့များ ပေးအပ်နိုင်သည်အထိသင်ကြားပေးမည်ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် နေပြည်တော်တက္ကသိုလ်တို့သည် နိုင်ငံ၏ထိပ်တန်းတက္ကသိုလ်များဖြစ်အောင် ဆောင်ရွက်ရန်လိုပြီး ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်များစာရင်းတွင် ပါဝင်နိုင်သည်အထိ လုပ်ဆောင်ပေးနိုင်ရေး မျှော်မှန်းဆောင်ရွက်ကြရန်လိုကြောင်း။

> **အဓိကကျသည့် ဘာသာရပ်များကို စနစ်တကျဖြင့် သင်ကြားပေးပြီး နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည်အထိ ဆောင်ရွက်နိုင်ရမည်ဖြစ်၊ ယခုတက္ကသိုလ်တွင် အဆင့်မြင့်ပညာပါရဂူဘွဲ့များ ပေးအပ်နိုင်သည် အထိ သင်ကြားပေးမည်ဖြစ်၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် နေပြည်တော် တက္ကသိုလ်တို့သည် နိုင်ငံ၏ထိပ်တန်း တက္ကသိုလ်များဖြစ်အောင် ဆောင်ရွက်ရန်လိုပြီး ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များစာရင်းတွင် ပါဝင်နိုင်သည်အထိ လုပ်ဆောင်ပေးနိုင်ရေး မျှော်မှန်းဆောင်ရွက်ကြရန်လို။**

**တစ်ဆင့်ချင်းလုပ်ဆောင်**

ဆောက်လုပ်ရေးနှင့်ပတ်သက်၍ အဆောက်အဦများ

ဆောက်လုပ်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်စေရန် အတွက် စနစ်တကျတွက်ချက်၍ မျှော်တွေးဆောင်ရွက် ရန်လိုကြောင်း၊ တက္ကသိုလ်ဆရာ၊ ဆရာမများအတွက် နေထိုင်ရေးအဆောက်အဦများကို ဦးစားပေးအနေဖြင့် တည်ဆောက်သွားရန်လိုပြီး ကျောင်းဆောင်များ ဆောက် လုပ်ရာတွင် ဂုဏ်ထူးတန်းများအတွက်လည်း ကြိုတင် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ အဆင့်မြင့်ပညာ သင်ကြားရေးတွင် ဓာတ်ခွဲခန်းနှင့် စာကြည့်တိုက်များသည် မဖြစ်မနေလိုအပ်ပြီး E-library ကိုလည်း တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း၊ ဧည့်ပါမောက္ခ၊ ဧည့် ဆရာ၊ ဆရာမများ တည်းခိုနေထိုင်ရေးအတွက်လည်း ကြိုတင်စဉ်းစားထားရန်လိုကြောင်း၊ အဆောက်အဦများ စနစ်တကျ ပြည့်စုံစွာတည်ဆောက်နိုင်ရေးအတွက် တစ်ဆင့်ချင်းစဉ်းစားပြီး လုပ်ဆောင်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Naypyitaw State Academy Main အဆောက်အဦကြီးအတွင်း လှည့်လည်၍ စာသင်ခန်းမဆောင်များ၊ သင်ထောက် ကူပြုပစ္စည်းများ ခင်းကျင်းထားရှိမှု၊ Hall ခန်းမကြီး တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကုန်ကျ စရိတ်သက်သာပြီး အဆင့်မီစေရန်၊ ဂုဏ်သိက္ခာနှင့် လျော်ညီ မှုရှိစေရန် စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိ သူများအား လမ်းညွှန်မှာကြားသည်။

အဆိုပါ Naypyitaw State Academy စီမံကိန်းကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ် သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် နေပြည်တော် ကောင်စီနယ်မြေ၊ ဇဗ္ဗူသီရိမြို့နယ်တွင် ယခုနှစ် ဧပြီလ မှ စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်း ဖြစ် ပြီး ၂၀၂၄ ခုနှစ် ဧပြီလခန့်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ပညာသင်ကြားမှုများ အဆင်ပြေချောမွေ့စေရန်အတွက် စာသင်ဆောင်များ၊ စုဝေးခန်းမကြီး၊ သင်ကြားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ရုံးခန်းများ၊ စာသင်ခန်းများ၊ ဓာတ်ခွဲ ခန်းများနှင့် စာကြည့်တိုက်တို့ကို ပြည့်စုံစွာဖြင့် ထည့်သွင်း တည်ဆောက်လျက်ရှိကြောင်း၊ နေပြည်တော်ရှိ အစိုးရ ဝန်ထမ်းများ၏ သားသမီးများအပါအဝင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဒေသခံပြည်သူများ၏ သား သမီးများအနေဖြင့်လည်း အဆင့်မြင့်ပညာများကို သင်ကြား နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ရန်ကုန်တိုင်းဒေသကြီး၊ ဒလသင်္ဘောကျင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

## ( ၂ - ၇ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်လ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒလသင်္ဘောကျင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန သမိုင်းအကျဉ်း၊ ဌာန၏ရည်မှန်းချက်များ၊ ဌာနများအလိုက် ဖွဲ့စည်းထားရှိမှုနှင့် ဝန်ထမ်းများခန့်အပ်ထားရှိမှုအခြေအနေ၊ ဌာနခွဲများအလိုက် ရေယာဉ်များထားရှိမှုနှင့် ရေယာဉ်များထိန်းသိမ်းထားရှိမှုအခြေအနေများ၊ သင်္ဘောကျင်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေယာဉ်များလွှန်းတင်၍ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဘဏ္ဍာရေးနှစ်အလိုက် ရေယာဉ်များတည်ဆောက်နိုင်မှု၊ ပြင်ပပုဂ္ဂလိက ရေယာဉ်များ ပြုပြင်မှုမှဝင်ငွေရရှိမှု၊ နိုင်ငံတစ်ဝှမ်းရှိ ဌာနခွဲများအလိုက်ရေယာဉ်များပြေးဆွဲနိုင်မှု အခြေအနေများကိုလည်းကောင်း။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဌေးအောင်က မြန်မာနိုင်ငံရှိ သင်္ဘောကျင်းများအနက်ရှေးအကျဆုံးဖြစ်သည့်ဒလသင်္ဘောကျင်း၏သမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက် သင်္ဘောများပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှု၊ ဒလသင်္ဘောကျင်းမှ တာဝန်ယူဆောင်ရွက်ထားသည့် လုပ်ငန်းတာဝန်များ၊ ဌာနများဖွဲ့စည်းထားရှိမှုနှင့် ဝန်ထမ်းများခန့်အပ်ထားရှိမှု၊

လွှန်းကျင်းများအလိုက် သင်္ဘောများပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှု၊ ရေယာဉ်များ အသစ်တည်ဆောက်ခဲ့မှုနှင့် လာမည့်ဘဏ္ဍာနှစ်များတွင် ရေယာဉ်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေ၊ ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ငွေကုန်ကြေးကျမှုအသက်သာဆုံး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အတွက် ပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်းပို့ဆောင်ရေးသည် ငွေကုန်ကြေးကျမှုအသက်သာဆုံးနှင့် ကုန်စည်များစွာကို အမြန်ဆုံးရွှေ့ပြောင်းပေးနိုင်သည့် ပို့ဆောင်ရေးလမ်းကြောင်းတစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ မြစ်ချောင်းများ များစွာသွယ်တန်းလျက်ရှိနေသည့်အတွက် သွားလာမှုနှင့် ပို့ဆောင်ရေးပိုင်းတွင် ရေကြောင်းပို့ဆောင်ရေးသည် အကောင်းဆုံးလမ်းကြောင်းအဖြစ်ရှိသော်လည်း စနစ်တကျဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုအားနည်းခဲ့ကြောင်း၊ ထို့ကြောင့် ရေကြောင်းပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရမှဆောင်ရွက်ရန်လိုသကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းများကိုလည်း အားပေးရန်လိုကြောင်း၊ ရေလမ်းကြောင်းများကောင်းမွန်ရန်၊ ဆိပ်ကမ်းများကောင်းမွန်ရန်နှင့် သင်္ဘောများကောင်းမွန်ရန်လိုကြောင်း၊ ဆိပ်ကမ်းများတွင် ခရီးသည်များ ခေတ္တနားနေရန်၊ ကုန်စည်များပို့ဆောင်ရေးအတွက် လိုအပ်သည့်ယာဉ်ရပ်နားရန်နေရာများနှင့် ကုန်ပစ္စည်းများထားရှိနိုင်သည့် နေရာများလည်းလိုအပ်ကြောင်း၊ ပြည်သူများမှ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများအပေါ် ယုံကြည်မှုများရှိလာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်ကျစရိတ်သက်သာသည့် ရေကြောင်းပို့ဆောင်ရေးစနစ်ကို ကောင်းမွန်တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ အရေးမကြီးသည့်ကုန်ကြမ်းပစ္စည်းများကို ရေလမ်းကြောင်းများမှ ပို့ဆောင်နိုင်ရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်နေရန်လိုကြောင်း။

**စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်စေရေး အမြဲမပြတ်ဆောင်ရွက်နေရန်**

ပြည်တွင်းပို့ဆောင်ရေးလုပ်ငန်းများသည် ယခင်က အောင်မြင်မှုရှိခဲ့သော်လည်း ဘဏ္ဍာရေးဆိုင်ရာအခက်အခဲများနှင့် မှောင်ခိုလုပ်ငန်းများ ဆောင်ရွက်မှုများကြောင့် နိုင်ငံပိုင်ပို့ဆောင်ရေးလုပ်ငန်းကို များစွာထိခိုက်စေခဲ့ကြောင်း၊ သက်တမ်းကြာသည့် ယန္တရားများ၊ သင်္ဘောများကို ပြုပြင်ထိန်းသိမ်းနိုင်မှု အားနည်းခြင်းများကြောင့် နိုင်ငံပိုင် ပြည်တွင်းပို့ဆောင်ရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သဖြင့် သက်တမ်းအလိုက်၊ နှစ်အလိုက် ပြုပြင်ထိန်းသိမ်းမွမ်းမံရမည်များကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံပိုင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများအောင်မြင်တိုးတက်မှုရှိစေရေးအတွက် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိုအတတ်နိုင်ဆုံးဖြေရှင်းဆောင်ရွက်

> ဒလသင်္ဘောကျင်းသည် သမိုင်းရှိသည့် သင်္ဘောကျင်းတစ်ခုဖြစ်သည့်အတွက် သင်္ဘောကျင်းအတွက်လိုအပ်သည့် အင်ဂျင်နီယာများ ဖြည့်ဆည်းဆောင်ရွက်ရန်လို၊ သင်္ဘောများကို ခေတ်နှင့်လျော်ညီစွာ တည်ဆောက်နိုင်ရန်လို၊ သင်္ဘောတည်ဆောက်ရေးနှင့်ပတ်သက်၍ မိတ်ဖက်သင်္ဘောကျင်းများတွင်လည်း လေ့လာဆောင်ရွက်၍ရ၊ သင်္ဘောကျင်းအဆင့်မြှင့်တင်ရေးအတွက် ခေတ်မီတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လို၊ နှစ်ပေါင်း ၁၅၀ ခန့် သက်တမ်းရှိ သမိုင်းဝင်သင်္ဘောကျင်းတစ်ခု ဖြစ်သဖြင့် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများကို များစွာအတွေ့အကြုံရှိပြီးဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေး လုပ်ငန်းများတွင် ဦးဆောင်မှုပြုနိုင်ရန်လို။

ပေးခြင်းဖြင့် ဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်မှုကို မှန်မှန်ကန်ကန်ဖြင့် တိုးတက်အောင်ဆောင်ရွက်ရန်လို ကြောင်း၊ လုပ်ငန်းများအလိုက် ချီးမြှင့်ထိုက်သူကို ဆုချီးမြှင့်ရန်လိုအပ်သကဲ့သို့ လုပ်ငန်းအားနည်းချက်ရှိသူများကိုလည်း အားနည်းချက်များအလိုက် အရေးယူဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများအလိုက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ လုပ်ငန်းများအတွက် လိုအပ်သည့်စက်ယန္တရားများများ ကြံ့ခိုင်ကောင်းမွန်စေရေး အမြဲမပြတ်ဆောင်ရွက်ရန်လို ကြောင်း။

မိမိတို့နိုင်ငံ၏ ရေကြောင်းပို့ဆောင်ရေးတွင် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးသည် ဦးဆောင်သည့်အဖွဲ့ အစည်းတစ်ခုအနေဖြင့် ရပ်တည်နိုင်ရန်လိုကြောင်း၊ တစ်ဖက်မှလည်း ပုဂ္ဂလိကရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရေကြောင်းပို့ဆောင်ရေးအတွက် လိုအပ်သည့်လူသား အရင်းအမြစ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ မော်တော်ယာဉ်များဖြင့် ကုန်ပစ္စည်းများကိုတင်ဆောင်၍ ၎င်းမှ တစ်ဆင့် ရေကြောင်းပို့ဆောင်ရေးကိုအသုံးပြု၍ ဆောင်ရွက်သည့် ကမ်းရိုးတန်းပို့ဆောင်ရေးစနစ်ကိုလည်း အကျိုးရှိစွာအသုံးချရန် လိုအပ်ကြောင်း၊ မြစ်ဝကျွန်းပေါ်၊ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင် စသည့်မြစ်ကြီးများကို ရေကြောင်းပို့ဆောင်ရေးတွင် အကျိုးရှိအောင် အသုံးချရန် လိုကြောင်း။

ဒလသင်္ဘောကျင်းသည် သမိုင်းရှိသည့် သင်္ဘောကျင်း တစ်ခုဖြစ်သည့်အတွက် သင်္ဘောကျင်းအတွက်လိုအပ်သည့် အင်ဂျင်နီယာများ ဖြည့်ဆည်းဆောင်ရွက်ရန်လိုကြောင်း၊ သင်္ဘောများကို ခေတ်နှင့်လျော်ညီစွာ တည်ဆောက်နိုင်ရန် လိုကြောင်း၊ သင်္ဘောတည်ဆောက်ရေးနှင့်ပတ်သက်၍ မိတ်ဖက်သင်္ဘောကျင်းများတွင်လည်း လေ့လာဆောင်ရွက်၍ရကြောင်း၊ သင်္ဘောကျင်းအဆင့်မြှင့်တင်ရေးအတွက် ခေတ်မီတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုကြောင်း၊ နှစ်ပေါင်း ၁၅၀ ခန့်သက်တမ်းရှိ သမိုင်းဝင် သင်္ဘောကျင်းတစ်ခုဖြစ်သဖြင့် သင်္ဘောတည်ဆောက်ရေး လုပ်ငန်းများကို များစွာအတွေ့အကြုံရှိပြီးဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် ဦးဆောင်မှုပြုနိုင်ရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် ရေကြောင်းပို့ဆောင်ရေးကို ယုံကြည်စွာဖြင့် အသုံးပြုလာမည်ဆိုပါက တစ်နိုင်ငံလုံး ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်သဖြင့် တစ်နိုင်ငံလုံးဆောင်ရွက်နိုင်သည့် စီးပွားရေးစနစ်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပို့ဆောင်ရေးကဏ္ဍမှ ဦးဆောင်၍ ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

## ( ၂ - ၇ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသောင်းဟန်၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်လ ၂ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်မည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးသန့်နှင့် တာဝန်ရှိသူများက အားကစားဝင်းဆိုင်ရာအချက်အလက်များနှင့် သမိုင်းအကျဉ်း၊ ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ အားကစားကွင်း အဆင့်မြှင့်တင်ရေးအတွက် ကော်မတီများဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ အားကစားကွင်းအဆင့်မြှင့်တင်ရာတွင် အားကစားပရိသတ်များ အားကစားကွင်းအတွင်း ဝင်ထွက်သွားလာမှုအဆင်ပြေစေရန်အတွက် Under Pass နှင့် Over Pass များ လျာထားဆောင်ရွက်ထားရှိမှု၊ ပရိသတ် ၃၀၀၀၀ ဆန့် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ရန် လျာထားမှုအခြေအနေ၊ လျာထားအားကစားဝင်းပုံစံများကို power point presentation များ၊ အထူးပြုလုပ်ချက် Video Clip များဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အောင်ဆန်းအားကစားပြိုင်ဝင်းကြီးသည် အမည်အရသော်လည်းကောင်း၊ အစဉ်အလာအရသော်လည်းကောင်း၊ သက်တမ်းအားဖြင့်သော်လည်းကောင်း သမိုင်းရှိသည့် အားကစားကွင်းကြီးဖြစ်သကဲ့သို့ မြန်မာ့အားကစားအောင်မြင်မှု စတင်ခဲ့သည့် နေရာတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ရှိပြီးသား အစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး

နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ဆောင်ရွက်၍ နောင်တွင် အိုလံပစ်အားကစားပြိုင်ပွဲများ လက်ခံကျင်းပနိုင်သည်အထိ ရည်ရွယ်တည်ဆောက်ရန်လိုကြောင်း၊ အဓိက အားကစားကွင်းကြီးအတွင်း အားကစားနည်း ၈ မျိုးကို နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်ကျင်းပပေးနိုင်ရေး စနစ်တကျထည့်သွင်းတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယာဉ်ရပ်နားရန်နေရာများနှင့် Public Area များ စနစ်တကျဖော်ဆောင်ပေးနိုင်ရန်လည်း တွက်ချက်စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်မှုများမရှိစေရေးနှင့် ရေရှည်တည်တံ့မှုရှိစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့ ပေါင်းစပ်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၄ - ၇ - ၂၀၂၂ )




တပ်မတော်အနေဖြင့် နိုင်ငံတော်၏အမျိုးသား နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေခြင်းသည် နိုင်ငံတော်အတွက် လိုအပ်ချက်အရပါဝင်ဆောင်ရွက်နေရခြင်းပင်ဖြစ်ပြီး ခေတ်အဆက်ဆက်နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်ကို မှန်မှန်ကန်ကန်သိရှိနားလည်နေရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇူလိုင်လ ၄ ရက်နေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့်တာဝန်ရှိသူများ၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

**တပ်မတော်နှင့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ**

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကိုမလွှဲသာမရှောင်သာသောအခြေအနေအရ လွှဲပြောင်းတာဝန်ယူဆောင်ရွက်ခဲ့ရသည်ကို အရာရှိ၊ စစ်သည်၊ ရဲမေ မိသားစုများအနေဖြင့် မှန်မှန်ကန်ကန်သိရှိထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်း၊ ပထဝီအနေအထားနှင့် လက်ရှိဖြစ်တည်ချက်များအရ တပ်မတော်သည် နိုင်ငံတော်၏အမျိုးသားရေးကိစ္စရပ်များတွင် ပါဝင်နေရခြင်းဖြစ်သကဲ့သို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရကြောင်း၊ မိမိတို့နိုင်ငံရှိ နိုင်ငံရေးဆောင်ရွက်သူများအနေဖြင့် နိုင်ငံရေးရင့်ကျက်မှုနှင့် သဟဇာတဖြစ်မှုများရှိရန် လိုအပ်နေသေးသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ နိုင်ငံရေးစနစ် မတူညီကွဲပြားမှုများရှိကြောင်း၊ အချို့သောနယ်စပ်ဒေသများတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိနေကြောင်း၊ ထိုကဲ့သို့သော အခြေခံအချက်များအပြင် အခြားအခြားသော အချက်များစွာတို့အရ နိုင်ငံအနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများ ယနေ့အထိ လိုအပ်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုများရှိရန်အတွက် မိမိတို့နိုင်ငံတွင် ခိုင်မာသည့်အင်စတီကျူးရှင်း လိုအပ်ကြောင်း၊ ထိုအင်စတီကျူးရှင်းမှာ တပ်မတော်သာဖြစ်ပြီး နိုင်ငံတော်၏

Guardian အနေဖြင့် နိုင်ငံတော်ကို ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်၌ ပြည်သူလူထုအနေဖြင့် တစ်ပါတီအုပ်ချုပ်မှုကို မကြိုက်မနှစ်သက်ခြင်း၊ စီးပွားရေးကျဆင်းခြင်းတို့ကြောင့် တိုင်းပြည်၌ မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းအခြေအနေအပေါ် နိုင်ငံရေးအဖွဲ့အစည်းများ ပြည်ပနိုင်ငံများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးတော့မည့်အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ဝင်ရောက်ထိန်းသိမ်းခဲ့ရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ဖျက်သိမ်း၍ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့ရကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်ထောင်စုကြီး စည်းစည်းလုံးလုံးဖြင့် တည်ငြိမ်မှုရှိစေရေး တင်းတင်းကြပ်ကြပ်ဆောင်ရွက်ခဲ့ရသဖြင့် တပ်မတော်၏ နိုင်ငံတော်၏ တာဝန်ထမ်းဆောင်မှုအပေါ် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရေးအရ နာကြည်းမှုများ၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းနာကြည်းမှုများသည် ယခုအချိန်အထိ ကျန်ရှိနေသေးကြောင်း။

**ပညာရည်မြင့်မားရေး**

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ကို ရေးဆွဲနိုင်ရေးဆောင်ရွက်ခဲ့ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ကာ အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ မိမိတို့နိုင်ငံရှိပြည်သူများတွင် နိုင်ငံရေးသိရှိနားလည်သူများရှိသကဲ့သို့ သိရှိနားလည်မှုအားနည်းသူများလည်းရှိကြောင်း၊ နိုင်ငံရေးအသိ အားနည်းသူများအပေါ် သွေးထိုးဆောင်ရွက်နေမှုများလည်းရှိကြောင်း၊ ထိုသို့ နိုင်ငံရေးအသိအားနည်းရခြင်းမှာလည်း နိုင်ငံသူ၊ နိုင်ငံသားတို့၏ ပညာရေးအခြေအနေနှင့်လည်း ဆက်စပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးသည် ခေတ်အဆက်ဆက်တွင် နိမ့်ကျခဲ့ပြီး အတန်းပညာပြီးမြောက်သူနည်းပါးခဲ့ကြောင်း၊ ပညာရေးအားနည်းသဖြင့် အသိပညာအားနည်းရခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၈ နှစ် အထက်မဲပေးခွင့်ရှိသူလူဦးရေ ၃၄ ဒသမ ၂၉ သန်းဖြစ်ပြီး လူဦးရေတိုးတက်နှုန်းမှာ ၀.၈ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းသန်းခေါင်စာရင်းအချက်အလက်များအရ အသက် ၅ နှစ်အထက် ကျောင်းမနေဘူးသူဦးရေ ၈ ဒသမ ၁ ရာခိုင်နှုန်း၊ အသက် ၂၅ နှစ်နှင့်အထက် ၁၂ ဒသမ ၈ သန်းသည် မူလတန်းအောက်ပညာအရည်အချင်းသာရှိသည်ကို တွေ့ရှိရသဖြင့် မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များများစွာရှိနေသည်ကိုတွေ့ရှိရကြောင်း၊ ပညာတတ်မြောက်မှသာ စာပေဗဟုသုတလေ့လာမှုရှိမည်ဖြစ်ပြီး အသိပညာဗဟုသုတတိုးတက်လာမည်ဖြစ်ကြောင်း၊ **ပညာတတ်များပေါ်ကြွယ်ဝလာစေရေး၌ ကျန်းမာကြံ့ခိုင်မှုသည်လည်း အရေးကြီးသဖြင့် ပညာရည်မြှင့်တင်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ဟန်ချက်ညီမြှင့်တင်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက်အခြေခံကျသည့် တစ်မျိုးသားလုံး ပညာရည်မြှင့်တင်ရေးလုပ်ငန်းကို နိုင်ငံတော်၏ အနာဂတ်အတွက် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး အနည်းဆုံး ၅ နှစ်မှ ၁၀ နှစ်အထိ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။**

**နိုင်ငံရေးအရ၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်**

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးကတည်းက နယ်ချဲ့တို့၏သွေးခွဲအုပ်ချုပ်မှုများ၊ အယူဝါဒမတူညီမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရပြီး မျိုးဆက်များအလိုက် ပြောင်းလဲသွားသော်လည်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများသည် ယနေ့ထက်တိုင်ရှိနေသေးကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများမရှိမှသာ နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်နေသည့် အခြေအနေတွင် နိုင်ငံကိုထိန်းသိမ်းနိုင်သည်မှာ တပ်မတော်သာလျှင်ဖြစ်ပြီး တပ်မတော်အနေဖြင့် အချို့အရာများတွင် အနစ်နာခံဆောင်ရွက်ခဲ့ရသည်များရှိကြောင်း၊ မိမိတို့ဆောင်ရွက်နေသည့် ကိစ္စရပ်များသည် ခံယူချက်ကောင်းများဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းများအောင်မြင်ရေးအတွက် တပ်မတော်သားအားလုံးတွင် တာဝန်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်း

> စားရေရိက္ခာပေါများရေးအတွက် ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီးသည်လည်း စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်သည့် တိုင်းတစ်ခုဖြစ်၊ မိမိတို့နိုင်ငံရှိ စိုက်ပျိုးမြေများတွင် သီးထပ်သီးညှပ်စိုက်ပျိုးမှုများ နည်းပါးသဖြင့် သီးထပ်သီးညှပ်များ စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်လာမည်ဖြစ်၊ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ခေတ်မီနည်းစနစ်များဖြင့် အသုံးပြု၍ ဆောင်ရွက်ရန်လို၊ မိမိတို့နိုင်ငံတွင် သီးနှံမျိုးစုံစိုက်ပျိုး၍ရသဖြင့် စားရေရိက္ခာပေါများရေးအတွက် ဆောင်ရွက်၍ရ၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်ရန်အတွက် အသိပညာနှင့် အတတ်ပညာရှင်များလိုအပ်မည်ဖြစ်သဖြင့် ပညာရည်သင်ကြားရေးကို အားပေးကြရန်လို။

ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်သဖြင့် ဥပဒေအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး**

နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကဏ္ဍပေါင်းစုံ၌ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အခြားနိုင်ငံများနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် စည်းကမ်းဥပဒေနှင့်အညီဆောင်ရွက်ရန်လိုပြီး အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နိုင်ငံများသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု၊ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုပဋိပက္ခများကို မိမိတို့အနေဖြင့် ထိန်းထိန်းသိမ်းသိမ်းကိုင်တွယ် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံရေးပုံမှန်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အမျိုးသားရေးမျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ **ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေရာတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်ရန်လိုပြီး ဒီမိုကရေစီ မျက်နှာဖုံးစွပ်ထားသည့် လုပ်ရပ်မဖြစ်ရန်လို**ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာ၌ ဖက်ဒရယ်စနစ်ဆိုသည်မှာ အုပ်ချုပ်ရေးအာဏာများ ခွဲဝေပေးထားခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ထူးခြားချက်မှာ ရှေးဘုရင်များ လက်ထက်ကတည်းကပင် တစ်ပြည်ထောင်နိုင်ငံမဟုတ်ဘဲ တိုင်းရင်းသားဒေသများအားလုံးကို တစ်စုတစ်စည်းတည်းဖြစ်အောင် စုစည်းတည်ထောင်ခဲ့သည့် ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးချိန်တွင် ယခင်က မြန်မာနိုင်ငံနယ်နိမိတ်များအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တိုင်းရင်းသားပြည်သူများအားလုံး ရှေးယခင်ကတည်းက တစ်စုတစ်စည်းတည်း ရှိခဲ့သည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့မြင်ရမည် ဖြစ်ကြောင်း။

**ငြိမ်းချမ်းမှုရှိမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ဆောင်ရွက်နိုင်မည်**

အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးအတွက် ဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသဖြင့် ပြည်သူလူထု၏ စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏သမိုင်းတွင် နိုင်ငံရေးအရ သမိုင်းကြောင်းများအပြင် စီးပွားရေးအရ သမိုင်းကြောင်းများ ရှိခဲ့ပြီး ၁၉၅၀ ပတ်ဝန်းကျင်ခန့်တွင် ကိုရီးယားစစ်ပွဲများ ဖြစ်ပေါ်ခဲ့ကာ မိမိတို့နိုင်ငံမှ ဆန်၊ စပါးကဲ့သို့ ထွက်ကုန်များ ဈေးကောင်းရခဲ့ကြောင်း၊ ထို့ကြောင့် အာဏာရပါတီအနေဖြင့် ပြည်တော်သာစီမံကိန်းကိုရေးဆွဲခဲ့ပြီး **"လူတစ်ယောက် ကားတစ်စီး၊ တိုက်တစ်လုံး၊ တစ်လဝင်ငွေရှစ်ရာ"** ဟူသည့် ကြွေးကြော်သံဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ကိုရီးယားစစ်ပွဲ အပြီးတွင် စပါးဈေးထိုးကျခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်

ပဋိပက္ခများလည်း ဖြစ်ပေါ်ခဲ့သဖြင့် ဝင်ငွေနည်းပါးခဲ့ခြင်းကြောင့် အောင်မြင်မှုမရရှိခဲ့ဘဲ ပြည်တွင်းအုပ်ချုပ်ရေးလမ်းကြောင်း၌ အခက်အခဲများရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ယခုအခါ အခြေခံများကောင်းမွန်နေပြီဖြစ်သော်လည်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ရှိသေးကြောင်း၊ တိုင်းပြည်သာယာဝပြောရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန်ဦးတည်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများ အောင်မြင်ပြီးပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် အုပ်ချုပ်ရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

စားရေရိက္ခာပေါများရေးအတွက် ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီးသည်လည်း စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်သည့် တိုင်းတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ စိုက်ပျိုးမြေများတွင် သီးထပ်သီးညှပ်စိုက်ပျိုးမှုများ နည်းပါးသဖြင့် သီးထပ်သီးညှပ်များ စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ခေတ်မီနည်းစနစ်များဖြင့် အသုံးပြု၍ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သီးနှံမျိုးစုံစိုက်ပျိုး၍ရသဖြင့် စားရေရိက္ခာပေါများရေးအတွက် ဆောင်ရွက်၍ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်ရန်အတွက် အသိပညာနှင့် အတတ်ပညာရှင်များလိုအပ်မည်ဖြစ်သဖြင့် ပညာရည်သင်ကြားရေးကို အားပေးကြရန်လိုကြောင်း။

**အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်**

မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေမြေသယံဇာတအခြေခံကောင်းများရှိပြီးဖြစ်သဖြင့် သဘာဝကပေးထားသည့် အရင်းအမြစ်များကို အကျိုးရှိအောင် အသုံးချပြီး နိုင်ငံတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းထားသည်များ၊ အမှန်တကယ်ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ ဖြစ်နိုင်ချေရှိသည်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး လူတစ်ဦးတစ်ယောက်ချင်းအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်း မိမိတို့ပင်ကိုယ်အသိစိတ်ဖြင့် မှန်မှန်ကန်ကန် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက နောင်လာမည့် ၅ နှစ်အတွင်း မိမိတို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများ၌ ထိုက်သင့်သည့် တိုးတက်မှုများရှိလာနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တပ်မတော်မှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပြီး မိမိတို့အနေဖြင့် နိုင်ငံတော်၏ကောင်းရာကောင်းကျိုးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေရမည်ဖြစ်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ အမျိုးသားရေးရည်မှန်းချက်များချမှတ်၍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အရာရှိ၊ စစ်သည်၊ မိသားစုများ မှန်မှန်ကန်ကန်သိရှိစေရေး နောက်ခံအကြောင်းအရာများနှင့်တကွ ရှင်းလင်းပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

■ ■ ■

# ပုသိမ်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

## ( ၄ - ၇ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ဇူလိုင်လ ၄ ရက် နံနက်ပိုင်းတွင် ပုသိမ်လေတပ်စခန်းဌာနချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမတွင် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းဝင်းက လေတပ်စခန်းဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နယ်မြေဒေသလုံခြုံရေးနှင့် ပိုင်နက်ပင်လယ်ပြင်လုံခြုံရေးကင်းလှည့်ဆောင်ရွက်နိုင်မှု၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှု၊ စိုက်ပျိုးမွေးမြူရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ဒေသခံပြည်သူလူထု၏ကျန်းမာရေး၊ လူမှုရေးနှင့် အခြားလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အမြဲအသင့်ဖြစ်နေရမည်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နယ်မြေဒေသနှင့် ပိုင်နက်ပင်လယ်ပြင်စိုးမိုးရေးအတွက် ရေဒါစနစ်ဖြင့် ကင်းထောက်ခြင်း၊ လေကြောင်း၊ ရေကြောင်း ကင်းလှည့်ခြင်းများဆောင်ရွက်ပြီး ပိုင်နက်နယ်နိမိတ်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးတို့ကို တိုင်းစစ်ဌာနချုပ်နှင့် နယ်မြေခံရေတပ်၊ လေတပ်ဌာနချုပ်များက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး အမြဲအသင့်ဖြစ်နေရမည်ဖြစ်ကြောင်း၊ ပင်လယ်ကမ်းစပ်နှင့် မြစ်ဝကျွန်းပေါ်လုံခြုံရေးကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အမြဲတမ်းစောင့်ကြည့်နေရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ မွေးမြူရေးနှင့်စိုက်ပျိုးရေး အပြန်အလှန်အခြေခံပြီး အထွက်နှုန်းကောင်းသည့်၊ အကျိုးရှိသည့်စိုက်ပျိုးမွေးမြူရေးဖြစ်အောင် တွက်ချက်ဆောင်ရွက်ကြစေလိုကြောင်းဖြင့်ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေး၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ဖူလုံစွာစားသုံးနိုင်ရေးအတွက် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လေတပ်ဌာနချုပ် ကာကီကင်းဘဲမွေးမြူရေးခြံ၊ ဥစားကြက်မွေးမြူရေးခြံ၊ ရာသီသီးနှံစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး

မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ကမ်းနားလမ်းတွင် မြစ်ကြမ်းခင်းမြေသား စွမ်းအင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးသန့်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းလှိုင်တို့က မြစ်ကြမ်းခင်းမြေသား စွမ်းအင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**စနစ်တကျအသုံးချ**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပုသိမ်မြို့သို့ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်ခဲ့ကြောင်း၊ ရေလမ်းကြောင်းများကို ပြန်လည်ပြုပြင်ထိန်းသိမ်း၍ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်နိုင်ရေးဆောင်ရွက်နိုင်မည်ဆိုပါက ပုသိမ်မြို့သို့ ကုန်စည်စီးဆင်းမှုပိုမိုကောင်းမွန်မြန်ဆန်လာမည်ဖြစ်ကြောင်း၊ အလားတူ ဝေါ်နမြစ်ရေကို ထိန်းသိမ်း၍ စိုက်ပျိုးရေးအတွက်လိုအပ်သည့်နေရာများတွင် အကျိုးရှိစွာဖြင့်အသုံးချရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပျမ်းမျှမိုးရွာသွန်းရက်မှာ ၁၂၀ ကျော် ခန့်သာဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ရေများရရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ရေချိုများကိုစနစ်တကျဖြင့်အသုံးချရန်လိုကြောင်းမှာကြားသည်။

■ ■ ■

# ရောဝတီတိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့်အမှာစကား

## ( ၄ - ၇ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ ၄ ရက် မွန်းလွဲပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ရောဗွှေဝါခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်အောင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ တင်ပြ**

ဦးစွာရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ်အတွင်း လာရောက်သည့် ခရီးစဉ်ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဒေသဆိုင်ရာအချက်အလက်များ၊ ခရိုင်များတိုးချဲ့ ဖွဲ့စည်းမှုနှင့်ဝန်ထမ်းများခန့်အပ်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ဆည်ရေသောက်နှင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်လျက်ရှိမှု၊ မိုးစပါးအထွက်နှုန်းတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်မှုနှင့် ဆီဖူလုံမှုအခြေအနေ၊ အသား၊ ငါးနှင့်ဥများထုတ်လုပ်၍ပြည်သူများကို ရောင်းချပေးနိုင်မှု၊ မြစ်ချောင်းအင်းအိုင်များအတွင်း ငါးမျိုးများစိုက်ထည့်မှု၊ နေလှမ်းဆားကြမ်းနှင့် အိုင်အိုဒင်းဆားများထုတ်လုပ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဓာတ်အား ကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ လမ်းတံတားများဆိုင်ရာအခြေအနေများနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ ပြည်သူ့အငှားအိမ်ရာဆောင်ရွက်ထားရှိမှု၊ စက်မှုဇုန်များတွင် စက်ရုံများလည်ပတ်ဆောင်ရွက်နေမှု၊ ပြည်သူ့ဆေးရုံ

ကြီးတိုးချဲ့ တည်ဆောက်ထားရှိမှု၊ အခြေခံပညာကျောင်းများနှင့် အဆင့်မြင့် ပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိမှုနှင့် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်မှုအခြေအနေများ၊ ဆေးရုံများဖွင့်လှစ်ထားရှိမှုနှင့်ကျန်းမာရေးဝန်ထမ်းများခန့်အပ်ထားရှိမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်မှု၊ ပန်းခင်းစီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီးအတွင်း နှစ်အလိုက် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်မှုနှင့် အခြားလူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြား**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် မိုးရွာသွန်းမှုများပြားသကဲ့သို့ မြစ်ချောင်းများလည်း များပြားကြောင်း၊ ရေစီးရေလာကောင်းမွန်ခြင်းမရှိပါက လမ်းများပျက်စီးမှုကို ပိုမိုဖြစ်ပေါ်စေသဖြင့် လမ်းများရေတိုက်စားမှုကြောင့် ပျက်စီးမှုမရှိစေရေး စနစ်တကျဖြင့် ထိန်းသိမ်းရန်လိုကြောင်း၊ ယခုအခါ ဧရာဝတီတိုင်းဒေသကြီးသို့အလည်အပတ်သော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ခရီးသွားဧည့်ယာဉ်များ အများအပြားလာရောက်လျက်ရှိသဖြင့် လမ်းများကောင်းမွန်စေရေးကို အလေးထားဆောင်ရွက်ထားရှိရန် လိုကြောင်း၊ မော်တော်ဆိုင်ကယ်များ အန္တရာယ်ကင်းစွာဖြင့် သွားလာနိုင်ရေးအတွက် လမ်းမကြီးများကို သတ်မှတ်ချက်များအတိုင်းစနစ်တကျဖြင့် ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင်လည်း အာဆီယံသတ်မှတ်ချက်များနှင့်အညီ စနစ်တကျတည်ဆောက်သွားရန်လိုကြောင်း၊ အလားတူ ပုသိမ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ပြည်တွင်း၊ ပြည်ပခရီးသွားများလာရောက်လည်ပတ်လျက်ရှိကြောင်း၊ အိမ်သာပါက ဧည့်လာမည်ဖြစ်ကြောင်း၊ ဒေသတွင်း ဆားထုတ်လုပ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် လျော်ညီသည့်ဆားများ ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်းနှင့် ဆားလုပ်ငန်း ပုံမှန်လည်ပတ်နိုင်စေရေး ဆောင်ရွက်ရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စပါးကျီကြီးတစ်ခုဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု နယ်ပယ်အသီးသီး၌လည်း ထိပ်ပိုင်းတွင်ရှိနေသည့် နိုင်ငံ့ဂုဏ်ဆောင် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမသမာမှုရလာဒ်များကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအမြတ်ထုတ်မှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကြမ်းဖက်မှု ဖြစ်စဉ်များကို မိမိတို့အနေဖြင့် တရားဥပဒေနှင့်အညီတတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတိုင်းသာ လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီသာ ဆက်လက်လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ လူမျိုးတိုင်း၊ နိုင်ငံတိုင်းအနေဖြင့် Moving Forward ဆိုသည့်အတိုင်း အတိတ်ကို ပြန်လှည့်

**စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကိုအခြေခံသော စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်၊ သစ်တောသယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲခြင်းကြောင့် သယံဇာတများ ပြုန်းတီးလာပြီး အခြေခံကုန်ကြမ်းများ ရှားပါးလာ၊ ထို့ကြောင့် သဘာဝသယံဇာတကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းကို အားပေးဆောင်ရွက်၍မရဘဲ မိမိတို့ တတ်ကျွမ်းသည့်ပညာရပ်များကိုအသုံးချ၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်ထုတ်လုပ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်။**

ကြည့်နေခြင်း၊ ရပ်နေခြင်းမရှိဘဲ ရှေ့ကိုဆက်လက် လျှောက်လှမ်းနေကြခြင်းဖြစ်၍ မိမိတို့နိုင်ငံအနေဖြင့်လည်း ကျန်နေ၍မရကြောင်း၊ Moving Forward ဟူသည့်အတိုင်း အမြဲလျှောက်လှမ်းနေရမည်ဖြစ်ကြောင်း။

ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကိုဖြေရှင်းနေရသကဲ့သို့ နိုင်ငံတိုးတက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတိုင်း၊ လူတိုင်းသည် တိုးတက်ရေးအတွက် အမြဲမပြတ် ဆောင်ရွက်နေကြကြောင်း၊ အခက်အခဲအကြပ်အတည်းကြောင့် တုန့်ဆိုင်းနေမည်ဆိုပါက တိုးတက်မှုရှိမည်မဟုတ်ဘဲ နောက်ကျကျန်နေခဲ့မည်ဖြစ်ကြောင်း၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများသည် တုန့်ဆိုင်းနေ၍မရသည့်အတွက် ၂၀၂၂ ခုနှစ်အတွင်း ကျောင်းများပြန်လည်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ပညာရေးမြှင့်တင်မှုများကို မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် စာတတ်မြောက်မှု ၉၂ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ သို့သော် အဆိုပါ ၉၂ ရာခိုင်နှုန်းတွင် ရေး/ဖတ်အဆင့်၊ မူလတန်းအဆင့်သာရှိသူ ဦးရေများပြားလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သကဲ့သို့ ပညာတတ်မြောက်သူ နည်းပါးသည်ကိုလည်း သန်းခေါင်စာရင်းများအရ တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပညာရည်မြှင့်တင်ရေးအတွက် အစိုးရပညာရေးစနစ်ဖြင့် အစိုးရအဆက်ဆက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာတတ်များနည်းပါးပါက မိမိတို့နိုင်ငံသည် နောက်ကျကျန်ခဲ့မည်ဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

စီးပွားရေးလုပ်ငန်းအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို အခြေခံသော စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောသယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲခြင်းကြောင့် သယံဇာတများပြုန်းတီးလာပြီး အခြေခံကုန်ကြမ်းများ ရှားပါးလာကြောင်း၊ ထို့ကြောင့် သဘာဝသယံဇာတကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းကို အားပေးဆောင်ရွက်၍မရဘဲ မိမိတို့တတ်ကျွမ်းသည့်ပညာရပ်များကို အသုံးချ၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်ထုတ်လုပ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများအဆင်ပြေချောမွေ့စေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်စေရန်အတွက် ခရိုင်များတိုးချဲ့ ဖွဲ့စည်းခဲ့ကြောင်း၊ ခရိုင်အဆင့်ကိုအခြေခံ၍ တစ်နိုင်ငံလုံးအုပ်ချုပ်မှုကို ပိုမိုအဆင်ပြေအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ရန်လိုအပ်သဖြင့် ခရိုင်များကိုအခြေခံ၍ စိုက်ပျိုးမွေးမြူရေးသိပ္ပံနှင့် ကျောင်းများဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များကို အပြည့်အဝရရှိမည်ဖြစ်ပြီး အဆိုပါကျောင်းများမှ ထူးချွန်သည့်သူများကို အဆင့်မြင့်ပညာများသင်ကြားနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရှင်များ ပေါ်များလာမည်ဆိုပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ဧကများတိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်းတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရှိပြီးသား မြေအရင်းအမြစ်များပေါ်တွင် သီးထပ်၊ သီးညှပ်များ စိုက်ပျိုးနိုင်မည်ဆိုပါက ယခုထက်အထွက်နှုန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးမြေများပေါ်တွင် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများကို သီးထပ်အဖြစ် စိုက်ပျိုးကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး ပုဂ္ဂလိကလုပ်ငန်းများမှ အပြည့်အဝဆောင်ရွက်နိုင်မှုမရှိသေးသဖြင့် နိုင်ငံတော်အစိုးရမှ မျိုးကောင်းမျိုးသန့်များရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် ပုဂ္ဂလိကလုပ်ငန်းများမှ အပြည့်အဝ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရေဝတီတိုင်းဒေသကြီးသည် ပညာရေးအရ မြင့်မားသည့်ဒေသ၊ ရေခံမြေခံများအရလည်း ကောင်းမွန်သည့်ဒေသဖြစ်သဖြင့် ယခုထက်ကုန်ထုတ်လုပ်မှုများပိုမို

**လုပ်ငန်းများဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် ကြီးပွားရေး လုပ်ငန်းများအတွက် အချို့ကို မိရိုးဖလာ လုပ်ဆောင်မှုများမှ ဖောက်ထွက်၍ ဆောင်ရွက်ရန် စဉ်းစားရမည်ဖြစ်၊ အစွဲအလမ်း များမထားဘဲ ကောင်းမွန်မည်ဟုထင်ပါက ပြောင်းလဲဆောင်ရွက်သင့်၊ ဧရာဝတီတိုင်း ဒေသကြီးသည် ကောင်းမွန်သည့်အင်္ဂါရပ်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မည် ဆိုပါက ယခုထက် ပိုမိုတိုးတက် ကောင်းမွန်လာမည်ဖြစ်။**

တိုးတက်အောင် ဆောင်ရွက်၍ နိုင်ငံတော်အတွက် ဂုဏ်ယူရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း။

မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ လူတိုင်း အသား၊ နို့၊ ဥများကို စားသုံးလျက်ရှိကြောင်း၊ အသားစား များမွေးမြူခြင်းကို ပိုမိုအားပေးဆောင်ရွက်ရန်လိုပြီး ငါး မွေးမြူရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက် ရန်လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ကမ်းနီးကမ်းဝေးငါးဖမ်း လုပ်ငန်းများတွင် ငါးရရှိမှုများ တစ်နှစ်ထက်တစ်နှစ် လျော့ကျလာသည်ကိုတွေ့ရှိရပြီး သဘာဝငါးသယံဇာတ လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း၊ မြစ်ချောင်း များမှ အလွယ်တကူရရှိသည့် ငါးများကိုလည်း ဖမ်းယူ စားသုံးမှုများရှိကြောင်း၊ ငါးသယံဇာတများ ပေါ်များစေ ရေးအတွက် နိုင်ငံတော်မှငါးသားပေါက်များကို မြစ်ချောင်း များအတွင်း စိုက်ထည့်ပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ကမ္ဘာတစ်ဝှမ်းတွင် ငါးမွေးမြူရေးလုပ်ငန်း များနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်း များကိုလည်း ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချ လျက်ရှိသဖြင့် ဧရာဝတီတိုင်း ဒေသကြီးအတွင်း ငါး၊ပုစွန် မွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက် ကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များမှ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ် လုပ်နိုင်ရန်အတွက် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက် ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် စက်မှုဇုန်များတိုးတက် ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဧရာဝတီ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ရေကြောင်းလမ်းမှတစ်ဆင့် ပြည်တွင်း ပြည်ပသို့တင်ပို့ရောင်းချနိုင်ကြောင်း၊ ဒေသတွင်းစက်မှု လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် အလုပ် အကိုင်အခွင့်အလမ်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မှုများ နည်းပါးလာမည်ဖြစ်ပြီး မိမိတို့ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်နိုင်ခြင်းသည် အကောင်း ဆုံးပင်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ထုတ်ကုန်ပစ္စည်းကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက် အကျိုးများစွာဖြစ် ထွန်းမည်ဖြစ်ကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေး၊ စီးပွားရေး နှင့် ကြီးပွားရေးလုပ်ငန်းများအတွက် အချို့ကို မိရိုးဖလာ လုပ်ဆောင်မှုများမှ ဖောက်ထွက်၍ ဆောင်ရွက်ရန် စဉ်းစား ရမည်ဖြစ်ကြောင်း၊ အစွဲအလမ်းများမထားဘဲ ကောင်းမွန် မည်ဟုထင်ပါက ပြောင်းလဲဆောင်ရွက်သင့်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် ကောင်းမွန်သည့် အင်္ဂါရပ် များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အခြေခံ ကောင်းများရှိပြီးဖြစ်သဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မည်ဆိုပါက ယခုထက် ပိုမိုတိုးတက်ကောင်းမွန် လာမည်ဖြစ်ကြောင်း။

အစိုးရတစ်ရပ်သည် ပြည်သူများ၏ ယုံကြည်မှုရှိရန်၊ ပြည်သူမှအားကိုးသည့် အစိုးရဖြစ်ရန်လိုကြောင်း၊ ပြော သည့်အတိုင်းဖြစ်အောင်လုပ်ရန်လိုကြောင်း၊ မိမိတို့သည် နိုင်ငံရေးလုပ်နေခြင်းမဟုတ်ဘဲ နိုင်ငံတိုးတက်ရေးအတွက် နိုင်ငံ၏အကျိုးကို စီမံခန့်ခွဲဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပညာအရည်အချင်း သတ်မှတ်ချက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်ပြည်သူ့ဆေးရုံကြီး (၉)ထပ် တိုးချဲ့ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၁၅)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းစိုးက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဘဏ္ဍာရေးနှစ် အလိုက်လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဆေးရုံအဆောက်အဦနှင့် အခန်းများ ထည့်သွင်းဆောင်ရွက်ရာတွင် အရေးပေါ် အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ တည်ဆောက်ရေးပိုင်းနှင့် ပတ်သက်ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီး၍ ဖွင့်လှစ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လာရောက်ကုသသည့် လူနာများအနေဖြင့် စိတ်လက်သက်သာစွာဖြင့် ဆေးဝါးကုသမှု ခံယူနိုင်စေရေး ရှုထောင့်မျိုးစုံမှ တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

များဖြင့် တာဝန်ပေးအပ်ခြင်းဖြစ်သော်လည်း နိုင်ငံရေးသမားတွင် ပညာအရည်အချင်းသတ်မှတ်ချက်မရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများတွင် အတွေ့အကြုံများများစွာရှိပြီး လက်တွေ့၊ စာတွေ့သင်ကြားပြီးကြသူများ ဖြစ်ကြောင်း၊ အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် နိုင်ငံတိုးတက်ရေးအတွက် သက်ဆိုင်ရာ တာဝန်ယူထားသည့်ကဏ္ဍများအလိုက် ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်မှုများရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တာဝန်ယူဆောင်ရွက်ချိန်တွင် တတ်နိုင်သမျှအောင်မြင်အောင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် နိုင်ငံရေးရည်မှန်းချက်၊ အမျိုးသားရေး ရည်မှန်းချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ကျရာတာဝန်များကို နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရေး နိုင်ငံ့အကြီးအကဲတစ်ယောက်ဟူသည်ထက် ဝန်ထမ်းအကြီးအကဲတစ်ယောက်အဖြစ်ဖြင့် ဂုဏ်ယူစွာ တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

■ ■ ■

# နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးအတွက် တပ်မတော် (ရေ) မှ ရေငုပ်သင်္ဘောစစ်ရေယာဉ်နှစ်စင်းအပါအဝင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield-2022) လေ့ကျင့်ဆောင်ရွက်မှုအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၅ - ၇ - ၂၀၂၂ )



တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့်ပိုင်နက်နယ်မြေကို လုံခြုံစွာကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကာကွယ်ရေးစွမ်းရည် ထက်မြက်မြင့်မားစေရန် တပ်မတော်(ကြည်း၊ ရေ၊ လေ)လေ့ကျင့်ခန်းများကို အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင်လည်း ဇူလိုင်လ ၁ ရက်မှစ၍ မြန်မာ့ရေပိုင်နက် ရခိုင်ကမ်းရိုးတန်းရေပြင်အတွင်း တပ်မတော်(ရေ)မှ တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ်(မင်းရဲသိခ်သူ) နှင့် တိုက်ခိုက်ရေးရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်)အပါအဝင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield–2022)အား လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လေ့ကျင့်ဆောင်ရွက်နေမှုများအား ဇူလိုင်လ ၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လေ့ကျင့်ခန်းဆောင်ရွက်နေသည့် စစ်ရေယာဉ်များအား ကြည့်ရှုစစ်ဆေးရန်ဘင်္ဂလားပင်လယ်အော်အတွင်းရှိ စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ ရဟတ်ယာဉ်ဖြင့် ဆင်းသက်ရောက်ရှိခဲ့ရာ (Sea Shield–2022)အား လေ့ကျင့်လျက်ရှိသည့် ရေတပ်ဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်း၊ လေ့ကျင့်ခန်းကြီးကြပ်ရေးမှူး(Officer Scheduling Exercise–OSE) ဗိုလ်မှူးချုပ်ကျော်စိုးမိုး၊ တာဝန်ရေတပ်မမှူး ဗိုလ်မှူးချုပ်

ကျော်လင်းဇော်နှင့် လေ့ကျင့်ခန်းတွင်ပါဝင်ကြသည့် အရာရှိကြီးများက ကြိုဆိုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield-2022)ကို လေ့ကျင့်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ရေပြင်သွားစစ်ရေယာဉ်များ၊ ရေငုပ်သင်္ဘောများနှင့် ရဟတ်ယာဉ်များအပါအဝင် ရေပေါ်ရေအောက်ပူးပေါင်း စစ်ဆင်ရေးလေ့ကျင့်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ ပိုင်နက်နယ်မြေအားလုံးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိနေရမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့်မှန်သမျှကို ကာကွယ်ရေးအမြင်ဖြင့် ကြိုတင်မျှော်တွေးပြီး သတင်းမပြတ်ဖော်ထုတ်ရန်နှင့်ရရှိလာသည့်သတင်းအချက်အလက်များကိုလည်း အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လေ့ကျင့်ခန်းများမှတဆင့် သင်ခန်းစာဖော်ထုတ်ပြီး နောင်အနာဂတ်ရေတပ်အတွက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည်များကို ဖော်ထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လေ့ကျင့်ခန်းတွင်ပါဝင်ဆောင်ရွက်မည့် စစ်ရေယာဉ်များမှ ရှေ့နောက်တန်းပုံပြုပုံစံ(Single Line Formation)ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုချီတက်မောင်းနှင် အလေးပြုကြသည်။

**လေ့ကျင့်ဆောင်ရွက်**

၎င်းနောက် VBSS လေ့ကျင့်ခန်းအနေဖြင့် စစ်ရေယာဉ်များလေ့ကျင့်ခန်းဧရိယာသို့ ခုတ်မောင်းနေစဉ် မြန်မာ့ရေပိုင်နက်အတွင်း ရောက်ရှိဖြတ်သန်းခုတ်မောင်းနေသည့် သံသယဖြစ်ဖွယ် ပြည်ပကုန်သွယ်ရေယာဉ်တစ်စီးအား ထောက်လှမ်းတွေ့ရှိသဖြင့် စစ်ရေယာဉ်(မုတ္တမ)မှ ROE အရ ရေယာဉ်ဆိုင်ရာအချက်အလက်များ မေးမြန်းခြင်းနှင့် ရပ်တန့်အစစ်ဆေးခံရန် ဆက်သွယ်ဆောင်ရွက်ခဲ့ရာ ရပ်တန့်မှုမရှိသဖြင့် တက်ရောက်၊ စီးနင်း၊ ရှာဖွေ၊ ဖမ်းဆီးမှု Procedure များအတိုင်း လေ့ကျင့်ဆောင်ရွက်ခဲ့သည်။ ထို့နောက်သံသယဖြစ်ဖွယ်ပြည်ပကုန်သွယ်ရေယာဉ်အား တပ်မတော်(ရေ) အထူးတပ်ဖွဲ့ဝင် အရာရှိ/စစ်သည်များမှ Anchor Launcher အသုံးပြု၍ ရေယာဉ်ပေါ်သို့ တက်ရောက်စီးနင်းရှာဖွေဖမ်းဆီးခြင်း (Visit, Board, Search And Seizure) VBSS လုပ်ငန်းစဉ်များအတိုင်း စာရွက် စာတမ်းများအားစစ်ဆေးခြင်း၊ ရေယာဉ်အမှုထမ်းများအား မေးမြန်းစစ်ဆေးခြင်း၊ လူနေခန်း၊ ကုန်တင်ခန်းနှင့် စက်ခန်းစစ်ဆေးခြင်းများ အဆင့်ဆင့်ဆောင်ရွက်ကြပြီး စစ်ဆေးချက်များအရ ယင်းရေယာဉ်သည် တရားမဝင် ကုန်ပစ္စည်းများ တင်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါကုန်သွယ်ရေယာဉ်အား တပ်မတော်(ရေ) အထူးတပ်ဖွဲ့ဝင်များမှ ဖမ်းဆီးထိန်းသိမ်းခြင်း လေ့ကျင့်ခန်းကို ဆောင်ရွက်ခဲ့ကြသည်။

**လေ့ကျင့်ခန်း CASEX A-2**

ဆက်လက်ပြီး လေ့ကျင့်ခန်းအစီအစဉ်အတိုင်း ဖရီးဂိတ်စစ်ရေယာဉ် (ဆင်ဖြူရှင်)နှင့် ဖရီးဂိတ်စစ်ရေယာဉ် (ကျန်စစ်သား)တို့မှ ရေငုပ်သင်္ဘောအား ပူးပေါင်းထောက်လှမ်းရှာဖွေခြင်း လေ့ကျင့်ခန်း CASEX A-2 အား ဆက်လက်

**တိုက်စွမ်းအားရှိသည့် ရေတပ်ဖွဲ့ဖြစ်ရန်အတွက် တပ်မတော် (ကြည်း) တွင် မြဲသုံးမြဲရှိသကဲ့သို့ တပ်မတော် (ရေ)တွင်လည်း စစ်ရေယာဉ်များအသင့်ဖြစ်ရမည်၊ လက်နက်နှင့် လက်နက်စနစ်များ အသင့်ဖြစ်ရမည်၊ ရေတပ်သားများ အသင့်ဖြစ်ရမည်ဟူသည့် အသင့်ဖြစ်မှု ၃ ရပ်နှင့်ပြည့်စုံရမည်ဖြစ်၊ ထို့ကြောင့် စစ်ဆင်ရေးနယ်ပယ် ၃ ရပ်လုံးတွင် စစ်ဆင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်များ ရှိနေရုံဖြင့်မရဘဲ ယင်းစစ်ရေယာဉ်များကို တိုက်ပွဲဝင်အသင့်ဖြစ်ရေးအတွက် အမြဲတမ်းပြင်ဆင်လေ့ကျင့်နေကြရန်လိုအပ်ပြီး အသင့်ဖြစ်မှု ၃ ရပ်ကို မမေ့မလျော့ ဆောင်ရွက်ကြရမည်ဖြစ်။**

ဆောင်ရွက်သည်။ ယင်းနောက် ရေပြင်ရန်ကာကွယ်ရေး စစ်ဆင်မှုဇုန်အတွင်း ရန်သူ့ရေပြင်ရန် ပစ်မှတ်များအား ပစ်ခတ်တိုက်ခိုက်ချေမှုန်းရန်အတွက် မိမိရေယာဉ်အုပ်အား Battle Line Formation သို့ ပြောင်းလဲခုတ်မောင်းခြင်းများဆောင်ရွက်ပြီး ရေတပ်အမြောက်ကြီးများ၊ စက်သေနတ်ကြီးများဖြင့် ရန်သူ့ရေပြင်ပစ်မှတ်များအား အပြီးတိုင်ပစ်ခတ်တိုက်ခိုက်ချေမှုန်းခြင်း လေ့ကျင့်ခန်းအား ဆက်လက်ဆောင်ရွက်ကြသည်။

ထိုသို့ ရေငုပ်သင်္ဘောရန် ကာကွယ်မှုစစ်ဆင်ရေးနှင့် ရေငုပ်သင်္ဘောစစ်ဆင်ရေးများ လေ့ကျင့်ဆောင်ရွက်ပြီး ရေပေါ်ရေအောက် ရန်သူ့ပစ်မှတ်များအား Torpedo များဖြင့်လည်းကောင်း၊ ရေတပ်အမြောက်ကြီးများဖြင့်လည်းကောင်း၊ စက်သေနတ်ကြီးများဖြင့်လည်းကောင်း လက်တွေ့လေ့ကျင့်ပစ်ခတ်မှုများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ် (မုတ္တမ)ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လေ့ကျင့်ခန်းတွင်ပါဝင်သည့် အရာရှိ၊ စစ်သည်များအား အမှာစကားပြောကြားရာ တိုက်ခိုက်ရေး ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲသိင်္ခသူ)၊ တိုက်ခိုက်ရေးရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်)နှင့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များသည် စစ်ရေယာဉ် (မုတ္တမ) ပေါ်၌ တက်ရောက်မိန့်ခွန်းနာခံခဲ့သည်။

**တစ်နှစ်ပြီးတစ်နှစ် တိုးတက်ကောင်းမွန်လာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ရေတပ်လေ့ကျင့်ခန်းများကို ၂၀၀၉ ခုနှစ်တွင် ရေပြင်၊ ဝေဟင် ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်းအဖြစ် စတင်လေ့ကျင့်ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် တိုးတက်ကောင်းမွန်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် စစ်ရေယာဉ်များပြည့်စုံလာသည်သာမက လေ့ကျင့်ခန်းလုပ်ဆောင်ရသည့် သဘောသဘာဝများလည်း ပိုမိုပြည့်စုံလာခဲ့သည်ကို တွေ့ရှိရကြောင်း၊ လေ့ကျင့်ခန်းများဆောင်ရွက်စေခြင်းသည် မိမိတို့ကြုံတွေ့လာရနိုင်သည့် စစ်မြေပြင်နှင့် အသားကျဖြစ်စေရေးနှင့် မိမိတို့၏ယာဉ်ယန္တရားများ၊ လက်နက်များ၏ စွမ်းပကားများကို လက်တွေ့ကျကျ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်စေရန်ဖြစ်ကြောင်း၊ လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ကြသူများ၏ စွမ်းရည်၊ စိတ်ဓာတ်များကောင်းမွန်မှသာလျှင် လေ့ကျင့်ခန်းတစ်ခုသည်လည်း အောင်မြင်မည်ဖြစ်ကြောင်း၊ ရေတပ်လေ့ကျင့်ခန်းများကို ယခင်က ရေပြင်၊ ဝေဟင်ပူးပေါင်းစစ်ဆင်ရေးအသွင်ဖြင့်သာ လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုအခါတွင် သုံးဘက်မြင် စစ်ဆင် နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ် (Three Dimensional Combat Ready Navy) ထိ ဖြစ်လာခဲ့ပြီဖြစ်ကြောင်း၊ ယခင်နှစ်က တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ်တစ်စီးသာ ပါဝင်နိုင်ခဲ့သော်လည်း ယခုလေ့ကျင့်ခန်းတွင် အမျိုးအစားမတူ ရေငုပ်သင်္ဘောနှစ်စီးအထိ ပါဝင်လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကြီးမားသည့် လေ့ကျင့်ရေးအတွေ့အကြုံများကိုရရှိစေနိုင်မည်ဖြစ်ကြောင်း။


မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းအရှည်သည် မိုင်ပေါင်း ၁၃၀၀ ခန့်ရှိပြီး ရေပြင်ပိုင်နက်အနေဖြင့် စတုရန်းမိုင်ပေါင်း ၁၄၄၀၀၀ ကျော်ကျယ်ဝန်းသဖြင့် ကျယ်ပြောလှသည့် ရေပြင်ပိုင်နက်နယ်နိမိတ်ကို စိုးမိုးနိုင်ရန်မှာ တပ်မတော်(ရေ)တစ်ခုတည်းဖြင့် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ကြောင်း၊ လက်ရှိအခြေအနေတွင် တပ်မတော်(ရေ)ကိုပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်ကို အပြည့်အဝကာကွယ်နိုင်ရေး သုံးဘက်မြင် စစ်ဆင်နိုင်စွမ်းရှိသည့်တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy)အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

တိုက်စွမ်းအားရှိသည့် ရေတပ်ဖွဲ့ဖြစ်ရန်အတွက် တပ်မတော်(ကြည်း)တွင် မြဲသုံးမြဲရှိသကဲ့သို့ တပ်မတော်(ရေ)တွင်လည်း စစ်ရေယာဉ်များအသင့်ဖြစ်ရမည်၊ လက်နက်နှင့် လက်နက်စနစ်များ အသင့်ဖြစ်ရမည်၊ ရေတပ်သားများ အသင့်ဖြစ်ရမည်ဟူသည့် အသင့်ဖြစ်မှု ၃ ရပ်နှင့်ပြည့်စုံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ဆင်ရေးနယ်ပယ် ၃ ရပ်လုံးတွင် စစ်ဆင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်များရှိနေရုံဖြင့်မရဘဲ ယင်းစစ်ရေယာဉ်များကို တိုက်ပွဲဝင်အသင့်ဖြစ်ရေးအတွက် အမြဲတမ်းပြင်ဆင်လေ့ကျင့်နေကြရန်လိုအပ်ပြီး အသင့်ဖြစ်မှု ၃ ရပ်ကို မမေ့မလျော့ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှော်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၇ - ၇ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ဇူလိုင်လ ၇ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော်ခန်းမဆောင်၌ တွေ့ဆုံ၍ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူးနှင့်အတူ တွဲဖက်အတွင်းရေးမှူး (၂) ကျာယာကုပ်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ကျာဖူးတို့တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်သူလူထုဆန္ဒ

နှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်များပေါ်ထွက်လာရန် အဓိကလိုအပ်သည့်အတွက် တစ်နိုင်ငံလုံးတိုင်းရင်းသားဒေသများပါမကျန်ပညာရည်မြှင့်တင်ရေးကိုလက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) မှ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်၍ ယခုကဲ့သို့ ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးမှုအတွက် အထူးကျေးဇူးတင်ရှိသည့် အခြေအနေများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) မှ အထွေထွေအတွင်းရေးမှူးက ဒေသထွက်လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) မှ အထွေထွေအတွင်းရေးမှူး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

■ ■ ■

# တပ်မတော်က နိုင်ငံတော်သို့ ၂၇၈၉ ဒသမ ၂၅ ကာရက်ရှိပတ္တမြားကြီး လှူဒါန်းခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

## ( ၇ - ၇ - ၂၀၂၂ )



တပ်မတော်က နိုင်ငံတော်သို့ ၂၇၈၉ ဒသမ ၂၅ ကာရက်ရှိပတ္တမြားကြီးလှူဒါန်းခြင်းအခမ်းအနားကို ဇူလိုင်လ ၇ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးဧည့်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီ၊ နိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိမ်းနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မကြာမီက နိုင်ငံတော်နှင့် တပ်မတော်ကို ချစ်မြတ်နိုးသည့်လူငယ်တစ်ဦးက ၎င်း၏ မိဘဘိုးဘွားများလက်ထက်က ထိန်းသိမ်းထားရှိသည့် ပတ္တမြားကြီးကို တပ်မတော်သို့လှူဒါန်းရန်အတွက် ကမ်းလှမ်းလာခဲ့ပါကြောင်း၊ အဆိုပါပတ္တမြားကို တာဝန်ရှိသူများဖြင့် စိစစ်ကြည့်သည့်အခါတွင် အဖိုးထိုက်တန်သည့် ပတ္တမြားဖြစ်သည်ကိုစစ်ဆေးတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ အလားတူပင် ၁၉၉၀ ပြည့်နှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် နိုင်ငံတော်သို့ ၄၉၆ ကာရက်ရှိပတ္တမြားလှူဒါန်းမှု

အားလက်ခံရရှိခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ၁၉၀၇ ကာရက်ရှိပတ္တမြားကို နိုင်ငံတော်သို့ လှူဒါန်းမှုလက်ခံရရှိခဲ့ကြောင်း၊ ယခုလှူဒါန်းသည့် ပတ္တမြားကြီးသည် ၂၇၈၉ ဒသမ ၂၅ ကာရက်ရှိပြီး အရွယ်အစားအားဖြင့် ကြီးမားပါကြောင်း၊ ယခု ပတ္တမြားကြီးကို နိုင်ငံတော်ပတ္တမြား(နစကပတ္တမြား) အဖြစ် ဂုဏ်ပြုသတ်မှတ်ခေါ်ဝေါ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ပတ္တမြားကြီးသည် ပွတ်ချောအမျိုးအစားဖြစ်ပြီး အပြစ်အနာအဆာကင်းစင်ကာ မြန်မာနိုင်ငံ၊ မိုးကုတ်ရတနာမြေမှထွက်ရှိသည့်ရှားပါးသောပတ္တမြားဖြစ်ကြောင်း၊ ထို့ကြောင့် လှူဒါန်းသည့် လူငယ်ကိုလည်း ထိုက်တန်သည့် ချီးမြှင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပတ္တမြားကြီးဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပတ္တမြားကြီးအား ကြည့်ရှုကြသည်။

ယခု တပ်မတော်မှတစ်ဆင့် နိုင်ငံတော်သို့ လှူဒါန်းသည့် ၂၇၈၉ ဒသမ ၂၅ ကာရက်ရှိ ပတ္တမြားကြီးသည် မာခြင်းအဆင့် ၉ ရှိပြီး သိပ်သည်းဆ ၃ ဒသမ ၉၉ ရှိကြောင်း၊ အရောင်မှာ ခရမ်းရောင်အနည်းငယ်သန်းသည့် အနီရောင်(Red With Purplish tint)ဖြစ်ပြီး မိုးကုတ်ရတနာနယ်မြေမှ ထွက်ရှိသည့် အရွယ်အစားကြီးမား၍ ရှားပါးခြင်းကြောင့် ထူးခြားသည့် ပတ္တမြားကြီးဖြစ်သည်။

■ ■ ■

# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး တွေ့ဆုံဆွေးနွေးပြောကြားမှုများ

( ၁၂ - ၇ - ၂၀၂၂ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာလုဂါပြည်နယ်၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှု မြို့တော်အတွင်းရှိ ရွှေစည်းခုံစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဇူလိုင် ၁၀ ရက်နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) မှ အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာခဲ့ပြီး ယင်းနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ Sheremetyevo (ရှဲလ်ယယ် မြဲကျဲဗာ) အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိခဲ့ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin (အလက်ဇန်းဒါး ဗာစီးလီယယ်ဗစ် ဖိုမင်)၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်တွေ့ဆုံ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့ညနေပိုင်းတွင် ခေတ္တတည်းခိုသည့် မော်စကိုမြို့၊ Metropol ဟိုတယ်ဧည့်ခန်းမဆောင်၌ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Dmitriev Mikhail Arkadievich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတွင် စစ်ဘက်-အရပ်ဘက် သင်တန်းသားများ စေလွှတ်ဆောင်ရွက်နိုင်မည့် အခြေ

**နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေသည့် တပ်မတော်ကို တည်ဆောက်ရာတွင် စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန်လို၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သား တစ်ဦးချင်းအနေဖြင့် စစ်သားပီသရန်နှင့် စစ်သည်ကောင်းတစ်ဦးဖြစ်အောင် နေထိုင်ရမည်ဖြစ်၊ ခေါင်းဆောင်များအနေဖြင့်လည်း စစ်သားပီသသည့် ခေါင်းဆောင်အဖြစ် တပ်မတော်ကို ဦးဆောင်ရမည်ဖြစ်၊ ခေါင်းဆောင်ဆိုရာတွင် ဒုတိယတပ်ကြပ်မှ စတင်၍ အဆင့်ဆင့်သော၊ အမျိုးမျိုးသော ခေါင်းဆောင်များရှိပြီး စစ်သားပီသသည့် ခေါင်းဆောင်များဖြစ်မှသာ စွမ်းရည်နှင့် စွမ်းအားရှိသည့် တပ်မတော်ဖြစ်လာမည်ဖြစ်။**

အနေ၊ နှစ်နိုင်ငံကိုးကွယ်ရာဘာသာနှစ်ခု ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ပြီး ကမ္ဘာလှည့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေနိုင်မည့် အခြေအနေ၊ အရပ်ဘက်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့်တွေ့ဆုံ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၁ ရက်တွင် ရုရှား-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Polyakov (အီဗန်ပါလျာကော့) ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ခေတ္တတည်းခိုနေထိုင်သည့် Metropol ဟိုတယ် ဧည့်ခန်းမ၌တွေ့ဆုံ၍ စိုက်ပျိုးရေးကိုအခြေခံသည့် ထုတ်ကုန်များတင်ပို့နိုင်ရေးနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် နည်းပညာလိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နှစ်နိုင်ငံ ပို့ကုန်၊ သွင်းကုန်ကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်းကောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations သို့ သွားရောက်၍ Rosatom State Corporations ၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev (အလက်စီ လီခါချော့ဗ်) ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ နျူကလီးယားစွမ်းအင်နည်းပညာပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် နှစ်နိုင်ငံပြည်သူလူထုအကျိုးရှိစေနိုင်မည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ သိပ္ပံနှင့်သုတေသနစမ်းသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍများတွင် အသုံးပြုဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း။

ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း State Space Corporation "Roscosmos" သို့ သွားရောက်၍ ရုရှားနိုင်ငံသမ္မတ၏ နိုင်ငံတကာအာကာသဆိုင်ရာ အထူးသံတမန်နှင့် "Roscosmos" ၏ အထွေထွေညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Dr.Dmitry Rogozin (ဒီမီတရီ ရာဂိုဇင်) ဦးဆောင်သည့် အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း တစ်ဖွဲ့ချင်းစီအလိုက်သီးခြားစီတွေ့ဆုံ၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ၊ Rosatom State Corporations ၏ အထွေထွေညွှန်ကြားရေးမှူးချုပ်၊ ရုရှားနိုင်ငံသမ္မတ၏ နိုင်ငံတကာ အာကာသဆိုင်ရာ အထူးသံတမန်နှင့်"Roscosmos"၏အထွေထွေညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom State Corporations တို့သည် နားလည်မှုစာချွန်လွှာတစ်ရပ်ကို အတည်ပြု လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

**နေ့လယ်စာတည်ခင်း**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် ဇနီးတို့မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို သံရုံး၊ စစ်သံရုံးမိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြသည်။ ထို့နောက် သံရုံး၊ စစ်သံရုံးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတစ်ခုနှင့်တစ်ခု ဆက်ဆံဆောင်ရွက်ရာတွင် သံတမန်ဆက်ဆံရေးသည် အရေးကြီးပြီး စစ်ဘက်၊ နယ်ဘက်ဆက်ဆံရေးကောင်းမွန်စေရန် အကောင်အထည်ဖော် ပေးကြရသူများဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မိမိတို့နိုင်ငံသည် သမိုင်းအစဉ်အဆက် စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် အခြားနယ်ပယ်ပေါင်းစုံတွင် ကောင်းမွန်သည့်ဆက်ဆံရေးများ ရှိခဲ့ကြောင်း၊ သံရုံး၊ စစ်သံရုံးများတွင် တာဝန်ထမ်းဆောင်နေကြရသူများသည် ရေခြား၊ မြေခြားတွင် နိုင်ငံတော်၏ တာဝန်များကို လာရောက်ထမ်းဆောင်နေကြရသူများဖြစ်သဖြင့် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်ကြသည့် မြန်မာနိုင်ငံသားများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးကြရမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့်သွားရောက်မည့် ရုရှားနိုင်ငံသားများကိုလည်း အဆင်ပြေချောမွေ့စေရေး ချိတ်ဆက်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး တစ်ဦးနှင့်တစ်ဦး ဖေးမကူညီကာ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကာ နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သံရုံး၊ စစ်သံရုံးတို့မှ အရာထမ်း၊ အမှုထမ်းများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ သံအမတ်ကြီး ဦးလွင်ဦးနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**လေ့လာကြည့်ရှု**

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ အမျိုးသား၊ အမျိုးသမီးအရာရှိများသည်လည်း မော်စကိုမြို့ရှိ ရင်ပြင်နီ၊ Zaryadye ပန်းခြံ၊ Paryashchiy တံတားနှင့် VDNKh ပန်းခြံတို့သို့ သွားရောက်လေ့လာကြည့်ရှုကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ညပိုင်းတွင် မော်စကိုမြစ်အတွင်းရှိ သင်္ဘောပေါ်၌ Rosoboronexport ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Mr. Alexander Mikheev (အလက်ဇန်းဒါး မိခေးယက်ဗ်) ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ခရီးစဉ်တွင် လိုက်ပါလာခဲ့သည့် အဖွဲ့ဝင်များနှင့်အတူ မော်စကိုမြစ်အတွင်း သင်္ဘောဖြင့် လှည့်လည်ကြည့်ရှု၍ မော်စကိုမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လေ့လာကြည့်ရှုခဲ့ကြသည်။

■ ■ ■

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ အကြီးအကဲများနှင့် အလုပ်သဘောတွေ့ဆုံဆွေးနွေးပြောကြားမှုများ

( ၁၂ - ၇ - ၂၀၂၂ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ အကြီးအကဲများနှင့် ဇူလိုင်လ ၁၁ ရက်နေ့မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဧည့်ခန်းမဆောင်၌ အလုပ်သဘောတွေ့ဆုံ ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော်တို့ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ရုရှားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကာကွယ်ရေးစွမ်းရည် တိုးမြှင့်ရေးဆိုင်ရာ ပြိုင်ပွဲများနှင့် လေ့ကျင့်ရေးဆောင်ရွက်မှုများတွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေနှင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများသည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

■ ■ ■

# မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှု မြို့တော်ရှိ ရွှေစည်းခုံပုံတူ စေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားလျှောက်ထားချက်များ

( ၁၂ - ၇ - ၂၀၂၂ )





ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို သာသနာတော်နှစ် ၂၅၆၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့ဖြစ်သည့် ဇူလိုင်လ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိအဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဘုရားကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒနသဿရ၊ တိပိဋကဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒ (ဓမ္မဒူတဆရာတော်) တို့အမှူးပြုသည့်ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Orthodox ဘုန်းတော်ကြီး၊ လားမားဘုန်းတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ Konstantin Losifovich Kosachev၊ ရုရှားကာကွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin (အလက်ဇန်းဒါး ဗာစီးလီယယ်ဗစ် ဖိုမင်)၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့အစည်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ သိပ္ပံနှင့်နည်းပညာ

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသိန်းကျော်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာ့တပ်မတော်မှ ထူးချွန်ဆုရအရာရှိများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ၊ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများ၊ ရုရှား-မြန်မာချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ဧည့်သည်တော်များ၊ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းမှ ဧည့်သည်တော်များ၊ မော်စကိုထေရဝါဒဗုဒ္ဓ အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ သံရုံးများမှ ဖိတ်ကြားထားသည့် ဧည့်သည့်တော်များ၊ ဗုဒ္ဓဘာသာဝင် ရုရှားနိုင်ငံသားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကိုသံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ပက်ဖျန်းကြဲဖြန့်ချည်နှောင်**

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကိုယူဆောင်၍ စေတီတော် ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင် တားဆီးကာရံကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် တက်ရောက်လာကြသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား သီတဂူဆရာတော်ဘုရားကြီးထံ ဆက်ကပ်လှူဒါန်းကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ သံအမတ်ကြီးများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ယင်းနောက် မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်တပ်ဆင်ပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

**ဝမ်းမြောက်သြဝါဒစကားမြွက်ကြား**

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ဗုဒ္ဓါဘိသိတ်သွန်းတော်မူကြပြီး သီတဂူဆရာတော်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာပြီးမြောက်ခြင်းအဖြစ် ဝမ်းမြောက်သြဝါဒစကားမြွက်ကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဝမ်းမြောက်ကြောင်းလျှောက်ထားရာတွင် မော်စကိုမြို့အနီး ကာလုဂါပြည်နယ်တွင် တည်ထားလျက်ရှိသည့် ပထမဆုံးသော ထေရဝါဒဗုဒ္ဓဘာသာစေတီဖြစ်သည့် ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက် ကုသိုလ်ပြုခွင့်ရရှိခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ စေတီတော်ကြီးကို ဗုဒ္ဓဘာသာ သာသနာတော်ကြီး ကမ္ဘာတည်သရွေ့ ထွန်းလင်းတည်တံ့နေစေရန်၊ ရုရှား-မြန်မာ

ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ပိုမိုတိုးတက်လာစေရန်၊ အရှေ့တိုင်း ဗုဒ္ဓယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုတို့ကိုပြသရန်ရည်ရွယ်၍ ရွှေစည်းခုံပုံတူ စေတီတော်မြတ်ကြီးကို တည်ထားခဲ့ခြင်းဖြစ်ကြောင်း။

ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုစာရင်းဝင် ပုဂံမြို့တွင် တည်ရှိသည့် မူလရွှေစည်းခုံစေတီတော်မြတ်ကြီးကို ပထမမြန်မာနိုင်ငံတော် စတင်တည်ထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီးက ရှင်အရဟံမထေရ်မြတ်၏ ဩဝါဒခံယူ၍ လွန်ခဲ့သည့် ၉၆၃ ခုနှစ်ခန့်က စတင်တည် ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အနော်ရထာမင်း နတ်ရွာစံ တော်မူပြီးနောက် သားတော်ကျန်စစ်သားမင်းက ဆက်လက် တည်ဆောက်ခဲ့ပြီး လွန်ခဲ့သည့် ၉၃၂ ခုနှစ်ခန့်တွင် ပြီးမြောက် ခဲ့ကြောင်း၊ စေတီတော်ကြီး တည်ဆောက်ခဲ့သည့်နှစ်မှ ပြီးစီးခဲ့သည့်နှစ်အထိ နှစ်ပေါင်း ၃၁ နှစ်ကြာတည်ဆောက် ခဲ့ပြီး ပုဂံရှိ နှစ်ထပ်စေတီတော် ၄၅ ဆူအနက် တစ်ဆူ အပါအဝင်ဖြစ်ကြောင်း၊ ထိုသို့သော သမိုင်းအစဉ်အလာ နှင့် ယဉ်ကျေးမှုအစဉ်အလာ ထူးကဲပြည့်စုံသည့် ရွှေစည်းခုံ စေတီတော်မြတ်ကြီးကို ရုရှားနိုင်ငံတွင် လာရောက်တည် ထားခြင်းသည် ရုရှား-မြန်မာ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်း ဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ကြောင်း။

**ထေရဝါဒဗုဒ္ဓစင်တာ**

ထို့အပြင် ရုရှားနိုင်ငံနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်

**ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပြီးစီးသည့် ရွှေစည်းခုံပုံတူ စေတီတော်မြတ်ကြီးသည် ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် စေတီတော်မြတ်ကြီး နှစ်ပေါင်းရှည်ကြာ အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလို။**

ရွက်မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာထေရဝါဒဗုဒ္ဓစင်တာ ကျောင်းတော်ကြီးကို တည်ထောင်နိုင်ခဲ့ကြောင်း၊ ရုရှား နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ တရားအားထုတ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်တွင် မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏လှူဒါန်းမှုဖြင့် သဒ္ဓမ္မဇောတိက သိမ်တော် ကြီးနှင့် ရွှေတိဂုံစေတီ ပုံတူအထွတ်တင်စေတီကို မြန်မာ နိုင်ငံမှ သံဃာတော်အရှင်သူမြတ်များပင့်ဆောင်၍ ပန္နက် ချမင်္ဂလာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇွန်လတွင် မိမိနှင့်အတူ အစိုးရအဖွဲ့ကိုယ်စားလှယ်များက ရွှေတိဂုံ စေတီပုံတူ အထွတ်တင်စေတီကို ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ခဲ့ပြီး သဒ္ဓမ္မဇောတိက သိမ်တော်ကြီးကို ရေစက်ချလှူဒါန်းနိုင်ခဲ့ပါကြောင်း။

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပထမဆုံးမြန်မာ့ ယဉ်ကျေးမှုလက်ရာအပြည့်ဖြင့် ရွှေစည်းခုံပုံတူစေတီတော် ကြီး ယခုကဲ့သို့ တည်ထားနိုင်ရန်အတွက် မြန်မာနိုင်ငံမှ စေတနာရှင် အလှူရှင်များ၊ မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ မတည်လှူဒါန်းမှုနှင့် သီတဂူ ဆရာတော်ကြီး ကိုယ်တော်တိုင် ၁၀ ကြိမ်တိုင်တိုင် ကြွရောက် ကြီးပမ်းတော်မူခဲ့ပြီး သီတဂူဗုဒ္ဓဝိဟာရ(မော်စကို) တွင် သာသနာပြုလုပ်ငန်းများကိုဆောင်ရွက်နေသည့်ဆရာတော် များ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများ ဦးဆောင်စီမံ ကြီးကြပ်မှုနှင့် မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများ၊ ရုရှားနိုင်ငံမှ ဒါယိကာ၊ ဒါယိကာမ များ စုပေါင်း၍ ဆောင်ရွက်မှုများဖြင့် ကြိုးပမ်းဆောင်ရွက် ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဘာသာ၊ သာသနာဟူသည်မှာ လူတို့၏ စိတ်နှလုံးအေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုကို အထောက်အပံ့ပြုစေပါကြောင်း၊ သို့ဖြစ်၍ ယခုစေတီတော် မြတ်ကြီးသည်လည်း ရုရှားနိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးအေးချမ်းမှု၊ ရုရှား-မြန်မာချစ်ကြည်ရင်းနှီးမှု၊ ခိုင်မြဲသည့် အေးချမ်းသာယာမှုကို ခိုင်မာစွာ ဆောင်ကြဉ်း ပေးမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်း၊ ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီး တည်ထားနိုင်ရေး အတွက် ကြိုးပမ်းတော်မူခဲ့သည့် သီတဂူဆရာတော်ကြီး နှင့် သီတဂူဗုဒ္ဓဝိဟာရ (မော်စကို)မှ ဆရာတော်ကြီးများ အား ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**ကျေးဇူးတင်ရှိ**

ထို့အပြင် အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်

ပေးသည့်ဗုဒ္ဓဘာသာနှင့်ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များ၊ ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ အကြီးအကဲနှင့် တာဝန်ရှိသူများ၊ သံအမတ်ကြီးများနှင့် သံရုံးမိသားစုဝင်များ၊ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှု မြို့တော်မှ တာဝန်ရှိသူများ၊ စေတီတော်ကြီးဖြစ်မြောက်ရေးအတွက် လှူဒါန်းခဲ့ကြသည့် ရပ်နီး၊ ရပ်ဝေးမှ စေတနာရှင် အလှူရှင်များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပြီးစီးသည့် ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီးသည် ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စေတီတော်မြတ်ကြီး နှစ်ပေါင်းရှည်ကြာ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန်မေတ္တာရပ်ခံလိုပါကြောင်းဖြင့် ပြောကြားထားတင်ပြသည်။

ယင်းနောက် လားမားဘုန်းတော်ကြီးနှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့က ဝမ်းမြောက်စကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် လားမားဘုန်းတော်ကြီးက သီတဂူဆရာတော်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့အား ဓမ္မလက်ဆောင်များပေးအပ်ခဲ့ပြီး သီတဂူဆရာတော်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့က တက်ရောက်လာကြသူများကို ဓမ္မလက်ဆောင်များပြန်လည်ပေးအပ်သည်။

ထို့နောက် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူ စေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအောင်ပွဲအထိမ်းအမှတ်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ရုရှား ရှုခင်းပန်းချီပညာရှင် Mr. Alexander Alexandrovich Shilov က ၎င်းကိုယ်တိုင်ရေးဆွဲထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ပုံတူပန်းချီကားချပ်ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် သီတဂူဆရာတော်ဘုရားကြီး အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသည့် မြန်မာ့တပ်မတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့တို့မှ အရာရှိကြီးများက အောင်ခေါင်းလောင်းတော်အား သုံးချက်ထိုးခတ်ပူဇော်၍ မေတ္တာပြုပြီးစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ကပ်လှူပူဇော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ သစ်သီး (၉) မျိုးနှင့် မြသပိတ်ဆွမ်းတော်တို့ကို ကပ်လှူပူဇော်သည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ရုရှားအထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က စေတီတော်ကြီး ဌေ့သည်တော်မှတ်တမ်းစာအုပ်တွင် အသီးသီးလက်မှတ်ရေးထိုးပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားတက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိမြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများအား ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ယခု ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့လာရောက်စဉ် အခွင့်ကြုံသဖြင့် သင်တန်း

သားများကိုတွေ့ဆုံခြင်းဖြစ်ပြီး ယခုကဲ့သို့ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနားကို သင်တန်းသားအရာရှိများ ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့ကြရသဖြင့် ကုသိုလ်များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားစေရန်နှင့် ရုရှား-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်စေရန် စေတီတော်ကြီးကို တည်ဆောက်ပူဇော်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း ကိုးကွယ်ရာဘာသာတရားနှင့်ပတ်သက်၍ ယုံယုံကြည်ကြည်ဖြင့် လေးလေးနက်နက်ဆောင်ရွက်ကြစေလိုပြီး ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမနှင့်အညီ မေတ္တာတရားလက်ကိုင်ထား၍ မှန်မှန်ကန်ကန်ပြောဆိုနေထိုင် ဆက်ဆံ ကြစေလိုကြောင်း။

ရေခြား၊ မြေခြားတွင် ကာလရှည်သင်တန်းတက်ရောက်နေကြသည့် အရာရှိများဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကိုလည်း မှန်မှန်ကန်ကန်သိရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာခြင်းဖြစ်ပြီး တပ်မတော်သည် တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းရေးကို ခိုင်ခိုင်မာမာဖြစ်စေရန် တပ်မတော်က ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

၁၉၈၈ ခုနှစ်၌ ပြည်သူလူထုအနေဖြင့် တစ်ပါတီအုပ်ချုပ်မှုကို မကြိုက်မနှစ်သက်ခြင်း၊ စီးပွားရေးကျဆင်းခြင်းတို့ကြောင့် တိုင်းပြည်၌ မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းအခြေအနေအပေါ် နိုင်ငံရေးအဖွဲ့အစည်းများ ပြည်ပနိုင်ငံများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးတော့မည့်အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ဝင်ရောက်ထိန်းသိမ်းခဲ့ရကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် အစဉ်အဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီ ပထမအကြိမ်ရွေးကောက်ပွဲတွင် ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရတစ်ရပ် တက်လာခဲ့ကာ တပ်မတော်နှင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနောက်ပိုင်းတွင် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် တက်လာခဲ့ပြီး နိုင်ငံရေးအရအသုံးချ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး နယ်ပယ်တို့တွင် ဥပဒေကိုလက်တစ်လုံးခြားအသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ထို့နောက် ရွေးကောက်ပွဲမတိုင်မီလှုပ်ရှားမှုများနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တို့တွင်လည်း မသမာသောနည်းလမ်းများဖြင့် အနိုင်ရရှိနိုင်ရေး လုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့နောက် မဲသမာမှုများကို ရှင်းလင်းဆောင်ရွက်ပေးရန် တပ်မတော်က တာဝန်ရှိသူအစိုးရအဖွဲ့သို့ ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းလာခဲ့သောကြောင့် တပ်မတော်မှနိုင်ငံတော်၏တာဝန်များကို ဝင်ရောက်ထိန်းသိမ်း

**နိုင်ငံတိုင်းသည် မိမိတို့၏**
**အကျိုးစီးပွားအတွက် စီးပွားရေး၊ ပညာရေး၊**
**လူမှုရေးကဏ္ဍပေါင်းစုံတွင် ကြိုးပမ်းအားထုတ်**
**နေရမည်ဖြစ်ပြီး Moving Forward ဟူသည့်**
**အတိုင်း အမြဲလျှောက်လှမ်းနေရမည်ဖြစ်၊**
**ရပ်နေပါက မိမိတို့တိုင်းပြည် နောက်ကျ**
**ကျန်နေခဲ့မည်ဖြစ်၊ တိုင်းပြည်တည်ဆောက်**
**ရာတွင် လူသားအရင်းအမြစ်ကောင်းများ**
**ပေါ်ထွက်ရေးသည် အဓိကအရေးကြီးဆုံး**
**ဖြစ်သဖြင့် ပညာတတ်လူသားအရင်းအမြစ်များ**
**ပေါ်ကြွယ်ဝရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊**
**ပညာတော်သင် သင်တန်းသားများအနေဖြင့်**
**လည်း သင်ကြားပေးသည့်အတတ်ပညာများကို**
**အလေးအနက်ထားသင်ယူသွားကြရန်**
**လိုအပ်ပြီး အမြဲမပြတ်လေ့လာအားထုတ်**
**နေကြရမည်ဖြစ်၊**

ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းခိုင်မာရေးအတွက်သာဖြစ်ပြီးထိုလမ်းကြောင်းပေါ်မှ သွေဖယ်စေမည်မဟုတ်ကြောင်း၊ **တပ်မတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ သင်တန်းသားအရာရှိများအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကို မှန်မှန်ကန်ကန်သိရှိနိုင်ရန်အတွက် ယခုကဲ့သို့ သမိုင်းဖြစ်စဉ်ဖြစ်ရပ်များနှင့်တကွ အကျယ်တဝင့်ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း။

**အမြဲလျှောက်လှမ်းနေရမည်**

နိုင်ငံတိုင်းသည် မိမိတို့၏အကျိုးစီးပွားအတွက် စီးပွားရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတွင် ကြိုးပမ်းအားထုတ်နေရမည်ဖြစ်ပြီး Moving Forward ဟူသည့်အတိုင်း အမြဲလျှောက်လှမ်းနေရမည်ဖြစ်ကြောင်း၊ ရပ်နေပါက မိမိတို့တိုင်းပြည် နောက်ကျကျန်နေခဲ့မည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ကောင်းများပေါ်ထွက်ရေးသည် အဓိကအရေးကြီးဆုံးဖြစ်သဖြင့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ပညာတော်သင်သင်တန်းသားများအနေဖြင့်သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထားသင်ယူသွားကြရန်လိုအပ်ပြီး အမြဲမပြတ်လေ့လာအားထုတ်နေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်မှ ငွေကြေးအရင်းအနှီး၊ အချိန်အရင်းအနှီး များစွာကုန်ကျထားပြီး ပညာတော်သင်စေလွှတ်ပေးထားခြင်းဖြစ်သဖြင့် မိမိတို့၏ တစ်ဦးချင်းအတွက်၊ တပ်မတော်အတွက်၊ တိုင်းပြည်အတွက် အားကိုးအားထားရသည့် ပညာတတ်လူသားအရင်းအမြစ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာလှုပ်ရှားရမည်ဖြစ်ပြီး ဒေသန္တရထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာကြရန်လိုကြောင်း၊စည်းကမ်းစနစ်တကျနေထိုင်၍ ကျန်းမာရေး ကောင်းမွန်ရေးအတွက်ကိုလည်း တစ်ဦးချင်းအသိ၊ သတိဖြင့် ဂရုစိုက်နေထိုင်ကြရန်လိုကြောင်း၊ အချင်းချင်းစည်းလုံးညီညွတ်စွာ နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းသားအရာရှိများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ သင်တန်းသားကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် တာတာစတန်ပြည်နယ်သမ္မတ Mr. Rustam Nurgaliyevich Minnikhanov (ရုစတန် နူဂါလိယယ်ဗစ်ချ် မင်နီခါ့နော့ဗ်)၏ ဖိတ်ကြားမှုအရ အလုပ်သဘောချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ Sheremetyevo (ရှဲလ်ယယ် မြဲကျဲဗာ) အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတဆင့် တာတာစတန်ပြည်နယ်၊ ကာဇန်မြို့ ကာဇန်လေဆိပ်သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

■ ■ ■

# Republic of the Tatarstan ရှိ Kazan Federal University သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားမှုများ

( ၁၃ - ၇ - ၂၀၂၂ )




ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူးဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်လ ၁၃ ရက်နံနက်ပိုင်းတွင် Republic of the Tatarstan၊ ကာဇန်မြို့ရှိ Kazan Federal University သို့ သွားရောက်လေ့လာသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Kazan Federal University(Kazan State University)သို့ ရောက်ရှိကြရာ တက္ကသိုလ်မှဒုတိယပါမောက္ခချုပ် Mr.Timirkhan Alishev နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တက္ကသိုလ်အတွင်း လှည့်လည်၍ Meeting Hall များ၊ စာသင်ခန်းမများ၊ ဘွဲ့နှင်းသဘင်ခန်းမနှင့် တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပါမောက္ခများ၊ ထူးချွန်သူများ၏ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် ကျောင်းခန်းမတွင် ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်သမိုင်းအကျဉ်း၊ ဌာနအလိုက်ဖွဲ့စည်းထားရှိမှုများ၊ တက္ကသိုလ်မှသင်ကြားပေးနိုင်သည့် ဘာသာရပ်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် နေထိုင်စားသောက်မှု အဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးထားရှိမှုများ၊ နိုင်ငံခြားမှ ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများ လက်ခံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။ ယင်းနောက် Kazan Federal University အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ Kazan Federal University ကို Imperial Kazan တက္ကသိုလ်အဖြစ် ၁၈၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ထင်ရှားကျော်ကြားသည့် နက္ခတ္တဗေဒပညာရှင် Nikolai Ivanovich Lobachevsky က ၁၈၃၇ မှ ၁၈၄၆ ခုနှစ်အထိ ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ အော်ဂဲနစ်

ဓာတုဗေဒပညာရပ်နှင့် Electron Spin Resonance အား ရှာဖွေတွေ့ရှိရာနေရာအဖြစ် ထင်ရှားကျော်ကြားခဲ့ကြောင်း၊ Kazan တက္ကသိုလ်သည် ၂၀၁၁ ခုနှစ်တွင် Federal အဆင့်သို့ ချီးမြှင့်ခံခဲ့ရပြီး ရုရှားနိုင်ငံအစိုးရမှ ကျင်းပပြုလုပ်သည့် Project 5–100 ၌ ပါဝင်ခဲ့သည့် တက္ကသိုလ် ၁၈ ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ဇီဝဆေးပညာနှင့် ဆေးဝါးပညာရပ်၊ ရေနံသန့်စင်မှုနှင့် ထုတ်လုပ်မှုပညာရပ်၊ ဆက်သွယ်ရေးနှင့် အာကာသနည်းပညာဆိုင်ရာပညာရပ်နှင့် လူမှုရေးသိပ္ပံပညာရပ်တို့ကို အထူးပြုသင်ကြားလျက်ရှိကြောင်းသိရှိရပြီး ၂၀၂၀ ပြည့်နှစ်အရ နိုင်ငံခြားကျောင်းသားအရေအတွက် ၁၀၀၀၀ ကျော်ရှိခဲ့ကြောင်း သိရှိရသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ အမျိုးသား၊ အမျိုးသမီး အရာရှိများသည်လည်း ကာဇန်မြို့ရှိ အထင်ကရ နေရာများသို့ သွားရောက်လေ့လာကြည့်ရှုကြရာ သက်ဆိုင်ရာနေရာများအလိုက်မှ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

■ ■ ■

# Republic of the Tatarstan ရှိ PJSC “Tatneft” ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံဆွေးနွေးပြီး Kazan Hi-Technology Park သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားမှုများ

( ၁၃ - ၇ - ၂၀၂၂ )




ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်လ ၁၃ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် Republic of the Tatarstan၊ ကာဇန်မြို့ရှိ PJSC “Tatneft” ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး Kazan Hi–Technology Park သို့ သွားရောက်လေ့လာကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား PJSC “Tatneft”ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr. Nail Ultatovich MAGANOV (နာအီးလ် အူဖာသောဗစ်ချ် မာဂါနော့ဗ်)နှင့် တာဝန်ရှိသူတို့က ကုမ္ပဏီ၏သမိုင်းအကျဉ်းနှင့် ခေတ်အဆက်ဆက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့မှု၊ စက်ရုံနှင့်လုပ်ငန်းခွဲစက်ရုံများ ထုတ်လုပ်ဆောင်ရွက်နေမှုအခြေအနေများ၊ လောင်စာဆီအပြင် ရေနံမှထုတ်လုပ်သည့် အခြားလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်နေသည့်အခြေအနေများ၊ နိုင်ငံအဝန်းသို့ လောင်စာဆီများ တင်ပို့ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်နေမှု လုပ်ငန်းစဉ်များအား ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် Republic of the Tatarstan သမ္မတအထူးဧည့်ဂေဟာ ဧည့်ခန်းမဆောင်၌ Powerpoint Presentation များနှင့်တကွ လာရောက်ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးပြောကြား**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်

ကိုယ်စားလှယ်အဖွဲ့ဝင်များက မြန်မာနိုင်ငံ၏ လောင်စာဆီလိုအပ်ချက်နှင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ "Tatneft" ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည့်အခြေအနေ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများကို ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် "Tatneft" ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Kazan Hi–Technology Park(IT Park) သို့ ရောက်ရှိကြရာ Republic of the Tatarstan ဒီဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးရာစီမံခန့်ခွဲမှု ဒုတိယဝန်ကြီး Mr. Khidiyatallin lldar Rustamovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး Kazan Hi–Technology Park(IT Park) အတွင်း နည်းပညာရပ်ပိုင်းဆိုင်ရာများဖြင့် program များရေးဆွဲ၍ လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် IT Park မှ ဌာနအလိုက် တာဝန်ရှိသူများက Kazan Hi–Technology Park(IT Park)၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ဘာသာရပ်ဆိုင်ရာသင်ကြားလေ့ကျင့်ပေးနေမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှုအခြေအနေများ၊ လိုအပ်သည့်နည်းပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်သည့်အခြေအနေများ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် Smart House နည်းပညာအပါအဝင် လုံခြုံရေး၊ ထိန်းချုပ်ရေးတို့နှင့် အခြားနည်းပညာရပ်ပိုင်းဆိုင်ရာများ တပ်ဆင်မှုများကို ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို Powerpoint Presentation များဖြင့် ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

အဆိုပါ Kazan Hi–Technology Park(IT Park) သည် သတင်းအချက်အလက် နည်းပညာနယ်ပယ်ရှိ ကုမ္ပဏီများ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေသည့် ရုရှားနိုင်ငံ၏ ပထမဆုံးသော နည်းပညာဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် Naberezhnye Chelny မြို့၌ ဒုတိယဌာနချုပ်ကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး IT Park နှင့် လက်တွဲလုပ်ကိုင်နေသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိကာ နည်းပညာကုမ္ပဏီပေါင်း ၁၃၀ ခုရှိကြောင်း၊ IT Park သည် ရုရှားနိုင်ငံ၏ နည်းပညာဆိုင်ရာ အဆင့်သတ်မှတ်ချက်တွင် နံပါတ် ၁ နေရာကို ရရှိထားပြီး ယနေ့အချိန်အထိ ပညာရပ်ဆိုင်ရာ သင်ရိုးပေါင်း ၁၀၀ နှင့်အတူ နည်းပညာဆိုင်ရာ ပညာသင်တန်းသား ၈၂၇ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဒုတိယဌာနချုပ်တွင် အသက် ၁၁ နှစ်မှ ၁၇ နှစ်ကြား ကလေးငယ်စုစုပေါင်း ၄၂၀ ဦးကို Hardware Technology သင်ကြားပို့ချပေးလျက်ရှိသည်။

■ ■ ■

# Republic of the Tatarstan သို့ ရောက်ရှိပြီး Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့်တွေ့ဆုံဆွေးနွေးပြောကြားမှုများ

( ၁၃ - ၇ - ၂၀၂၂ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူးဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်လ ၁၃ ရက်နေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် Republic of the Tatarstan ကာဇန်မြို့ ကာဇန်လေဆိပ်သို့ ရောက်ရှိကြရာ Republic of the Tatarstan သမ္မတMr. Rustam Nurgaliyevich Minnikhanov နှင့် တာဝန်ရှိသူတို့က ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Republic of the Tatarstan သမ္မတအိမ်တော်သို့ ရောက်ရှိကြပြီး Republic of the Tatarstan သမ္မတMr. Rustam Nurgaliyevich Minnikhanov က ကရင်မလင်ရှိ သမ္မတရုံးတွင် ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် သမ္မတရုံးခန်း၌ သီးသန့်တွေ့ဆုံဆွေးနွေးပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

**တွေ့ဆုံဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of the Tatarstan သမ္မတတို့သည် သမ္မတရုံးရှိ ဧည့်ခန်းမဆောင်၌ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အပြန်အလှန်မိတ်ဆက်ပေးပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်

တွင်လိုက်ပါလာသည့် စစ်ဘက်နယ်ဘက်၊ အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး Republic of the Tatarstan သမ္မတနှင့်အတူ ဝန်ကြီးများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရေးဆိုင်ရာများ၊ Republic of the Tatarstan သမ္မတအနေဖြင့် မြန်မာနိုင်ငံသို့ ယခုနှစ် ဧပြီလတွင် ရောက်ရှိခဲ့ပြီး စီးပွားရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ နှစ်ဦးနှစ်ဖက် ဆက်ဆံမှုတိုးမြင့်ရေးအတွက် ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့တွင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများတည်ဆောက်ခြင်း၊ စက်ပစ္စည်းများ တပ်ဆင်ထိန်းသိမ်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် kazan မြို့ရှိ စီးပွားရေးဆိုင်ရာလုပ်ငန်းများအလိုက် တာဝန်ရှိသူများက လုပ်ငန်းတစ်ခုချင်းစီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of the Tatarstan သမ္မတတို့က လုပ်ငန်းတစ်ခုချင်းစီအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများအား အလေးအနက်ထား ဖြည့်စွက်ဆွေးနွေးပြောကြားကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား Republic of the Tatarstan သမ္မတက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**ညစာအတူတကွသုံးဆောင်**

ဦးစွာ Republic of the Tatarstan သမ္မတနှင့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် နှုတ်ခွန်းဆက်စကားများပြောကြားကြပြီး အဖွဲ့ဝင်များနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း Republic of the Tatarstan မှ ရိုးရာတေးဂီတအဖွဲ့က ရိုးရာတေးသီချင်းများ၊ ယဉ်ကျေးမှုအကအလှများဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Republic of the Tatarstan သမ္မတအထူးဧည့်ဂေဟာသို့ ရောက်ရှိကာ ညအိပ်ရပ်နားခဲ့ကြကြောင်း သိရသည်။

■ ■ ■

# စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University နှင့် Peterhof (နွေရာသီနန်းတော်) တို့သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားမှုများ

( ၁၅ - ၇ - ၂၀၂၂ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဇူလိုင်လ ၁၄ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University နှင့် အထင်ကရနေရာ တစ်ခုဖြစ်သည့် Peterhof (နွေရာသီနန်းတော်)သို့သွားရောက်လေ့လာသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Polytechnic State University သို့ ရောက်ရှိကြရာ တက္ကသိုလ်မှပါမောက္ခချုပ် Mr.Andrey Ivanovich Rudskoy နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး တက္ကသိုလ်အဝန်းအဝိုင်း ပုံစံငယ်များဖြင့် အဆောက်အဦနေရာချထားမှုအခြေအနေ၊ ဘာသာရပ်အလိုက်သင်ကြားနိုင်သည့်အခြေအနေ၊ ကျောင်းသား၊ ကျောင်းသူတို့အတွက် အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းအစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်က တက္ကသိုလ်၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ နည်းပညာတက္ကသိုလ်တို့နှင့် ဆက်သွယ်ဆောင်ရွက်လိုသည့် အခြေအနေ၊ ၂၀၀၆ ခုနှစ်အထိ မြန်မာနိုင်ငံမှ ပညာတော်သင် သင်တန်းသားများ စေလွှတ်ဆောင်ရွက်

ခဲ့မှုကိုအခြေခံ၍ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်လိုသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင် သင်တန်းသားများ ပညာသင်ကြားခဲ့မှု၊ လက်ရှိတွင်လည်း ပညာတော်သင် သင်တန်းသားအရာရှိ အများအပြားတက်ရောက်လျက်ရှိသည့် အခြေအနေနှင့် Polytechnic State University သို့လည်း သင်တန်းသားများ စေလွှတ်သင်ကြားသွားမည်ဖြစ်သည့် အခြေအနေ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေနှင့်ပတ်သက်၍ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Polytechnic State University ပါမောက္ခချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Polytechnic State University အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက တက္ကသိုလ်မှ ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားသည့် ကုန်းရေနှစ်သွယ်သွား ရေယာဉ်၏ စွမ်းဆောင်နိုင်မှုများ၊ ကွန်ပျူတာ အလုံးရေ တစ်သောင်းကျော်၏ စွမ်းဆောင်ရည်နှင့် ညီမျှသည့် Super Computer ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားတွက်ချက်ခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုင်းတာတွက်ချက်ခြင်း၊ UAV နှင့် လေယာဉ်တို့မှရရှိသည့် အချက်အလက်များ အပေါ်မူတည်၍ 3D တွက်ချက်ခြင်း၊ Drawing ရေးဆွဲခြင်းများ၊ အာကာသဆိုင်ရာတွက်ချက်ခြင်း၊ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်းများအပါအဝင် အခြားတွက်ချက်မှုမှန်သမျှကို လုပ်ဆောင်နိုင်သည့်အခြေအနေများနှင့် သတ္တုထုတ်လုပ်မှုအလုပ်ရုံတို့ လုပ်ဆောင်နိုင်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

**နိုဗယ်ဆုရှင်များစွာ မွေးထုတ်ပေး**

အဆိုပါ St. Petersburg Polytechnic State University သည် ရုရှားနည်းပညာဆိုင်ရာ တက္ကသိုလ်တစ်ခုဖြစ်ပြီး Peter the Great Polytechnic Institute သို့မဟုတ် Kalinin Polytechnic Institute ဟုလည်း ခေါ်ဝေါ်ကြကြောင်း၊ ၁၈၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုဗယ်ဆုရှင်များစွာ မွေးထုတ်ပေးနိုင်ခဲ့သည့် တက္ကသိုလ်လည်းဖြစ်ကြောင်း၊ တက္ကသိုလ်ကို အင်ဂျင်နီယာဌာနခွဲ၊ ရူပဗေဒဌာနခွဲနှင့် စီးပွားရေးနှင့်လူမှုရေးဆိုင်ရာဌာနခွဲဟူ၍ ဌာနခွဲကြီး ၃ ခုဖြင့် ဖွဲ့စည်းထားပါကြောင်း၊ အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် အခြားသော CIS အဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသားများ အပါအဝင် ကျောင်းသားဦးရေ စုစုပေါင်း ၃၀၀၀၀ ကျော်ခန့် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Peterhof Express ဆိပ်ကမ်းမှတစ်ဆင့် Peterhof (နွေရာသီနန်းတော်)သို့ Hydrofoil အမြန်ရေယာဉ်ဖြင့် ရေလမ်းကြောင်းအတိုင်း စီးနင်းရောက်ရှိကြရာ Peterhof (နွေရာသီနန်းတော်)မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နွေရာသီနန်းတော်အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကြသည်။

**၁၀ နှစ်တိတိဆောက်လုပ်ခဲ့**

အဆိုပါ ရုရှားနိုင်ငံ၏ အထင်ကရအဆောက်အဦများတွင် တစ်ခုအပါအဝင်ဖြစ်သည့် Peterhof နန်းတော်ကို ရုရှားဘာသာဖြင့် (ပျယ်ကဲရ်ဂိုဖ်) ဟုခေါ်ဆိုကြောင်း၊ ဖင်လန်ပင်လယ်ကွေ့တွင် တည်ရှိသည့် ဤနန်းတော်ကြီးကို စိန့်ပီတာစဘတ်မြို့တော်ကို တည်ခဲ့သည့် ဘုရင်ကြီး ပီတာက ဆောက်လုပ်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဆွီဒင်နိုင်ငံနှင့် ရုရှားနိုင်ငံကြားစစ်ပွဲတွင် ရုရှားက အနိုင်ရရှိပြီးနောက် ရုရှားနိုင်ငံ၏ အင်အားကြီးမားကြောင်းကို ပြသရန်အတွက် လှပခမ်းနားသည့် ထိုနန်းတော်ကြီးကို အချိန် ၁၀ နှစ်တိတိဆောက်လုပ်ခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် သမိုင်းဝင်နေရာတစ်ခုအဖြစ် ယူနက်စကိုမှ အသိအမှတ်ပြုခဲ့ကြောင်း၊ ရေပန်းရုပ်တုများနှင့် ရေပန်းပေါင်း ၁၇၃ ခုရှိပြီး ရွှေရောင်ရုပ်တုကြီးများကို အသက်ဝင်လှပအောင် ထုလုပ်ထားကြောင်း၊ ဘုရင်ကြီး ပီတာအနေဖြင့်

နန်းတော်ကြီးကို နွေရာသီသုံး နန်းတော်အဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ပြီး ပင်လယ်မှ နန်းတော်အထိ တိုက်ရိုက်တူးမြောင်းဖောက်စေ၍ ရေကို နန်းတော်အခြေအထိ စီးဝင်လာစေပြီးနောက် နန်းတော်ရှေ့ ကြာကန်မှတစ်ဆင့် ရေပန်းဖြစ်စေရန် စနစ်တကျ ဖောက်လုပ်ထားကြောင်း၊ ရေပန်းမှ ဖြာထွက်သည့်ရေကို ကြာကန်ထဲသို့ကျစေပြီး ထိုမှတစ်ဆင့် ဘေးပတ်ဝန်းကျင်ရှိ ဥယျာဉ်၊ ပန်းခြံတို့ကိုဖြတ်၍ ပင်လယ်ထဲသို့ ပြန်လည်စီးဝင်သွားစေရန် အသေးစိတ်စနစ်တကျ ပြုလုပ်ထားသည်ကို ကြည့်ခြင်းအားဖြင့် ရုရှားတို့၏ ထူးခြားပြီးအဆင့်မီသည့် ဗိသုကာအစွမ်းကို ခန့်မှန်းရနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ဖိုးဒဏ်ကို အများအပြားခံရပြီး နန်းတော်အဆောက်အဦနှင့် ပန်းခြံအစိတ်အပိုင်းအများစု မီးလောင်ပျက်စီးခဲ့ပြီး ရေပန်းများနှင့် ဗိသုကာလက်ရာများလည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့နောက် ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ၁၉၄၅ ခုနှစ်တွင် အများပြည်သူများလည်ပတ်ရန် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၁၉၅၀ ပြည့်နှစ်တွင် နန်းတော်နှင့် ပန်းခြံအတွင်းရှိ ရေပန်းများကို အပြည့်အဝ ပြန်လည်ပြင်ဆင်ခဲ့ပြီး ယနေ့ထက်တိုင် ပိုမိုကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်းနှင့် ဆောင်းရာသီနှင့် ကျန်ရာသီများတွင် ရေပန်းများကို ပိတ်ထားလေ့ရှိပြီး နွေရာသီရောက်မှသာလျှင် ဖွင့်လှစ်ပြသလေ့ရှိကြောင်း သိရှိရသည်။

**လေ့လာကြည့်ရှု**

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် တပ်မတော်အရာရှိကြီးများ၏ဇနီးများနှင့် အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ အမျိုးသား၊ အမျိုးသမီး အရာရှိများသည်လည်း စိန့်ပီတာစဘတ်မြို့ရှိ ပါလီမန်အဆောက်အဦ၊ Onegin ပန်းချီအရောင်းဆိုင်နှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုကြရာ သက်ဆိုင်ရာနေရာများအလိုက်မှ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးများမှတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

■ ■ ■

# စိန့်ပီတာစဘတ်အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုများ

## ( ၁၅ - ၇ - ၂၀၂၂ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ ၁၄ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့အကြီးအကဲ Mr.Alexander Beglov နှင့် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင် မန်းငြိမ်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်တို့တက်ရောက်ကြပြီး စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ အကြီးအကဲနှင့်အတူ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ ကြိုဆိုကြောင်းနှင့် ရုရှား-မြန်မာ နှစ်နိုင်ငံ ကောင်းမွန်သည့်ဆက်ဆံရေးသမိုင်းကြောင်းသည် နှစ်ပေါင်း ၇၅ နှစ်ကျော်ရှိပြီဖြစ်သည့်အခြေအနေများ၊ စိန့်ပီတာစဘတ်မြို့အခြေစိုက် ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်လိုသည့် အခြေအနေများအပြင် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်၊ ပညာရေးနယ်ပယ်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်၊ စီးပွားရေး

ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်၊ ဘာသာသာသနာ ထွန်းကားပြန့်ပွားရေးအတွက် ယဉ်ကျေးမှုဖလှယ်ရေးရာနယ်ပယ်စသည်ဖြင့် နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်အပြင် ကောင်းမွန်သည့် မူဝါဒများချမှတ်၍ နိုင်ငံတော်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးအတွက် ဆောင်ရွက်နေသည့်အခြေအနေ၊ ဇူလိုင်လ ၁ ရက်တွင် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသားများကို မိတ်ဆွေရင်းနိုင်ငံပီသစွာ ဗီဇာကင်းလွတ်ခွင့်ပေးခဲ့သည့်အတွက် ရုရှားဖက်ဒရေးရှင်း နိုင်ငံသားများအားလုံးကိုယ်စား ကျေးဇူးတင်ရှိသည့်အခြေအနေများ၊ စိန့်ပီတာစဘတ်မြို့တွင် မြန်မာနိုင်ငံဆိုင်ရာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေးအမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေ၊ state level၊ regional level ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ နိုင်ငံတော်အဆင့်ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးခွန်းများကိုအတူတကွဖြေကြားခဲ့ကြသည်။

ထို့နောက် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့အကြီးအကဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား အစိုးရအဖွဲ့ရုံးအတွင်းလှည့်လည်ပြသ၍ နိုင်ငံ့ခေါင်းဆောင်များ ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ရုံးခန်းများနှင့် ရုံးဖွဲ့စည်းဆောင်ရွက်မှုများအား လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

■ ■ ■

# Republic of the Tatarsan ရှိ PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံနှင့် HIMGRAD Industrial Complex တို့သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားမှုများ

( ၁၅ - ၇ - ၂၀၂၂ )





ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့်တာဝန်ရှိသူများ လိုက်ပါ၍ ဇူလိုင်လ ၁၃ ရက်တွင် Republic of the Tatarsan၊ ကာဇန်မြို့ရှိ Kazan Aircraft Production Association နှင့် HIMGRAD Industrial Complex တို့သို့ သွားရောက်လေ့လာကြည့်ရှုသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် PJSC “Kazan Helicopters”ထုတ်လုပ်ရေးအလုပ်ရုံသို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ Mr.Vladimir Ginsburg နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ရဟတ်ယာဉ်ထုတ်လုပ်မှုအဆင့်ဆင့်အား လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကိုပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Simulator ဖြင့် ရဟတ်ယာဉ်စမ်းသပ်မောင်းနှင်ခန်းသို့ ရောက်ရှိလေ့လာပြီး ကိုယ်တိုင်စမ်းသပ်မောင်းနှင်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံ မန်နေဂျင်းဒါရိုက်တာတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြသည်။

### ရဟတ်ယာဉ်ပေါင်း ၁၂၀၀၀ ကျော် ထုတ်လုပ်

အဆိုပါ PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံသည် ၁၉၄၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး Rostec Cooperation မှ ပိုင်ဆိုင်သည့် Russian Helicopters ကုမ္ပဏီ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ယနေ့အချိန်ကာလအထိ Mi-4၊ Mi-8၊ Mi-14၊ Mi-17 နှင့် Ansat အမျိုးအစား ရဟတ်ယာဉ်ပေါင်း ၁၂၀၀၀ ကျော် ထုတ်လုပ်ခဲ့ပြီး နိုင်ငံပေါင်း ၁၀၀ သို့ တင်

ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ Kazan ရဟတ်ယာဉ်ထုတ်လုပ်ရေးအလုပ်ရုံသည် ၂၀၀၇ ခုနှစ်တွင် အဓိကရှယ်ယာရှင်ဖြစ်လာမည့် Russian Helicopters ဖက်စပ်ကုမ္ပဏီသို့ ဝင်ရောက်ခဲ့ပြီး Mi-38 အလတ်စား ဘက်စုံသုံး ရဟတ်ယာဉ်အတွက် ရွှေ့ပြောင်းတည်ဆောက်ခြင်းနှင့် အများအပြားထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၁၉၄၅ ခုနှစ်မှစတင်ကာ ၂၀၂၀ ပြည့်နှစ်အထိ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်ပေါင်း ၂၇ ခုကျော် ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် HIMGRAD Industrial Complex သို့ ရောက်ရှိကြရာ အထွေထွေ ဒါရိုက်တာ Airat Mansurovich က Complex အတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ရှင်းလင်းပြောကြားမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား HIMGRAD Industrial Complex အတွင်း လုပ်ကိုင်ကြသည့် စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်ထားသည့် ကုန်ကြမ်းပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ ဆေးပစ္စည်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ၊ လျှပ်စစ်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတ်မြေဩဇာနှင့် ဆေးဝါးထုတ်လုပ်မှုဆိုင်ရာပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်နေမှု ဖြန့်ဖြူးမှုတို့နှင့်ပတ်သက်၍ လုပ်ငန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးလုပ်ငန်းများတွင်အသုံးပြုသည့် UAV ထုတ်လုပ်ရေးအလုပ်ရုံ၊ စစ်ဘက်သုံးသယ်ယူပို့ဆောင်ရေးနှင့် စစ်မြေပြင်သုံးကျည်ကာ ပို့ဆောင်ရေးယာဉ်၊ အင်ဂျင်များထုတ်လုပ်ထားရှိမှုတို့ ကြည့်ရှုလေ့လာကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းမှ အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာထုတ်လုပ်သည့် Organic plant သို့ရောက်ရှိလေ့လာခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာတာစတန်ပြည်နယ် ကာဇန်မြို့ ကာဇန်လေဆိပ်မှတစ်ဆင့် စိန့်ပီတာစဘတ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ တာတာစတန်ပြည်နယ်မှ တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်းနှင့် စိန့်ပီတာစဘတ်မြို့ ပူကောဗာအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများကလေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

■ ■ ■

# Novosibirsk မြို့သို့ရောက်ရှိပြီး Novosibirsk State University နှင့် Higher Military Command School တို့သို့ သွားရောက်လေ့လာစဉ် ဆွေးနွေးပြောကြားမှုများ

( ၁၆ - ၇ - ၂၀၂၂ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်လ ၁၆ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ ပူကောဗာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Novosibirsk မြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Novosibirsk မြို့၊ Tolmachevo လေဆိပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ခင်မင်ရင်းနှီးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Novosibirsk State University သို့ ရောက်ရှိကြရာ တက္ကသိုလ်မှပါမောက္ခချုပ် Dr. Mikhail Petrovich Fedoruk နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး သိပ္ပံနှင့်နည်းပညာဘာသာရပ်အလိုက် သုတေသန

တွေ့ရှိချက်ဆိုင်ရာပြခန်းများ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ အသုံးချသင်္ချာနှင့် သတင်းအချက်အလက်နည်းပညာဘာသာရပ်၊ ဇီဝဗေဒ၊ ဘူမိဗေဒဆိုင်ရာဖော်ထုတ်တွေ့ရှိချက်များ၊ ခေတ်မီနည်းပညာဖြင့် နောင်တစ်ချိန် ကမ္ဘာပေါ်တွင် ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို ကြိုတင် တွက်ချက်ထားရှိမှုဖော်ထုတ်ချက်များ၊ ဓာတ်ခွဲခန်း သုတေသနခန်းနှင့် စာသင်ခန်းများ လှည့်လည်ရှင်းလင်းပြသကြသည်။ ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ တက္ကသိုလ် အစည်းအဝေးခန်းမတွင် Novosibirsk State University ၏ စာပေသင်ကြား ပို့ချပေးနေမှုဆိုင်ရာ Video File ကိုဖွင့်လှစ်ပြသပြီး ပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာအချက်အလက်များ၊ နိုင်ငံခြားသင်တန်းသားများကို လက်ခံသင်ကြားပေးနေမှုများ၊ အဆင့်မြင့်ဘွဲ့လွန်ပညာသင်တန်းများ၏ သင်ရိုးညွှန်းတမ်းအလိုက် သင်ကြားဆောင်ရွက်မှုအစီအစဉ်၊ ကျောင်းသား၊ ကျောင်းသူများနေထိုင်ရေးအတွက် အဆောင်နှင့်အားကစားရုံများ ထည့်သွင်းတည်ဆောက်ထားရှိမှုများ၊ မြန်မာနိုင်ငံမှ ကျောင်းသူ၊ ကျောင်းသားများ လာရောက်တက်ရောက်မည်ဆိုပါကလည်း အသင့်ကြိုဆိုမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်း ဆွေးနွေးပြောကြားသည်။

ရှင်းလင်းဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများအား စိစစ်ရွေးခြယ်မှုအတွက် အရည်အချင်း သတ်မှတ်ချက်များ၊ မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက်သင်တန်းသားများ စေလွှတ်တက်ရောက်ပညာသင်ကြားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ သိရှိလိုသည်များအား ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Novosibirsk State University ပါမောက္ခတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ Novosibirsk State University သည် ၁၉၅၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ပုဂ္ဂလိကပိုင်သုတေသနတက္ကသိုလ်တစ်ခုဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် QS World University ၌ အဆင့် ၂၄၆ ရရှိခဲ့ကြောင်း၊ တက္ကသိုလ်တွင် လူမှုပညာရပ်ဆိုင်ရာဌာနခွဲ၊ ဆေးပညာနှင့် စိတ်ပညာဌာနခွဲ၊ ဒဿနိကဗေဒနှင့် ဥပဒေဌာနခွဲ၊ သင်္ချာနှင့် စက်မှုသိပ္ပံဌာနခွဲ၊ ရူပဗေဒဌာနခွဲ၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒဌာနခွဲ၊ သဘာဝသိပ္ပံဌာနခွဲ၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဌာနခွဲနှင့် လေ့ကျင့်ရေး ဌာနခွဲတို့အပြင် အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဂျပန်နှင့် တရုတ်ဘာသာစကားတို့ကို ဒုတိယဘာသာစကားအဖြစ် သင်ကြားပို့ချပေးလျက်ရှိသည့် ဘာသာစကားသင်တန်းများလည်း ရှိကြောင်း သိရသည်။

**လေ့လာကြည့်ရှု**

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Higher Military Command School သို့ သွားရောက်လေ့လာကြည့်ရှုကြရာ ကျောင်းအုပ်ကြီး Major General Markochin Segeri Gregorivich နှင့် တာဝန်ရှိသူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်အတွက် အသက်စွန့်လွှတ်တာဝန်ထမ်းဆောင်ခဲ့ကြသည့် သူရဲကောင်းဆုတံဆိပ်ရရှိသူများကို ဂုဏ်ပြုထားသည့် သူရဲကောင်းရုပ်တုများအား ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းအတွင်းရှိ လက်နက်ငယ်ပစ်ခတ်မှု Simulator ခန်းမ၌ သင်တန်းသားများပစ်ခတ်လေ့ကျင့်နေမှုများနှင့် ရုရှားတပ်မတော်မှ ထုတ်လုပ်ထားသည့် လက်နက်များနှင့် လက်နက်ချိန်ဆိုဒ်များကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားတပ်မတော်တွင် နှစ်ပေါင်း ၈၀ ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ရုရှားတပ်မတော်ထုတ်

သမိုင်းဝင်လက်နက်ချိန်ဆိုဒ်ကို အမှတ်တရလက်ဆောင် အဖြစ်ပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင် များသည် Novosibirsk မြို့ အစိုးရအဖွဲ့အကြီးအကဲက တည်ခင်း ဧည့်ခံသည့်ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြ သည်။ ညစာသုံးဆောင်နေစဉ်အတွင်း အနုပညာရှင်အဖွဲ့ က ရိုးရာတေးသီချင်း၊ အကအလှများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ခဲ့ကြကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့် ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

■ ■ ■

# Novosibirsk အစိုးရအဖွဲ့အကြီးအကဲ Mr. Andrey Alexandrovich Travnikov နှင့် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးပြောကြားမှုများ

( ၁၆ - ၇ - ၂၀၂၂ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Novosibirsk မြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် Novosibirsk အစိုးရအဖွဲ့အကြီးအကဲ Mr. Andrey Alexandrovich Travnikov နှင့် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင် မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ခရီးစဉ်တွင် လိုက်ပါလာသည့် စစ်ဘက်၊ နယ်ဘက်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်တို့ တက်ရောက်ကြပြီး Novosibirsk အစိုးရအဖွဲ့ အကြီးအကဲနှင့်အတူ Higher Military Command School ကျောင်းအုပ်ကြီး၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် အခြားနယ်ပယ်အသီးသီးမှ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် Novosibirsk ဒေသ၏ ပထဝီဆိုင်ရာအချက်အလက်များအရ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန်များ အပြန်အလှန် တင်ပို့ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ချိတ်ဆက်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ Novosibirsk နှင့် မြန်မာနိုင်ငံ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲပျံသန်းနိုင်မည့် အခြေအနေ၊ Novosibirsk ဒေသတွင် နယ်ပယ်ကဏ္ဍအသီးသီးမှ အဆင့်မြင့်တက္ကသိုလ်ပေါင်း ၂၂ ခုရှိပြီး နိုင်ငံခြားသားသင်တန်းသားများကိုပါ လက်ခံသင်ကြားပေးလျက်ရှိသည့်အတွက် ပညာရေးနယ်ပယ်တွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်ကျင်းပမည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ စေလွှတ်ပေးနိုင်ရေးနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍအတွက် လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည့် အခြေအနေ၊ ယဉ်ကျေးမှုနယ်ပယ်တွင်လည်း အပြန်အလှန်ဖလှယ်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီး

မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စစ်ဘက်၊ နယ်ဘက် ကဏ္ဍပေါင်းစုံ၌ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Novosibirsk အစိုးရအဖွဲ့ အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည်လည်း Novosibirsk မြို့ Marriott Hotel အနီးရှိ ကမ္ဘာ့အကြီးဆုံး ပြဇာတ်ရုံများအနက် တစ်ခုဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် Novosibirsk State Academic Opera and Ballet Theatre သို့ ရောက်ရှိလေ့လာကြရာ ပြဇာတ်ရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပြဇာတ်ရုံဆိုင်ရာအချက်အလက်များအား လိုက်လံရှင်းလင်းပြသကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ဒေသစံတော်ချိန်မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Novosibirsk မြို့၊ Tolmachevo လေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ Novosibirsk အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ Higher Military Command School ကျောင်းအုပ်ကြီး၊ တပ်မ ၄၁ ယာယီတပ်မမှူးနှင့်တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဝင်မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသိန်းကျော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ မြန်မာ့တပ်မတော်မှ ထူးချွန်ဆုရအရာရှိများ၊ စစ်ဘက်၊ နယ်ဘက်မှတာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**ပူးပေါင်းဆောင်ရွက်**

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလုဂါပြည်နယ် အတနာမီ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်းရှိ ရွှေစည်းခုံစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကနေကဇာတင် မင်္ဂလာအခမ်းအနားပြုလုပ်ခြင်း၊ စစ်ဘက်၊ အရပ်ဘက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခဲ့ကြပြီး နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ စစ်ဘက်နည်းပညာဆိုင်ရာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သုတေသနလုပ်ငန်းကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာစံတော်ချိန် ညပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်သို့ပြန်လည်ရောက်ရှိကြရာ ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့်ဇနီးများ၊ပြည်ထောင်စုဝန်ကြီးများ၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. Pavel A.KLABUKOV နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂)တွင် ပြောကြားသည့်အမှာစကား

( ၂၁ - ၇ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၂)ကို ဇူလိုင်လ ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

**နိုင်ငံရေးနှင့်ဆက်စပ်သည့် လုံခြုံရေးအခြေအနေ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာ၍ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး နိုင်ငံတော်အာဏာကို သိမ်းယူခဲ့ခြင်းမဟုတ်ကြောင်း၊ မိမိတို့အား ပေးအပ်ထားသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ဆဲဥပဒေများအပေါ်တွင်မူတည်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူချိန်တွင် ဆူပူမှုများ မရှိသေးသော်လည်း ဖေဖော်ဝါရီ ၃ ရက် နောက်ပိုင်းတွင် ဆူပူမှုများစတင်ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း အကြမ်းဖက်မှုများအထိ ဖြစ်ပေါ်လာခဲ့ကြောင်း၊ အဆိုပါအကြမ်းဖက်မှုများကို လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် စည်းရုံးရေးဆိုင်ရာလမ်းကြောင်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ နည်းပါးသွားသည်ကို တွေ့ရှိရကြောင်း၊ အကြမ်းဖက်မှုများကို အရေးယူဆောင်ရွက်ခဲ့ရာတွင် ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆူပူအကြမ်းဖက်မှုများ

ကို နှိမ်နင်းရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို တပ်မတော်မှတာဝန်ယူ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် အချို့သော နေရာဒေသများမှလွဲ၍ တတ်နိုင်သမျှ ရဲတပ်ဖွဲ့ဝင်များဖြင့်သာ ဖြေရှင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံဖြစ်သဖြင့် စစ်အုပ်ချုပ်ရေး သတ်မှတ်မှုများကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံရေးအရ နောက်ဆက်တွဲပေါ်ပေါက်လာသည့် အကြမ်းဖက် NUG နှင့် CRPH တို့က တည်ထောင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အကြမ်းဖက်သတ်ဖြတ်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများကို လုပ်ဆောင်လျက်ရှိပြီး သံဃာတော်များနှင့် သီလရှင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၈၇ ရာခိုင်နှုန်းခန့်သည် ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်ကြကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် ဇူလိုင် ၂၀ ရက်အထိ သံဃာတော် ၅၂ ပါးနှင့် သီလရှင် ၁ ပါးတို့ အကြမ်းဖက်သတ်ဖြတ်ခံခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူ ၉ ပါးနှင့် ပျောက်ဆုံးသူ ၈ ဦး စုစုပေါင်း ၇၀ ရှိပြီဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သံဃာတော်များနှင့်သီလရှင်များကို အကြမ်းဖက်မှုသတ်ဖြတ်မှု အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ စစ်ကိုင်းတောင်တွင် သံဃာတော်များနှင့် သီလရှင်များ အများဆုံးဝါဆိုနေကြကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် ဗုဒ္ဓဘာသာ ရေးအကျဆုံးနှင့် အများဆုံး ကိုးကွယ်သည့် တိုင်းဒေသကြီး တစ်ခုဖြစ်သော်လည်း ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များနှင့် သီလရှင်များ အကြမ်းဖက်သတ်ဖြတ်ခံရမှု အများဆုံးဖြစ်သည်ကို အံ့သြဖွယ်တွေ့မြင်ရကြောင်း၊ မကွေးတိုင်းတွင်လည်း အလားတူပင်ဖြစ်ကြောင်း။

ပညာရေးဝန်ထမ်းများ သတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် သေဆုံးသူ ၄၇ ဦးရှိပြီး ဒဏ်ရာရရှိသူ ၂၂ ဦး၊ ပျောက်ဆုံးသူ ၂၅ ဦး စုစုပေါင်း ၉၃ ဦးရှိကြောင်း၊ ထိုသို့ပညာရေးဝန်ထမ်းများ သတ်ဖြတ်ခံရမှုတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးသည် အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း။

**ပြည်သူများ ပညာရည်မြင့်မားရန်လိုအပ်မှု**

ပညာရည်မြင့်မားရေးနှင့် ပတ်သက်၍ ပြီးခဲ့သည့် ဇူလိုင်လမှစတင်၍ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ ကျောင်းများပိတ်ထားမှုကြောင့် နိုင်ငံတော်နှင့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၂၀၂၂ ခုနှစ်မှစတင်၍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲကိုလည်း ကျင်းပပေးနိုင်ခဲ့

**မိမိတို့အနေဖြင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံမူဝါဒများ ချမှတ်၍ ဆောင်ရွက်လျက်ရှိ၊ ပထမဦးစားပေး အနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ဒုတိယဦးစားပေးအနေဖြင့် ဈေးကွက် စီးပွားရေးစနစ်ကို တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တတိယဦးစားပေးအနေဖြင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးတို့ပင်ဖြစ်။**

ကာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းများကိုလည်း ထုတ်ပြန်ပေးနိုင်ခဲ့ကြောင်း၊ ယခုပညာသင်နှစ်တွင်လည်း အခြေခံပညာကျောင်းများတွင် ပညာသင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများမှာ ကိုဗစ်–၁၉ ရောဂါမဖြစ်ပွားမီ ကျောင်းအပ်နှံခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၏ အရေအတွက်၏ ၇၆ ရာခိုင်နှုန်းခန့် ကျောင်းအပ်နှံကြသည်ကို တွေ့ရကြောင်း၊ အဆိုပါ ကျောင်းနေအရွယ်များတွင်လည်း မူလတန်းအရွယ်တွင် များပြားသော်လည်း အလယ်တန်းနှင့် အထက်တန်းသို့ ရောက်ရှိချိန်တွင် နည်းပါးသွားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ ပညာရည်မြင့်မားရေးနှင့်ပတ်သက်ပြီး အားလုံးက တွန်းတွန်းတိုက်တိုက်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အချို့ကျောင်းနေအရွယ်ကလေးများအနေဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ လုံခြုံရေးအရ တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် ကျောင်းအပ်နှံခြင်းမရှိသကဲ့သို့ နိုင်ငံရေးအရ အစိုးရအခြေခံပညာကျောင်းများတွင် အချို့ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံ သင်ကြားမှုများ မပြုသည်ကိုလည်း တွေ့ရှိရကြောင်း၊ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးမှုကြောင့် CDM ပြုလုပ်ထားသည့် ပညာရေးဝန်ထမ်းများက ဖွင့်လှစ်ထားသည့် Kaung For You အထက်တန်းကျောင်းကို စတင်ဆောင်ရွက်ခဲ့သည့် မြစ်သားမြို့နယ်လက်ထောက်ပညာရေးမှူး(CDM) ကောင်းသိုက်စိုးနှင့် အပေါင်းအပါ ၃ ဦးကို ဇူလိုင် ၁၃ ရက်တွင် အောင်ပန်းမြို့၌ အခကြေးငွေယူ၍ ပျော်ပါး၍ရသည့် အမျိုးသမီးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်း၏ထွက်ဆိုချက်အရ ဆက်စပ်လျက်ရှိသူများကိုလည်း ဖော်ထုတ်ရရှိခဲ့ပြီး အချို့ကို ဖမ်းဆီးထိန်းသိမ်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကျောင်းများတွင် အပ်နှံထားသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းကိုလည်း ရရှိခဲ့ကြောင်း၊ သို့သော် ကျောင်းနေအရွယ်ကလေးများသည် နိုင်ငံရေးနားလည်မှုမရှိကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူ များနှင့် မိဘများကို မိမိတို့အနေဖြင့် အရေးယူရန်မရှိကြောင်း၊ သို့သော် အခြားပါဝင်ပတ်သက်နေသူများကို ဆက်လက်ဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွင့်လှစ်ရန် ကျန်ရှိနေသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပညာသင်ကြားရေးသည် နိုင်ငံအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ မည်သည့်စာသင်ကျောင်းတွင် သင်ကြားသည်ဖြစ်စေ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာပြီးဆုံးချိန်တွင် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်သည့် ပညာများ ရရှိသွားရန်လိုကြောင်း၊ ထို့ကြောင့် ကျောင်းသားမိဘများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

ကိုဗစ်–၁၉ ကာကွယ်ဆေးများကို ကျောင်းနေအရွယ်ကလေးများဖြစ်သည့် ၅ နှစ်မှ ၁၈ နှစ်အကြား ကျောင်းသား၊ ကျောင်းသူ ၅၈၂၀၀၀၀ ကျော်အား ထိုးနှံပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ စုစုပေါင်း ၃၅၈၃၀၀၀၀ ကျော်ရှိပြီးဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုနှင့် အုပ်ချုပ်မှုလမ်းကြောင်း အဆင်ပြေသည့်နေရာများတွင် ၉၉ ရာခိုင်နှုန်းခန့် ထိုးနှံပေးနိုင်ပြီးဖြစ်ကြောင်း၊ ထိုးနှံရန်ကျန်ရှိသည့်နေရာဒေသများတွင်လည်း ဆက်လက်ထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုမှာ များစွာကျဆင်းသွားပြီဖြစ်ကြောင်း၊ ပြည်တွင်းကူးစက်မှုနည်းပါးပြီး ပြည်ပမှ ဝင်ရောက်လာသူများမှ ကူးစက်လျက်ရှိသည်ကိုသာ တွေ့ရှိရကြောင်း။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု**

မိမိတို့အနေဖြင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံမူဝါဒများချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ဒုတိယဦးစားပေးအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တတိယဦးစားပေးအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများဆောင်ရွက်ဖော်ဆောင်ရေးတို့ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရှေးယခင်ကတည်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားသည့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်သည့် နိုင်ငံတစ်ခုပင်ဖြစ်ကြောင်း၊ ယခင်က စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချမှုများ ရှိခဲ့ကြောင်း၊ ဆိုရှယ်လစ်ခေတ်တွင် စီးပွားရေးစနစ် ပြောင်းလဲခဲ့ပြီး အချို့ကိစ္စရပ်များတွင် စီးပွားရေးအရအောင်မြင်မှုများ မရှိခဲ့ခြင်းကြောင့် ကုန်ပစ္စည်းထုတ်လုပ်တင်ပို့သည့်နိုင်ငံမှ ကုန်ပစ္စည်းတင်သွင်းရသည့် နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်ကို တွေ့ရကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် လူဦးရေများပြားသည့် နိုင်ငံကြီးများရှိကြောင်း၊ အဆိုပါနိုင်ငံများသို့ မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံသည့် ထုတ်ကုန်များကို တင်ပို့ရောင်းချနိုင်မည်ဆိုပါက ပြည်သူများနှင့် နိုင်ငံ၏စီးပွားရေးကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေရခြင်းသည် မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းပင်ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ ပညာတတ်မြောက်မှု အခြေအနေသည် မြို့ပြနေပြည်သူများထက် ပညာတတ်မြောက်မှု လူဦးရေနည်းပါးသည်ကိုတွေ့ရှိရကြောင်း၊ လူသားအရင်းအမြစ်များ များပြားသော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ Skill Labor များ နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လက်တွေ့ကျသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် အထက်တန်းပညာသင်ကြားရေးနှင့် ကုန်ထုတ်လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် မြစ်ချောင်းများ ပေါ်များပြီး ရေချိုအရင်းအမြစ်များ များစွာရှိပြီး ရေချိုကိုအသုံးချ၍ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေသည့် နေရာများရှိသကဲ့သို့ စိုက်ပျိုးမြေဧရိယာသည်လည်း လုံလောက်စွာရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးကေပေါင်း ၃၃ သန်းခန့်ရှိပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်းနှင့် ဝါများကို အဓိကစိုက်ပျိုးလျက်ရှိကြောင်း၊ အခြားနှစ်ရှည် သီးနှံများဖြစ်သည့် ရာဘာ၊ ဆီအုန်းနှင့် အုန်းစိုက်ပျိုးမှု စသည့် နှစ်ရှည်သီးနှံပင်များကိုလည်း စိုက်ပျိုးကြကြောင်း၊ စပါး၊ ပဲ၊ ပြောင်း၊ နှမ်းနှင့် ဝါများကို စိုက်ပျိုးရာတွင် အချို့ဒေသများ၌ တစ်သီးသာ စိုက်ပျိုးသည်ကို တွေ့ရှိရကြောင်း၊ သီးထပ်များ စိုက်ပျိုးခြင်းနှင့် အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေများပိုမိုရရှိလာပြီး စိုက်ပျိုးတောင်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ပြီးခဲ့သည့်ကာလအတွင်း ပြည်ပမှဆီတင်သွင်းမှုများ များပြားခဲ့သဖြင့် ဆီထွက်သီးနှံများကို ထိန်းသိမ်းခြင်းနှင့် ပြည်ပတင်ပို့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တောင်သူများအနေဖြင့် လွတ်လပ်စွာ စိုက်ပျိုးပိုင်ခွင့်ရှိသကဲ့သို့ လွတ်လပ်စွာရောင်းချခွင့်ရှိကြောင်း၊ ထို့ကြောင့် တောင်သူများ၏သီးနှံများကို ပြည်တွင်းပြည်ပ လွတ်လပ်စွာ ရောင်းချနိုင်ရေးခွင့်ပြုပေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းကဲ့သို့သော အသင်းများမှတစ်ဆင့် နိုင်ငံတော်၏အကျိုးစီးပွားအတွက် ထိန်းသိမ်းရောင်းချသွားမည်ဆိုပါက တောင်သူများလွတ်လပ်စွာရောင်းချနိုင်သကဲ့သို့ နိုင်ငံတော်၏ဝင်ငွေကိုလည်း တိုးတက်စေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ပညာရေးမြှင့်တင်မှုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကောင်းမွန်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် **“အလားတူပဲ ပညာရေးမြှင့်တင်မှုနဲ့ ပတ်သက်ရင်လည်း စောစောက ကျွန်တော်ပြောတဲ့ ပညာရေးမှာ အများစုက မူလတန်း**

လျှပ်စစ်ဓာတ်အားထုတ်ယူရာတွင်
ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး
တို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့်
နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား
ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်၍ရ၊
ကမ္ဘာတစ်ဝန်းလုံးတွင် လျှပ်စစ်ထုတ်လုပ်ရေး
လုပ်ငန်းများဆောင်ရွက်ရာ၌ ကာဗွန်ဒိုင်
အောက်ဆိုဒ်ထုတ်လွှတ်မှု အနည်းဆုံးဖြစ်အောင်
ဆောင်ရွက်လျက်ရှိသကဲ့သို့
မိမိတို့နိုင်ငံသည်လည်း လျှပ်စစ်ဓာတ်အား
ထုတ်လုပ်ရာ၌ ကာဗွန်ဒိုင်အောက်ဆိုဒ်
အနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိ။

ပညာနဲ့ အလယ်တန်းပညာအဆင့်ပဲ ကျွန်တော်တို့က ဖြစ်ပါတယ်။ လူနည်းစုပဲ အထက်တန်းပညာနဲ့ အဆင့်မြင့် ပညာတတ်တဲ့သူများဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီအလယ်တန်းပညာနဲ့ အောက်မှာတတ်နေတဲ့ ပြည်သူအများစုရှိနေတဲ့ ကျေးလက်ဒေသတွေရဲ့ ပညာရေး၊ ပြည်နယ်များရဲ့ ပညာရေးမြှင့်တင်ဖို့အတွက် အထူးဦးစားပေး ဆောင်ရွက်သွားဖို့ လိုတယ်ဆိုတာလေးလည်း ကျွန်တော်တွေ့ရှိပါတယ်။ နိုင်ငံမှာတော့ အခြေခံဥပဒေအရ အခြေခံပညာမူလတန်းအဆင့်ကိုတော့ မသင်မနေရ ပညာရေးလို့ သတ်မှတ်ထားတာ။ ဥပဒေအရ သတ်မှတ်ထားတာရှိပါတယ်။ သို့သော် လက်ရှိအခြေအနေမှာ မူလတန်းပညာသည် မလုံလောက်ပါဘူး။ ဒီလောက်ခေတ်မီတဲ့ ကမ္ဘာကြီးမှာလိုက်မီဖို့ ဆိုတာတော့ မူလတန်းပညာနဲ့ ဘယ်လိုမှမပြည့်စုံဘူး။ ဒါကြောင့် ကျွန်တော်တို့အစိုးရတာဝန်ယူတဲ့အချိန်မှာ kg+9 ပေါ့။ ၉ တန်း၊ အလယ်တန်းပညာပြီးတဲ့အထိကို ကျွန်တော်တို့ အခမဲ့ပညာရေးအနေနဲ့ မသင်မနေရ တွန်းအားပေး ဆောင်ရွက်ဖို့ ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုသာ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် စောစောကပြောတဲ့ ကျေးလက်တွေမှာ Skill Labour ဖြစ်နိုင်တဲ့သူတွေ။ ကျွန်တော်တို့က ပညာတတ်တွေနဲ့၊ အထိုက်အလျောက် ပညာတတ်တွေဖြစ်လာပြီးတော့မှ သူတို့ကို လေ့ကျင့်မွေးထုတ်ပေးလိုက်မယ်ဆိုလို့ရှိရင် သူတို့လုပ်တဲ့ စီးပွားရေးကို အထောက်အကူပြုတဲ့ အတတ်ပညာတွေ တတ်လာမှာဖြစ်ပါတယ်။ ဒါကိုမျှော်တွေးပြီးတော့မှ အခုခရိုင်ပေါင်း ၁၂၇ ခရိုင်ရှိပါတယ်။ ၁၂၇ ခရိုင်မှာ First wave အနေနဲ့ ကျွန်တော်တို့ ကျောင်းပေါင်း ၅၀ လောက် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုတွဲဖွင့်ထားတဲ့ အထက်တန်းကျောင်းတွေဖွင့်ဖို့ သက်ဆိုင်ရာဝန်ကြီးတွေနဲ့ ကျွန်တော်ဆွေးနွေးထားပြီးဖြစ်ပါတယ်။ ကျောင်းပေါင်း ၅၀ လောက် စဖွင့်မယ်။ အဲ့ဒီတော့ ဒီဆရာတွေရဖို့အတွက်ကိုလည်း မွေးမြူရေးကျောင်းဆင်းတွေ၊ စိုက်ပျိုးရေးကျောင်းဆင်းတွေ ဒီလိုလည်း ခန့်ဖို့လိုသလိုပဲ လက်ရှိတာဝန်ပေးထားတဲ့ စိုက်ပျိုးရေးဦးစီး၊ မွေးမြူရေးဦးစီး၊ အဲ့ဒီမှာ တာဝန်ပေးထားတဲ့သူများကိုလည်း အကူဆရာများအနေနဲ့ အဲ့ဒီကျောင်းတွေမှာသင်ကြားပေးဖို့အတွက် ကျွန်တော်တို့ဆောင်ရွက်နေတာ ရှိပါတယ်။ အဲ့ဒါကို ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာတော့ ကျေးလက်မှာလုပ်ငန်းလုပ်နေတဲ့သူများအတွက် Skill Labour တွေ အများကြီး မွေးထုတ်ပေးနိုင်မယ်လို့ ကျွန်တော်မျှော်မှန်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းကို မဖြစ်မနေ သွားရမယ်ဆိုတာလေးလည်း ကျွန်တော်သွားလိုပါတယ်။

တစ်ဆက်တည်းမှာပဲ ဒါတင်လုံလောက်ပြီလားဆိုတော့ မလုံလောက်သေးပါဘူး။ ပုဂ္ဂလိကကဏ္ဍက ဒါတွေက၊ လုပ်ရမယ့်ကဏ္ဍ ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရကတော့ လူသားအရင်းအမြစ်တွေ ရရှိအောင် ဆောင်ရွက်ပေးဖို့သာ ဖြစ်ပါတယ်။ ကျန်တာတော့၊ ပုဂ္ဂလိကကလုပ်ရမယ်။ တစ်ဖက်ကလည်း အစိုးရကနေပြီးတော့ သွင်းအားစုတွေ ရအောင်လည်း ဖန်တီးပေးရတာတွေရှိတယ်။ ဥပမာ – ရေရအောင် ဖန်တီးပေးရတာတို့၊ မြေဩဇာရအောင် ဖန်တီးပေးတာတို့၊ မျိုးစေ့တွေရအောင် ဖန်တီးပေးရတာတို့ ဒါကတော့ စိုက်ပျိုးရေးပိုင်းပေါ့လေ။ မွေးမြူရေးပိုင်းဆိုလည်း တိရစ္ဆာန်အစားအစာတွေ ရဖို့အတွက်၊ ဆေးဝါးတွေရဖို့တို့၊ နောက်တစ်ခါ ခုနကပြောတဲ့ ရေရရှိဖို့တို့၊ နောက်တစ်ခါ မျိုးကောင်းမျိုးသန့်တွေ ရရှိဖို့တို့ ဒါတွေလည်း ကျွန်တော်တို့က အစိုးရကနေပြီးတော့မှ ဝိုင်းပြီး

**ကူညီပေးရမှာ ဖြစ်ပါတယ်။ ဒါပုဂ္ဂလိကကဏ္ဍာ လုပ်ပေးမှုလည်း အစိုးရရဲ့ ပါဝင်ပတ်သက်မှုကတော့ ကျွန်တော်တို့ အချိန်ကာလ အတိုင်းအတာတစ်ခုထိတော့ ရှိနေဦးမှာ ဖြစ်ပါတယ်။ လုပ်နေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို ကျွန်တော်တို့ အနေနဲ့၊ ကျွန်တော်တို့ ကောင်စီအနေနဲ့ ဦးစားပေးဆောင်ရွက်သွားမယ်ဆိုတာလေးလည်း ကျွန်တော် ပြောလိုပါတယ်။"** ဟု ပြောကြားသည်။

**ဝါစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု**

ဆက်လက်ပြောကြားရာတွင် မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးဧက ၂ သိန်း ၄ သောင်း ကျော်ရှိကြောင်း၊ ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ ချည်မျှင်ရှည်ဝါမှ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ကြောင်း၊ ယခုစိုက်ပျိုးနေသည့် ဝါများသည် ချည်မျှင်ရှည်ဝါဟု ဆိုသော်လည်း အဆင့်မြင့်ချည်ထည်များကို ထုတ်လုပ်နိုင်မှုမရှိကြောင်း၊ ထို့ကြောင့် အဆင့်မီသည့် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပြည်ပနိုင်ငံများနှင့် နည်းပညာအရ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း ဝါစိုက်ပျိုးမှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများ၏ဝတ်ရေးအတွက် ပိုမိုအဆင်ပြေမည်ဖြစ်သကဲ့သို့ ပြည်တွင်းမှထွက်ရှိသည့် ဝါထွက်ကုန်များကို အသုံးပြု၍ အဆင့်မီအထည်ချုပ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏စီးပွားရေးကိုလည်းအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**ကျေးလက်နေပြည်သူများ၏ လူမှုနေမှုစနစ်များ မြှင့်တင်ပေးရန်လိုအပ်**

မိမိတို့နိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုစနစ်များမှာ အခြားနိုင်ငံများထက် နိမ့်ကျလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတွင် အားနည်းချက်များရှိခြင်းကြောင့်သာ လူနေမှုစနစ်များ နိမ့်ကျနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုမြှင့်တင်ဆောင်ရွက်၍ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေ တိုင်းရင်းသားပြည်သူ များ၏ လူမှုစီးပွားများ ပြောင်းလဲတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့လူမှုစီးပွားများ တိုးတက်ပြောင်းလဲလာချိန်တွင် နေထိုင်သည့်အိမ်ရာများ အဆင့်မြှင့်တင် တည်ဆောက်ရန် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လိုအပ်သည့် ဘိလပ်မြေများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ နိုင်ငံအတွင်း၌ ဘိလပ် မြေထုတ်လုပ်နိုင်သည့် အခြေခံကုန်ကြမ်းများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းရှိ စက်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများထုတ်လုပ်ရာတွင်လည်း အဆောက်အဦများဆောက်လုပ်နိုင်သည့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းများကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များနှင့် တိုင်းရင်းသား လုပ်ငန်းရှင်များ ဆောင်ရွက်မည်ဆိုပါက အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေနှင့် သံ၊ သံမဏိတို့သည် နိုင်ငံ၏လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် မဖြစ်မနေလိုအပ်သဖြင့် အားပေးဆောင်ရွက်သွားမည်ဆိုပါက များစွာပြောင်းလဲတိုးတက်သွားမည်ဖြစ်ကြောင်း။

လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေးသည်လည်း အရေးကြီးကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်ယူရာတွင် ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်၍ရကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံသည်လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာ၌ ကာဗွန်ဒိုင်အောက်ဆိုဒ် အနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် လျှော့ချရေးကို အထောက်အကူပြုသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကိုအသုံးချမည်ဆိုပါက အကျိုးရှိမည်ဖြစ်ကြောင်း၊ မြစ်ကြီးများပေါ်၌ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ မေခ၊ မလိခ၊ ဧရာဝတီ၊ ရွှေလီ၊ ချင်းတွင်း၊ တာပိန်၊ သံလွင် စသည့် မြစ်ကြီးများပေါ်၌ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်သည့်နေရာ

များ များစွာရှိကြောင်း၊ ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

အလားတူ မိမိတို့နိုင်ငံ အလယ်ပိုင်းရှိ နေရာဒေသအများစု၏ မိုးရွာရက်မှာ ပျမ်းမျှအားဖြင့် ရက် ၁၀၀ ခန့်သာရှိကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် နွေရာသီတွင် လျှပ်စစ်ဓာတ်အားကို ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကမ်းရိုးတန်းဒေသများ၌လည်း လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်အဆင့် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့်လည်း အသေးစားနှင့် အလတ်စားထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်မှ အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှု**

ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို ဧပြီလ ၂၂ ရက်နေ့က စတင်ပြုလုပ်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့နှင့် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် ၃ ဖွဲ့တို့က တွေ့ဆုံရန် အကြောင်းပြန်ကြားခဲ့ပြီး ၉ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် တစ်ဖွဲ့နှင့်လည်း မကြာမီအချိန်အတွင်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများတွင် ပြည်သူလူထု ဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ရာ ၎င်းတို့ထံမှ သဘောတူညီမှုများ ရရှိခဲ့ကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်သည်နှင့် ဖြစ်ချင်သည်များကို ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် တွေ့ဆုံဆွေးနွေးလိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးလိုပါက ထပ်မံဖိတ်ခေါ်ပါကြောင်း၊ ကျန်ရှိသည့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ ပါဝင်လာမည်ဆိုပါက မိမိတို့နိုင်ငံ၏အနာဂတ်နိုင်ငံရေးသည် ပြည့်စုံကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားနိုင်ငံသို့ အလုပ်သဘောအလယ်အပတ်ခရီးသွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာလုဂါပြည်နယ်၊ အတနာမီ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်းရှိ ရွှေစည်းခုံစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကာ အနေကဇာတင်မင်္ဂလာ အခမ်းအနား ပြုလုပ်ခြင်း၊ စစ်ဘက်၊ အရပ်ဘက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှား ဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခဲ့ကြပြီး နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ စစ်ဘက်နည်းပညာဆိုင်ရာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သုတေသနလုပ်ငန်းကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကာလတိုအလုပ်သဘော ခရီးစဉ်တစ်ခုဖြစ်ခဲ့သော်လည်း နိုင်ငံအတွက် အကျိုးရှိသည့်ဆွေးနွေးမှုများစွာကိုဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့သည်ကို အသိပေးလိုကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များက မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းအဖွဲ့များ ဖွဲ့စည်းရေး၊ နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့်သမိုင်းကြောင်းများကို နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်သိရှိစေရန် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်၊ အနာဂတ်နိုင်ငံတော်အတွက် လူငယ်များအား စနစ်တကျ ပြုစုပျိုးထောင်ပေးရေး၊ ပညာရေးမူဝါဒလမ်းကြောင်းကို သွေဖည်၍ ဆောင်ရွက်နေသည့် ပုဂ္ဂလိကကျောင်းများအား ဖော်ထုတ်အရေးယူဆောင်ရွက်ရေး၊ မူလတန်းပြ ဆရာ၊

ဆရာမများ ရာထူးတိုးမြှင့်ရန်ကိစ္စကို လျှင်မြန်စွာဆောင်ရွက်ပေးပြီး လိုအပ်ချက်ရှိသည့်နေရာ ဖြည့်စွက်ခန့်ထားနိုင်ရေး၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေပြီး ရာသီဥတုကို အထောက်အကူပြုစေရေးအတွက် ကျွန်းစိုက်ခင်းများကိုစီမံချက်ချမှတ်၍ တိုးချဲ့စိုက်ပျိုးရေး၊ လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်ပပျောက်ရေးအတွက် ကြိုတင်ကာကွယ်တားဆီးရေး၊ ကျေးလက်ကျန်းမာရေးဌာနများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက စီမံဆောင်ရွက်ပေးရေး၊ လူငယ်များလမ်းမှားမရောက်စေရေးအတွက် အခြေခံပညာကျောင်းများတွင် စာရိတ္တပညာပိုင်းဆိုင်ရာသိမှတ်ဖွယ်ရာများ သင်ကြားပေးရေး၊ ယာဉ်လိုင်းများလက်မှတ်ရောင်းချခြင်းနှင့် စစ်ဆေးရေးဂိတ်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို စနစ်တကျစိစစ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချစ်ကြည်ရေးအသင်းများ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်းကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပညာတော်သင်စေလွှတ်ရေးကိစ္စများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ဖွံ့ဖြိုးရေး အထောက်အကူပြုစီမံကိန်းများကို မိမိသဘောဆန္ဒအလျောက်ပါဝင်သည့်စနစ်ဖြင့် ထူထောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးမူဝါဒနှင့် မကိုက်ညီသည့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်သည့်ကိစ္စနှင့်ပတ်သက်၍ စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဌာနများတွင် ဝန်ထမ်းများ ဖြည့်တင်းနိုင်ရေးဆောင်ရွက်လျက်ရှိပြီး လတ်တလောတွင် အလုပ်သင် ဆရာဝန်များနှင့် သူနာပြုများဖြည့်တင်းပေးထားပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာအသုံးပြုမှုအပေါ်မူတည်၍ သီးနှံအထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ မြေဩဇာ ၂ မျိုးကို အချိုးချပေါင်းစပ်ခြင်းဖြင့် သီးနှံအထွက်တိုးရရှိနိုင်မည်ဖြစ်ပြီး သဘာဝမြေဩဇာကို အဓိကထားအသုံးပြုနိုင်ရေး သုတေသနပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်တွေ့ကျသည့် စိုက်ပျိုးရေးစနစ်နှင့် ခေတ်မီမွေးမြူရေးစနစ်ကို ဦးတည်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-မန္တလေး မီးရထားလမ်းများ အဆင့်မြှင့်တင်၍ ခေါက်ရေတိုးမြှင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ပတ်သက်၍ ကြိုတင်ကန့်သတ်ချက်မထားဘဲ ဆွေးနွေးလျက်ရှိပြီး အချို့အဖွဲ့များနှင့်လည်း ဆွေးနွေးနိုင်ရေးချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ လူငယ်များ စာရိတ္တမြင့်မားရေးအတွက် ပြည်သူ့နီတိနှင့် (၃၈)ဖြာမင်္ဂလာကို သင်ကြားပေးလျက်ရှိပြီး ဒီမိုကရေစီအနှစ်သာရကိုလည်းသိရှိအောင် သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျွန်းစိုက်ခင်းများတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးသွားရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏အထိမ်းအမှတ် မော်ကွန်းဥပဒေပြဋ္ဌာန်းနိုင်ရေး ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

■ ■ ■

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

## ( ၂၃ - ၇ - ၂၀၂၂ )





မိမိတို့၏ မိသားစုဂုဏ်၊ ပညာသင်ကြားခဲ့သည့် **ကျောင်းတော်ကြီး၏ဂုဏ်ဆောင်နိုင်ခြင်းမှသည် အမိနိုင်ငံတော်၏ဂုဏ်ကို ထွန်းလင်းပြောင်စေသည့် မြန်မာ့လူငယ်များဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊** ကျောင်းသူ၊ ကျောင်းသားဘဝတွင် တပည့်ကောင်းဖြစ်အောင် ကြိုးစားခဲ့သကဲ့သို့ တစ်နေ့နေ့တစ်ချိန်ချိန်တွင် တိုင်းပြည်ကို ပြန်လည်ဦးဆောင်ရမည့်သူများ ဖြစ်လာကြဦးမည်ဖြစ်သည့်အတွက် **နောင်အနာဂတ်အချိန်တွင်လည်း စည်းကမ်းကောင်းမွန်သည့် ဆရာကောင်းများ၊ ခေါင်းဆောင်ကောင်းများဖြစ်လာကြရေး ဆက်လက်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇူလိုင်လ ၂၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား၌ ဂုဏ်ပြုအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး

ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)နှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မျိုးဆက်သစ်မောင်မယ်များအနေဖြင့် ပညာကိုမြတ်နိုးပြီး ကြိုးစားချင်စိတ်များ ပိုမိုပေါ်ထွန်းလာစေရေး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ ဂုဏ်ပြုဆုများကို နှစ်စဉ်ပေးအပ်ချီးမြှင့်ခဲ့သည်မှာ ယနေ့ကာလတိုင်ရှိခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ယခင်နှစ်များတွင် ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေများကြောင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပပြုလုပ်နိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ်တွင်(၂)နှစ်စာ စုပေါင်းချီးမြှင့်ပေးအပ်ခြင်းပင်ဖြစ်ကြောင်း။

**ဟန်ချက်ညီသည့် ပညာရေးစနစ်**

**“ပညာရဲရင့် ပွဲလယ်တင့်”၊ “ပညာရွှေအိုး လူမခိုး”** ဟူသည့်ဆိုရိုးများသည် ပညာ၏အရေးပါမှုကို ဖော်ညွှန်းထားခြင်းဖြစ်သကဲ့သို့ အခြားဆောင်ပုဒ်များ၊ ကဗျာ၊ လင်္ကာများဖြင့်လည်း ပညာ၏အခန်းကဏ္ဍများကို ဖော်ပြခဲ့ကြကြောင်း၊ ပညာရေးကဏ္ဍတွင် ခေတ်ကာလနှင့်လျော်ညီသည့်ပြဋ္ဌာန်းချက်များဖြင့် သင်ရိုးညွှန်းတမ်းများကိုပြုစုပြီး ဟန်ချက်ညီသည့် ပညာရေးစနစ်ကို အကောင်အထည်ဖော်ပေးနိုင်ခဲ့သကဲ့သို့ ဆရာများ၏အရည်အသွေးများ တိုးတက်လာစေရေးကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အခြေခံလိုအပ်ချက်များဖြစ်သည့် မိဘ၊ ဆရာ၊ ကျောင်းသား၊ တာဝန်ရှိသူများပူးပေါင်းဆောင်ရွက်မှု၊ အခြေခံအဆောက်အဦစသည်များ ကောင်းမွန်စေရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့်တပ်မတော်တို့ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြကြောင်း။

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်(Humen Resources)ကို အဓိကအဖြစ်လက်ခံထားကြကြောင်း၊ လူသားအရင်းအမြစ်ဟူသည် “ပညာ” အပေါ်အဓိကမူတည်တည်ဆောက်ခြင်းဖြစ်ပြီး ပညာရေးရင်းနှီးမြှုပ်နှံမှုကို အဓိကအလေးထား လုပ်ဆောင်ကြသည်ကို တွေ့ရှိရမည်ပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈(ဂ)အရ နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ဖော်ဆောင်ရမည်၊ ပုဒ်မ ၃၆၆ အရ **“နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနဲ့အညီ(က)ပညာသင်ကြားပိုင်ခွင့်ရှိသည်၊ (ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်”**ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအပေါ်အခြေခံပြီး မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေကို လေ့လာဆန်းစစ်ကြည့်သည့်အခါတွင် ယနေ့ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့်သူများသည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် သူငယ်တန်း စတင်တက်ရောက်ခဲ့ပြီး ၁,၁၈၇,၃၆၂ ဦးရှိကြောင်း၊ မူလတန်းအောင်မြင်၍ အလယ်တန်းအဆင့် ပဉ္စမတန်းသို့တက်ရောက်နိုင်သူ ၈၀၈,၈၇၈ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၆၈ ဒသမ ၁၂ ရာခိုင်နှုန်းသာ တန်းစဉ်ကူးပြောင်းခဲ့ကြောင်း တွေ့ရှိရကြောင်း၊ ၃၁ ဒသမ ၈၈ ရာခိုင်နှုန်းသည် မူလတန်းအဆင့်မှာပင် ကျန်ပါကြောင်း။

အလယ်တန်းအဆင့်မှ အထက်တန်းအဆင့် နဝမတန်းသို့တက်ရောက်နိုင်ခဲ့သူ ၅၈၅,၁၈၂ ဦးရှိသည့်အတွက် စတင်ကျောင်းနေသူဦးရေ၏ ၄၉ ဒသမ ၂၈ ရာခိုင်နှုန်းရှိပြီး ၅၀ ဒသမ ၇၂ ရာခိုင်နှုန်းကျန်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နဝမတန်းမှတက္ကသိုလ်ဝင်တန်းတက်ရောက်နိုင်သူသည် ၂၃၂,၁၄၈ ဦးရှိသဖြင့် စတင်ကျောင်းနေသူဦးရေ၏ ၁၉ ဒသမ ၅၅ ရာခိုင်နှုန်းသာရှိပြီး ၈၀ ဒသမ ၄၅ ရာခိုင်နှုန်းကျန်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းဖြေဆိုရာတွင် ကျောင်းတွင်း၊ ပြင်ပဖြေဆိုအင်အား စုစုပေါင်း ၂၈၁,၇၅၁ ဦးရှိပြီး အောင်မြင်သူ ၁၃၂,၀၇၇ ဦးအောင်မြင်သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်း ၄၆ ဒသမ ၈၈ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း။

ထို့ကြောင့် တန်းစဉ်ကူးပြောင်းနိုင်မှုမရှိဘဲ လျော့နည်းသွားသည့်အင်အားသည် မူလတန်းတွင် ၃၁ ဒသမ ၈၈

ရာခိုင်နှုန်းနှင့် အလယ်တန်းတွင် ၂၇ ဒသမ ၆၅ ရာခိုင်နှုန်း ရှိကြောင်း၊ **ယခု ၁၀ နှစ်ကာလအတွင်း၌ ပညာရေးအခြေအနေသည် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်ကို ကျော်လွန်ပြီး အထက်တန်းအဆင့်၊ တက္ကသိုလ်တက်ရောက်နိုင်သည့် အဆင့်ရှိသူ အလွန်နည်းပါးနေသည်ကို တွေ့ရှိရသည်ဖြစ်သည့်အတွက် ဆယ်စုနှစ်များစွာဆိုပါက နိုင်ငံအတွက်လိုအပ်သည့် ပညာတတ်အင်အားများစွာ လိုအပ်ချက်ရှိနေသည်ကို သုံးသပ်တွေ့ရှိရမည်ဖြစ်**ကြောင်း။

၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၏ တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း ၄၆ ဒသမ ၈၈ ရာခိုင်နှုန်းရှိရာ၌ အချို့သော တပ်မတော်ပညာရေးကျောင်းများနှင့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများသည် ကျောင်းအလိုက်အောင်ချက် ၄၅ ရာခိုင်နှုန်းအထက်ရှိပြီး တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းတစ်ကျောင်းဖြစ်သည့် အ.ထ.က (၂)မင်္ဂလာဒုံသည် အောင်ချက် ၈၈ ဒသမ ၃၈ ရာခိုင်နှုန်း၊ တပ်မတော်ပညာရေးကျောင်းများအတွင်း၌ အမှတ်(၂)ပညာရေးကျောင်းသည် ၈၈ ဒသမ ၂၄ ရာခိုင်နှုန်းနှင့် အသီးသီး အောင်မြင်ခဲ့ကြောင်း ဂုဏ်ယူဖွယ်ရာတွေ့ရကြောင်း။

ထို့ကြောင့် အ.ထ.က(၂) မင်္ဂလာဒုံနှင့် အမှတ်(၂) ပညာရေးကျောင်းတို့မှ အစပြု၍ အောင်ချက်မြင့်မားသည့် ကျောင်းများက သက်ဆိုင်သူအားလုံးတို့၏ ကြိုးစားအားထုတ်မှုပိုင်းကို ချီးမွမ်းဂုဏ်ယူပါကြောင်းနှင့် အောင်ချက်ရာခိုင်နှုန်းကျဆင်းနေသေးသည့် ကျောင်းများအနေဖြင့်လည်း အလားတူအောင်မြင်မှုမျိုးရရှိကြရေးအတွက် စံနမူနာယူ အားထုတ်ကြိုးပမ်းသွားကြရန်လိုကြောင်း။

**“ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏”ဟူသည့် မာဃဒေဝလင်္ကာလေးအတိုင်း ပညာ၏တန်ဖိုးကို သိနားလည်မှုနှင့်အတူ မိမိတို့တွင် ရှိပြီးသားခံယူချက်ကောင်းများနှင့် အနာဂတ်ဘဝခရီးကို ဆက်လက်ကြိုးစား လျှောက်လှမ်းသွားကြရမည်ဖြစ်၊ ပညာပြည့်ဝ ရုံတင်မဟုတ်ဘဲ သန့်ရှင်းဖြူစင်သည့် ကိုယ်ကျင့်တရားများရှိနေစေရေးအတွက်လည်း အမြဲကျင့်ကြံနေထိုင်သွားကြရန်လိုအပ်၊ ထိုမှသာလျှင် မိမိတို့တတ်မြောက်ပြီးသား ပညာရပ်များကို မှန်ကန်စွာအသုံးချနိုင်သူများ ဖြစ်လာကြမည်ဖြစ်။**

**ချီးမြှင့်ထိုက်သူများ**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်များတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းသားသမီးများ၏ အောင်မြင်မှုများကို ကြည့်လိုက်မည်ဆိုပါက (၆) ဘာသာဂုဏ်ထူးရှင် ၈၃ ဦး၊ (၅) ဘာသာဂုဏ်ထူးရှင် ၁၉၁ ဦး၊ (၄) ဘာသာဂုဏ်ထူးရှင် ၂၇၄ ဦး၊ (၃) ဘာသာဂုဏ်ထူးရှင် ၄၂၇ ဦး၊ (၂) ဘာသာဂုဏ်ထူး ၇၉၀ ဦး၊ (၁) ဘာသာဂုဏ်ထူး ၂,၉၀၉ ဦးရှိသည်ကိုတွေ့ရပါကြောင်း၊ ထို့အပြင် (၃) ဘာသာ ဂုဏ်ထူးရ စစ်သည် ၁ ဦး၊ (၂) ဘာသာဂုဏ်ထူးရ စစ်သည် ၆ ဦး၊ (၁) ဘာသာဂုဏ်ထူးရ စစ်သည်၁၃၄ ဦးရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် ဘက်စုံထူးချွန်သူ ၃၅ ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းဆုရရှိသူ ၁၁ ဦး၊ တက္ကသိုလ်ပညာသင်ဆုရရှိသူ ၈၅ ဦးရရှိကြသည့်အတွက် နှစ်စဉ်ပညာရေး အောင်မြင်မှုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့်တပ်မတော်အနေဖြင့် ချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်သည်ကိုလည်း ပြောကြားလိုကြောင်း။

**ယနေ့ အခမ်းအနားတွင် (၆) ဘာသာဂုဏ်ထူးရရှိသူ ၇၅ ဦး၊ (၅) ဘာသာဂုဏ်ထူးရရှိသူ ၁၇၈ ဦး၊ (၂) ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ၆ ဦးနှင့် ဘက်စုံထူးချွန် သူ ၁၆ ဦးတို့ကို ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး ကျန်ဆုရရှိသူများကို တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်**ကြောင်းနှင့် ပညာထူးချွန်ကြသူများအပြင် အောင်ချက် အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများကိုလည်း ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

**ရွေးချယ်ချီးမြှင့်ပေးခဲ့**

စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်း သားသမီးများအတွက် တပ်မတော်မှ တက္ကသိုလ်ပညာသင်ဆုများကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်မှုရမှတ်များအလိုက် အမှတ်အများဆုံးရရှိသူများကို ရွေးချယ်ချီးမြှင့်ပေးခဲ့ရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊ အဆင့်မြင့်နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ စိုက်ပျိုးရေး တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဝိဇ္ဇာ/သိပ္ပံ ထူးချွန်သူများ၊ ရေကြောင်းတက္ကသိုလ်နှင့် လေကြောင်းတက္ကသိုလ်တို့အတွက် တက္ကသိုလ်ပညာသင်ဆုရရှိသူ စုစုပေါင်း ၄၈၉ ဦးကို ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း။

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်နှင့်အညီ ဆက်လက်လျှောက်လှမ်းရမည့် ဘဝအနာဂတ်ခရီးတွင်လည်း မောင်တို့မယ်တို့ကျောင်းခန်းထဲတွင် တွေ့ခဲ့ရသည့် **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဟူသည့် ဆောင်ပုဒ်လေးကို မမေ့မလျော့ဘဲ နေသွားကြရန်လိုအပ်ကြောင်း၊ မောင်တို့မယ်တို့သည် မိဘဆရာသမားများ၏ ပြောဆိုဆုံးမမှုအောက်တွင် ကောင်းမွန်သည့်စည်းကမ်းများ၊ ကိုယ်ကျင့်တရားများနှင့်အညီ ကြိုးစားအားထုတ်ခဲ့ကြသောကြောင့် ယခုကဲ့သို့ အခမ်းအနားကြီးကို တက်ရောက်ခွင့်ရခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ကျောင်းသူ ကျောင်းသားဘဝတွင် တပည့်ကောင်းဖြစ်အောင် ကြိုးစားခဲ့သကဲ့သို့ တစ်နေ့နေ့တစ်ချိန်ချိန်တွင် တိုင်းပြည်ကိုပြန်လည်ဦးဆောင်ရမည့်သူများ ဖြစ်လာကြဦးမည်ဖြစ်သောကြောင့် နောင်အနာဂတ်အချိန်တွင်လည်း စည်းကမ်းကောင်းမွန်သည့် ဆရာကောင်းများ၊ ခေါင်းဆောင်ကောင်းများ ဖြစ်လာကြရေးတိုက်တွန်းမှာကြားလိုကြောင်း။

**ပညာမှတစ်ဆင့် မြစ်ဖျားခံ**

ကမ္ဘာကြီးဖြစ်ပေါ်တိုးတက်လာမှုသည် လူသားများ၏ တီထွင်ကြံဆမှုများကြောင့်ပင်ဖြစ်ကြောင်း၊ ခေတ်အလိုက်ပြောင်းလဲလာသည့် စက်မှုကဏ္ဍ၊ နည်းပညာကဏ္ဍ၊ အာကာသဆိုင်ရာပညာရပ်များနှင့် ဆေးဘက်ဆိုင်ရာပညာရပ်များသည် ပညာမှတစ်ဆင့်မြစ်ဖျားခံခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက် (၉) ရပ်ထဲတွင် **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဟူသည့်အချက်ကို မောင်တို့မယ်တို့ တွေ့ရှိရမည်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းများအရ နိုင်ငံသားအားလုံး၏ ၃ ပုံ ၁ ပုံခန့်သည် အလယ်တန်းအဆင့်အထိသာ ပညာသင်ကြားခဲ့ကြရသည်ကို တွေ့ရှိခဲ့ရကြောင်း။ ထို့ကြောင့် စနစ်သစ်ပညာရေးကို KG+12 ထိ ဖော်ဆောင်လျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံဥပဒေအရ မူလတန်းပညာမသင်မနေရဟု ပြဋ္ဌာန်းထားသော်လည်း မိမိတို့အစိုးရအနေဖြင့် KG+9 အခြေခံပညာလယ်တန်းအဆင့်အထိ ကျောင်းနေအရွယ် ကလေးငယ်တိုင်း ပညာသင်ကြားခွင့်ရရေးနှင့် အောင်မြင်စေရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**"ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ် ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏"**ဟူသည့် မာဃဒေဝ လင်္ကာလေးအတိုင်း ပညာ၏တန်ဖိုးကိုသိနားလည်မှုနှင့်အတူမိမိတို့တွင် ရှိပြီးသားခံယူချက်ကောင်းများနှင့် အနာဂတ်ဘဝခရီးကို ဆက်လက်ကြိုးစား လျှောက်လှမ်းသွားကြရမည်ဖြစ်ကြောင်း၊ ပညာပြည့်ဝရုံတင်မဟုတ်ဘဲသန့်ရှင်းဖြူစင်သည့် ကိုယ်ကျင့်တရားများရှိနေစေရေးအတွက်လည်း အမြဲကျင့်ကြံနေထိုင်သွားကြရန်လိုအပ်ကြောင်း၊ ထိုမှသာလျှင် မိမိတို့တတ်မြောက်ပြီးသားပညာရပ်များကို မှန်ကန်စွာ အသုံးချနိုင်သူများ ဖြစ်လာကြမည်ဖြစ်ကြောင်း။

ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတွင်လည်း ယုံကြည်ချက် ခံယူချက်ကောင်းများနှင့် ပညာကိုဆက်လက်ကြိုးစားသင်ယူသွားကြရမည်ဖြစ်ကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ကိုနှလုံးသွင်းပြီး အတတ်ပညာများကို ဆည်းပူးသကဲ့သို့ အသိပညာပိုင်းဆိုင်ရာတွင်လည်း အားနည်းမှုမရှိစေအောင် ကြိုးစားအားထုတ်ကြစေလိုကြောင်း၊ မိမိတို့၏မိသားစုဂုဏ်၊ ပညာသင်ကြားခဲ့သည့် ကျောင်းတော်ကြီး၏ ဂုဏ်ဆောင်နိုင်ခြင်းမှသည် အမိနိုင်ငံတော်၏ဂုဏ်ကို ထွန်းလင်းပြောင်စေသည့် မြန်မာ့လူငယ်များဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

■ ■ ■

# ၂၀၂၂ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂၅ - ၇ - ၂၀၂၂ )





၂၀၂၂ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းဆည်အနီး၌ ဇူလိုင်လ ၂၅ ရက် နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**သစ်တော၊ သစ်ပင်များ၏ဖြစ်တည်မှုသည် လူအပါအဝင် သက်ရှိသတ္တဝါအားလုံးတို့ အသက်ရှင်တည်မြဲနိုင်ရေး အတွက် ဂေဟကွင်းဆက်တစ်ခုပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နှစ်စဉ်နှစ်တိုင်း သစ်ပင်စိုက်ပွဲတော်များ ပြုလုပ်လာသည်မှာ ဆယ်စုနှစ်တစ်ခုမက တိုင်ခဲ့ပြီဖြစ်ပြီး သစ်ပင်စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ နှစ်စဉ်မိုးရာသီရောက်တိုင်း သစ်ပင်စိုက်ပျိုးပွဲတော်များကို ပြုလုပ်ကျင်းပကြကာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးများ၊ အဖွဲ့အစည်းများအလိုက် စိုက်ပျိုးလျက်ရှိကြောင်း၊ သစ်တော၊ သစ်ပင်များ၏ဖြစ်တည်မှုသည် လူအပါအဝင် သက်ရှိသတ္တဝါအားလုံး အသက်ရှင်တည်မြဲနိုင်ရေးအတွက် ဂေဟကွင်းဆက်တစ်ခုပင်ဖြစ်ကြောင်း၊ လူနှင့်သတ္တဝါတို့ အသက်ရှင်ရပ်တည်ရေးအတွက် သစ်တော၊သစ်ပင်

များသည် အရေးပါလျက်ရှိကြောင်း၊ လူနှင့်သတ္တဝါတို့ကြောင့် ဖြစ်ပေါ်လာသည့် အဆိပ်အတောက်၊ ဓာတ်ငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုက်တို့ကိုစုပ်ယူပေးပြီး လူနှင့်သတ္တဝါတို့ အသက်ရှူသွင်းရန် အောက်ဆီဂျင်ဓာတ်ငွေ့ကို သစ်ပင်များက ထုတ်လွှတ်ဖြည့်ဆည်းပေးထားခြင်းဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် သစ်ပင်စိုက်ပျိုးရာတွင် အဖြစ်သဘောမျိုး၊ ဝတ်ကျေတမ်းကျေစိုက်ပျိုးကြခြင်းမျိုးမဟုတ်ဘဲ သစ်စေ့မှတစ်ဆင့်သန်စွမ်းသည့် ပျိုးပင်ဖြစ်စေရန် ပျိုးထောင်သည့်စနစ်၊ ယင်းပျိုးပင်ကို မြေချစိုက်ပျိုးသည့်စနစ်၊ စိုက်ပြီးသစ်ပင်များကို ရှင်သန်စေရန် စိုက်ပျိုးပြုစုသည့်စနစ်၊ စိုက်ပြီးသစ်ပင်များအနက် ရှင်သန်ခြင်းမရှိသည့် သစ်ပင်များနေရာတွင် အစားထိုးစိုက်ပျိုးသည့်စနစ်တို့ဖြင့် စိုက်ပျိုးသည့်အပင်များ အမှန်တကယ် ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် စနစ်တကျ စီမံစိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ အပင်စိုက်ပျိုးရန်အတွက် လုံလောက်သည့် မြေနေရာ ရှိ/မရှိ၊ စိုက်ပြီးသည့်အပင်များ ပေါင်းမြက်၊ လောင်းရိပ်များ ရှင်းလင်းပေးမှုရှိ/မရှိ၊ အပင်များအတွက် အစိုဓာတ်လုံလောက်မှုတမှု ရှိ/မရှိ၊ အပင်ရှင်သန်ကြီးထွားစဉ် စားသုံးရန်လုံလောက်သည့် မြေသြဇာပမာဏ ပြည့်/မပြည့် စသည့်အချက်များအထိ ထည့်သွင်းတွက်ချက်စိုက်ပျိုးကြရမည်ဖြစ်ကြောင်း။

**သစ်ပင်စိုက်ပျိုးပွဲများ၏ အောင်မြင်မှုအကျိုးရလာဒ်ကို ဆက်လက်ထိန်းသိမ်းကြရမည်**

တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ ယခုကဲ့သို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပလာခဲ့ရာ ၂၀၂၁ ခုနှစ်အထိ (၃၂)ကြိမ်၊ အပင်စုစုပေါင်း (၁၆၈၀၈၈၇)ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ပထမအကြိမ်၌ ၄,၃၀၄ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အောင်မြင်ဖြစ်ထွန်းမှုအနေဖြင့် ၆၀ ရာခိုင်နှုန်းအောက်ရောက်သည့်နှစ် ၅ နှစ်သာရှိခဲ့ပြီး ကျန်နှစ်များအားလုံး အောင်မြင်ဖြစ်ထွန်းမှု ၈၀ ရာခိုင်နှုန်းနှင့်အထက်ရှိသည့် မှတ်တမ်းကောင်းများ ရရှိပိုင်ဆိုင်ထားကြောင်းနှင့် ယင်းမှတ်တမ်းကောင်းကို ဆက်လက်ထိန်းသိမ်းသွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော်အနေဖြင့် နှစ်စဉ်ကျင်းပသည့် သစ်ပင်စိုက်ပွဲတော်များတွင် ဒေသမျိုးရင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက်ဖူးပွင့်နိုင်သည့်အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အမြဲစိမ်းသစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည့် ဒေသနှင့်ကိုက်ညီသင့်လျော်ပြီး တန်ဖိုးရှိသည့်အပင်မျိုးစိတ်များကို စနစ်တကျရွေးချယ်ပြီး အစီအစဉ်တကျ စိုက်ပျိုးနေကြောင်း။

**သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် လူ့အသိုက်အဝန်းတစ်ရပ်အဖြစ် ရပ်တည်နိုင်မည်**

ထို့ကြောင့် မိမိတို့တပ်မတော်သားများမှအစပြု၍ မိမိတို့နိုင်ငံသားများအနေဖြင့် တစ်ဦးချင်းတစ်ယောက်ချင်းမှ အုပ်စုလိုက်၊ အဖွဲ့အစည်းလိုက်၊ ကျေးရွာလိုက်၊ မြို့နယ်လိုက် သစ်ပင်စိုက်ပျိုးထိန်းသိမ်းသည့် အလေ့အထရှိသူများဖြစ်လာမည်ဆိုပါက တစ်နိုင်ငံလုံးသည် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် လူ့အသိုက်အဝန်းတစ်ရပ်အဖြစ် ရပ်တည်လာနိုင်မည်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဖြစ်လာမည်ဆိုပါက မိမိတို့နိုင်ငံသားများအနေဖြင့်လည်း သာယာနေပျော်ဖွယ်ကောင်းသည့် သဘာဝပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို မလွဲမသွေပိုင်ဆိုင်လာကြမည်ဖြစ်ကြောင်း၊ ကောင်းမွန်မျှတသည့် ရာသီဥတုနှင့် လတ်ဆတ်သန့်စင်သည့် လေကောင်းလေသန့် ပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ရကြမည်ဖြစ်သဖြင့် ကျန်းမာကြံ့ခိုင်ပြီး လူ့သက်တမ်းစေ့နေထိုင်နိုင်သည့် လူ့အသိုက်အဝန်းတစ်ရပ်အဖြစ်လည်း မလွဲမသွေရောက်ရှိလာကြမည်ပင်ဖြစ်ကြောင်း။

သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်ကို သွယ်ဝိုက်သည့်နည်းလမ်းအသွယ်သွယ်ဖြင့် အကျိုးကျေးဇူးဖြစ်ထွန်းစေသည့်အပြင် တိုက်ရိုက်အကျိုးပြုခြင်းလည်း အများအပြားရှိနေကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများမှ ဒီရေတောများဆိုပါက လေထုအတွင်းမှ ကာဗွန်ဓာတ်ငွေ့ကို ဖယ်ထုတ်ပေးရာတွင် အဓိကအရေးပါပြီး အင်အားကြီးမားသည့် မုန်တိုင်းကြီးများ၏ သက်ရောက်မှုပြင်းအားကို လျှော့ချပေးနိုင်သည့်အပြင် ဦးတည်ရာအရပ်ပြောင်းလဲသွားရန်လည်း အထောက်အကူပြုနိုင်သည်ကို မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ကြရဖူးသည့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် အထင်အရှား တွေ့မြင်ခဲ့ကြရပြီးဖြစ်ကြောင်း။

ကုန်းတွင်းပိုင်းဒေသများဆိုပါကလည်း သစ်တောသစ်ပင်များက မြေဆီလွှာကို ထိန်းသိမ်းပေးနိုင်သောကြောင့် လယ်ယာကိုင်းကျွန်းမြေများ အောင်မြင်ဖြစ်ထွန်း

ခြင်း၊ မြေအောက်ရေကို ထိန်းသိမ်းပေးနိုင်ခြင်းတို့ကြောင့် ရေတွင်းရေကန်နှင့် သဘာဝစမ်းချောင်းများ တည်မြဲနေခြင်းဖြစ်ပြီး မြစ်ရေတိုက်စား၍ ကမ်းပါးပြိုခြင်းနှင့် မိုးများ၍ မြေပြိုသည့်ဖြစ်စဉ်များအပေါ် တိုက်ရိုက်ကာကွယ်လျှော့ချပေးခဲ့သည်များကို သိမြင်မိကြမည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းသည် မိမိအတွက်ဆိုခြင်းထက် အများအတွက်ဟူသည့် ကုသိုလ်စေတနာသဒ္ဓါတရားရှေ့ဆောင်ပြီး ပြုလုပ်အားထုတ်သည့်အလုပ်တစ်မျိုးဖြစ်သည့်အတွက် ဘာသာတရားပိုင်းအမြင်ဖြင့်လည်း ကောင်းမွန်သင့်မြတ်သည့် အလုပ်ဖြစ်ကြောင်း။

**စိုက်ပျိုးသည့်အပင်များ အမှန်တကယ်ရှင်သန် အောင်မြင်ဖြစ်ထွန်းစေရန် စနစ်တကျစီမံစိုက်ပျိုး**

စိုက်ပျိုးပြီးစီးခဲ့သည့် အပင်တိုင်းကို စတင်စိုက်ပျိုးပြီးချိန်မှစ၍ စဉ်ဆက်မပြတ် စောင့်ကြည့်သည့်စနစ် ထူထောင်သွားရမည်ဖြစ်ပြီး ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းစဉ်များကို ရာသီအလိုက်၊ အပင်သက်တမ်းအလိုက် မပျက်မကွက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် အဖြစ်သဘောမျိုး၊ ဝတ်ကျေတမ်းကျေ စိုက်ပျိုးကြခြင်းမျိုးမဟုတ်ဘဲ စိုက်ပျိုးသည့်အပင်များ အမှန်တကယ်ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် စနစ်တကျ စီမံစိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပြီးသစ်ပင်များ ရှင်သန်စေရန် စိုက်ပျိုးပြုစုသည့်စနစ်၊ စိုက်ပြီးသစ်ပင်များအနက် ရှင်သန်ခြင်းမရှိသည့် သစ်ပင်များနေရာ၌ အစားထိုးစိုက်ပျိုးသည့်စနစ်တို့ဖြင့် စီမံစိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သားများ လုပ်ဆောင်ကြရသည့် အဓိကလုပ်ငန်း တာဝန်ကြီးသုံးရပ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တစ်ရပ်အဖြစ်ပါဝင်သည့် ပြည်သူ့သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်များတွင် တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၂၉ - ၇ - ၂၀၂၂ )



ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၂)ကို ဇူလိုင်လ ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမဦးကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံရေးနှင့်ပတ်သက်ပြီး မိမိတို့တာဝန်စတင်ယူချိန်မှစ၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့်ဦးတည်ချက် ၉ ရပ်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များတွင် နိုင်ငံရေးအရရည်မှန်းချက်ပန်းတိုင်သည် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးပင်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်တွင် သဘောထားကွဲလွဲပိုင်ခွင့်များရှိကြောင်း၊ ဒီမိုကရေစီစနစ် ကျင့်သုံးသည့်နိုင်ငံတိုင်းတွင် နိုင်ငံရေးအယူအဆကွဲပြားစွာဖြင့် ဆောင်ရွက်နေသည့် ပါတီများ၊ တစ်ပါတီတည်းဖြစ်သော်လည်း သဘောထားကွဲလွဲမှုရှိသည့် အုပ်စုများရှိနေသည်ကို သဘာဝကျကျတွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရရှိချိန်၌ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပြီး ဖဆပလပါတီတစ်ခုတည်းကသာ နိုင်ငံကို ဦးဆောင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြားပါတီများသည် ပါတီငယ်များသာဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဖဆပလအတွင်း သဘောထားကွဲလွဲမှုများဖြစ်ပေါ်၍ အုပ်စုများကွဲခဲ့သည်ကိုတွေ့ရကြောင်း၊ လူပုဂ္ဂိုလ်သို့မဟုတ် အုပ်စု၏ အာဏာတည်ဆောက်မှုများ၊ နိုင်ငံရေးမရင့်ကျက်မှုများကြောင့် ပါတီအတွင်း နိုင်ငံရေးအရ ထွက်ပေါက်ရှာကြရာမှ အုပ်စုများကွဲခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

၁၉၆၂ခုနှစ်တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ဗဟိုဦးစီးစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီထူထောင်၍ တစ်ပါတီစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက တစ်ပါတီစနစ်ဖြင့် ပါတီအတွင်းတူညီသည့်ဆိုရှယ်လစ်အယူအဆဖြင့်သွားနိုင်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ထိုသို့ကြိုးပမ်းဆောင်ရွက်ချိန်တွင်လည်း ဆိုရှယ်လစ် အယူအဆများအပေါ်တူညီမှုမရှိခဲ့ကြောင်း၊ အခြားပါတီများဖွဲ့စည်းခွင့်မရှိဘဲ ပါတီတစ်ခုတည်းသာရှိသောကြောင့် နိုင်ငံရေးထွက်ပေါက်များမရှိခဲ့ကြောင်း၊ ထို့ကြောင့်ပါတီအတွင်း အုပ်စုကွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရပြီး ပါတီနိုင်ငံရေးမဟုတ်သော်လည်း ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပါတီများဖွဲ့စည်းခွင့်ပေး၍ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်ကိုတင်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီ ပထမအစိုးရတက်လာခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သဖြင့် နိုင်ငံရေးထွက်ပေါက်များရရှိခဲ့ကြောင်း၊ နိုင်ငံရေးထွက်ပေါက်များမှတစ်ဆင့် ဖြစ်ပေါ်ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ရာ အားသာချက်များရှိသကဲ့သို့ အားနည်းချက်များလည်းရှိခဲ့ကြောင်း၊ တည်ဆဲဥပဒေကို မချိုးဖောက်သရွေ့ ကန့်သတ်ချုပ်ချယ်မှုများ မရှိခဲ့ဘဲ လွတ်လပ်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်ကြောင့် နိုင်ငံရေးအရ မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အတတ်နိုင်ဆုံးဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးနှင့်ပတ်သက်၍ ထွက်ပေါက်များပေးထားကြောင်း၊ နိုင်ငံမငြိမ်သက်မှုများဖြစ်ပေါ်အောင်ဆောင်ရွက်မှုများမှလွဲ၍ ပါတီညီလာခံများ၊ အစည်းအဝေးများနှင့် ပါတီအချင်းချင်းတွေ့ဆုံပွဲများကို ခွင့်ပြုပေးထားကြောင်း၊ ဒီမိုကရေစီဆန်သည့် နိုင်ငံရေးထွက်ပေါက်များခွင့်ပြုပေးထားကြောင်း။

ဒီမိုကရေစီဆိုသည်မှာ တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ အများ၏သဘောတူညီမှုဖြင့်သာ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယင်းသည် “ဒီမိုကရေစီယဉ်ကျေးမှု” ဟုဆိုနိုင်ကြောင်း၊ အဆိုပါ ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုများ ပျက်စီးသွားပါက နိုင်ငံ၏တည်ငြိမ်မှုပျက်ပြားသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖြစ်နေသည့် နိုင်ငံရေးအခြေအနေများသည်ရှိနေသည့် နိုင်ငံရေးထွက်ပေါက်များကို မှန်မှန်ကန်ကန် အသုံးမချမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို လစာအပြင် ခံစားခွင့်များ တိုးမြှင့်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ၏တာဝန်ကိုထမ်းဆောင်ရန်ဖြစ်ပြီး နိုင်ငံရေးဆောင်ရွက်ရန် မဟုတ်ကြောင်း၊ နိုင်ငံရေးဆောင်ရွက်လိုပါက နိုင်ငံရေးလမ်းကြောင်းပေါ်မှ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ နိုင်ငံသားတစ်ဦးအနေဖြင့် လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိကြောင်း၊ သို့သော်တည်ဆဲဥပဒေဖြင့် တားမြစ်ထားသည့် သတ်မှတ်ပြဋ္ဌာန်းချက်များကို ချိုးဖောက်၍မရကြောင်း။

**နိုင်ငံတကာဆက်ဆံရေး**

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံတကာအသိုင်းအဝိုင်း၌ မိမိတို့ကိုဘေးဖယ်ရန် ကြိုးပမ်းခဲ့မှုများရှိကြောင်း၊ ၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းချိန်တွင် အချို့နိုင်ငံကြီးများက ၎င်းတို့အလိုကျဆောင်ရွက်နိုင်မည့်သူများကို မြန်မာ့နိုင်ငံရေး၏ အရေးပါသည့်နေရာများတွင် ပါဝင်နိုင်ရေးအချိန်ယူစိမ့်ဝင်၍ ရည်ရွယ်ချက်ရှိရှိကြံစည်လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့လိုလားသည့်သူများ နိုင်ငံရေးစင်မြင့်ပေါ်တွင်တည်မြဲစေရေး ငွေအား၊ လူအားနှင့် အကြံပေးများဖြင့် အဘက်ဘက်မှကူညီဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရကြောင်း၊ အကူအညီများပေးရာတွင်လည်း အရောင်အသွေးများဖြင့် ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်ကို ယခုအချိန်တွင်သိရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးစင်မြင့်ပေါ်တွင် ၎င်းတို့လိုလားသည့်သူများ မရှိတော့သည့်အချိန်တွင် ကူညီမှုများအကြောင်းအမျိုးမျိုးပြ၍ ရပ်တန့်သွားခဲ့ကြောင်း၊ အခြေခံဥပဒေသည် ပြည်သူများအသိအမှတ်ပြုထားသည့် ဥပဒေဖြစ်ပြီး မဲပေးခွင့်ရှိသူ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်း

ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမျက်ကွယ်ပြု၍ မိမိတို့အပေါ်တွင် ခွဲခြားဆက်ဆံမှုများ ကြုံတွေ့ရကြောင်း၊ အလားတူနိုင်ငံတကာဆက်ဆံရေးများတွင်လည်း မိမိတို့နိုင်ငံ၏ ပကတိအရှိတရားကို မျက်ကွယ်ပြု၍ ဆောင်ရွက်လျက်ရှိကြောင်း။

**ငြိမ်းချမ်းရေးရရှိရန်လိုအပ်မှု**

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်နေသည့်ဒေသများရှိ တိုင်းရင်းသားများ၏ နေထိုင်စားသောက်ရေးအတွက် ဆောင်ရွက်ပေးမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်လိုသည်များကို ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးချိန်တွင် မိမိတို့၏အမျိုးသားရေးရည်မှန်းချက်နှင့် နိုင်ငံရေးရည်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းရေး၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ပေါင်းထားသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ အဆိုပါအချက်များကို လက်ခံပြီးဖြစ်သဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ဆွေးနွေးနိုင်ပြီဖြစ်ကြောင်း၊ အမျိုးသားရေးရည်မှန်းချက်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်သည်ကို ပြောကြားခဲ့ကြောင်း၊ မိမိတို့၏နိုင်ငံရေး ဦးတည်ချက်တွင် နိုင်ငံရေးထွက်ပေါက်များပေးထားပြီး အဆိုပါနိုင်ငံရေးထွက်ပေါက်များကိုအသုံးချ၍ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲများကို လေ့လာကြည့်ပါက ရွေးကောက်ပွဲများကို မြို့နယ်များအားလုံးတွင် အပြည့်အဝမပြုလုပ်နိုင်ခဲ့ကြောင်း၊ နိုင်ငံရေးရလဒ်များကို တိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဆောင်ရွက်နေသည့် အခြေခံအချက်များ အခြေခိုင်မာစေရေး အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့တာဝန်ယူပြီးနောက်ပိုင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် ထပ်တိုး ၆ လမှစ၍ နိုင်ငံ၏တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှုများကို ပြန်လည်သုံးသပ်ရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင် အချို့သောဒေသများမှလွဲ၍ ကျန်ဒေသများတွင် ၂၀၂၁ ခုနှစ်ထက် များစွာတိုးတက်ပြောင်းလဲသွားကြောင်း၊ တည်ငြိမ်အေးချမ်းမှုများလည်း ရရှိလာပြီဖြစ်ကြောင်း၊ အချင်းချင်းယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်နိုင်မှသာ ခိုင်မာသည့်အခြေခံကောင်းများကို ရရှိမည်ဖြစ်ကြောင်း။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု**

မိမိတို့အနေဖြင့် ကြေညာထားသည့် ဦးတည်ချက်များအတိုင်း အောင်မြင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါဦးတည်ချက်များကို အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ၂၀၁၈ ခုနှစ်ကတည်းက စီးပွားရေးကျဆင်းခဲ့ခြင်းကို စာရင်းဇယားအချက်အလက်များကို ကြည့်ခြင်းဖြင့် သိရှိနိုင်ကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ပြည်တွင်းထုတ်ကုန်များ အားပေးမှုမရှိခဲ့ကြောင်း၊ သွင်းကုန်သာ

> **တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိ၊ ထို့ကြောင့် ပြည်တွင်းစီးပွားရေးကို အဓိကအားပေးရန်လို၊ ပြီးခဲ့သည့်အစိုးရလက်ထက်များဖြစ်သည့် လမ်းစဉ်ပါတီခေတ်တွင် ပြည်တွင်းစီးပွားရေးအားပေးခဲ့၊ တပ်မတော်အစိုးရလက်ထက်တွင် ငွေကြေးအခက်အခဲများကြောင့် Import first ဖြင့် ဆောင်ရွက်ခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်ခဲ့၊ ယခုအချိန်တွင် မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်၊ ပြည်တွင်းထုတ်ကုန်များ အရည်အသွေးကောင်းမွန်ရန်နှင့် ကုန်ထုတ်လုပ်မှုများ အားကောင်းအောင် အားပေးဆောင်ရွက်ရမည်ဖြစ်။**

ဦးစားပေးခဲ့ကြောင်း၊ နိုင်ငံစီးပွားရေးပြန်လည်ဦးမော့လာစေရေး မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း။

တိုင်းပြည်၏အားသည်ပြည်တွင်းမှာသာရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းစီးပွားရေးကို အဓိကအားပေးရန်လိုကြောင်း၊ ပြီးခဲ့သည့်အစိုးရလက်ထက်များဖြစ်သည့် လမ်းစဉ်ပါတီခေတ်တွင် ပြည်တွင်းစီးပွားရေးအားပေးခဲ့ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ငွေကြေးအခက်အခဲများကြောင့် Import first ဖြင့်ဆောင်ရွက်ခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်ခဲ့ကြောင်း၊ ယခုအချိန်တွင်မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်များ အရည်အသွေးကောင်းမွန်ရန်နှင့် ကုန်ထုတ်လုပ်မှုများ အားကောင်းအောင် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုဗစ်ကြောင့် ကျဆင်းသွားသည့် စီးပွားရေးကို ကုစားနိုင်ရန် ကျပ်ဘီလီယံ ၄၀၀ မတည်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Quick Win ဖြစ်စေမည့်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်သည့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများကို ဒုတိယဦးစားပေးအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လုပ်ငန်းသည် အများနှင့်သက်ဆိုင်သည့် လုပ်ငန်းဖြစ်သဖြင့် ပြည်သူအများစုအတွက်အကျိုးရှိမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်လာမည်ဆိုပါက ကုန်ထုတ်လုပ်မှုအပေါ်အခြေခံသည့် စီးပွားရေးကို ခိုင်မာအောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ပို့ကုန်သွင်းကုန်ကဏ္ဍနှင့်ပတ်သက်၍**

ပို့ကုန်သွင်းကုန်နှင့်ပတ်သက်၍ ပြန်လည်စိစစ်ကြည့်ရာ နယ်စပ်စခန်းများမှတင်ပို့မှုတွင် အစိုးရနှင့် ပုဂ္ဂလိကအနေဖြင့် ၈ ဘီလီယံကျော်ခန့်ရှိပြီး အစိုးရမှတင်ပို့မှုက ပုဂ္ဂလိကတင်ပို့မှုထက်များနေကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် SME လုပ်ငန်းများကို အားပေးရန်အတွက် လိုအပ်နေသေးသည်ကိုတွေ့ရှိရကြောင်း၊ ပို့ကုန်တစ်ခုတည်းဖြင့်ရပ်တည်၍မရဘဲ Non Trade များဖြင့်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားငွေသုံးစွဲမှုများရှိသကဲ့သို့ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း နိုင်ငံခြားငွေသုံးစွဲမှုများလည်းရှိကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေရရှိရေးအတွက် ကုန်သွယ်မှုတစ်ခုတည်းတွင် မှီခိုနေ၍မရကြောင်း၊ မိမိတို့နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားငွေများရရှိရေး ဝန်ကြီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**ပညာရေးတိုးတက်ရန်လိုအပ်မှု**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍနှင့်ပတ်သက်၍ပြောကြားရာတွင် "**ပညာရေးနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ ဇွန် ၂ ရက်နေ့ကစပြီးတော့ ကျွန်တော်တို့ပညာရေးကျောင်းတွေ အကုန်လုံးဖွင့်လိုက်တယ်။ တက္ကသိုလ်တွေလည်း ပုံမှန်သင်တန်းတွေ အကုန်လုံးဖွင့်ပါတယ်။ အဲ့ဒီတော့ အခြေခံကတော့ ဦးစားပေးပေါ့လေ။ အခြေခံပညာမှာ ၉ ဒသမ ၅ သန်းလောက် ကျွန်တော်တို့က ကျောင်းသားတက်မယ်လို့ မှန်းပါတယ်။ ဒါကတော့ Round Figure ပေါ့၊ Figure တစ်ခုအနေနဲ့ကျွန်တော်တို့က မှန်းလိုက်တာပေါ့။ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်မှာရှိတဲ့ ကျောင်းသားအရေအတွက်နဲ့ လူဦးရေတိုးတက်မှုနှုန်းနဲ့ပြန်ပြီးတော့ ချိန်ကြည့်တဲ့အခါမှာ ၂၀၂၂–၂၀၂၃ မှာတော့ ၉ သန်းခွဲလောက်တော့ရှိနိုင်တယ်လို့ ကျွန်တော်တို့ကတွက်ပါတယ်။ ဒီထက်နည်းနည်းပိုရင်လည်း ပိုမှာပေါ့။ လျော့ရင်လည်း လျော့မှာပေါ့။ သို့သော်လည်း Round Figure ကတော့ ၉ ဒသမ ၅ သန်းလောက်ရှိတယ်။ နောက်ဆုံးအချိန်မှာ ၇ ဒသမ ၂ သန်းကျော် ကျောင်းတက်ပါတယ်။ အားလုံး အေးအေးချမ်းချမ်းနဲ့တက်နေကြတာပါ။ ဒီမှာ နှောင့်ယှက်တဲ့သူကတော့ တစ်နေရာစ၊ နှစ်နေရာစတော့ ရှိပါတယ်။ သို့သော်လည်းပဲ ပုံမှန်အတိုင်းကျွန်တော်တို့ ပညာရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်နေပါတယ်။ အဲ့ဒီတော့ နိုင်ငံတစ်ခုမှာလည်း ပညာရေးမြှင့်တင်မှုကအရေး**

ပါတဲ့ အနေအထားရှိပါတယ်။ ပညာရေးမမြှင့်တင်ရင် တိုင်းပြည်ဘယ်လိုလုပ်မှကို တိုးတက်မှုမရှိနိုင်ဘူး။ ကျွန်တော်တို့ ဆန်းစစ်ချက်တွေအရ ပညာရေးဟာ နိမ့်ပါးပါတယ်။ တော်တော်ကို စိတ်မကောင်းစရာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေတစ်ဝက်လောက်က၊ တစ်ဝက်ကျော်ကျော်လောက်က အခြေခံပညာအလယ်တန်းနဲ့ အောက်မှာပဲရှိတယ်။ အဲ့ဒီတော့ ဒီပညာရေးမြှင့်တင်မှုမလုပ်နိုင်ခဲ့လို့ရှိရင် ပညာရေးကိုအခြေခံပြီး အတတ် ပညာကို အခြေခံတဲ့စီးပွားရေးလုပ်ငန်းတွေဟာ၊ ဘယ်လိုမှ ခေတ်မီစရာအကြောင်းမရှိဘူး။ အစွရေးတို့ ဘာတို့၊ စိုက်ပျိုးရေးတို့၊ မွေးမြူရေးတို့၊ နည်းပညာတို့ ကောင်းတယ်ဆိုတာ ပညာတတ်တွေပေါ်တယ်။ စီးပွားရေးကောင်းတယ်။ ဝင်ငွေရှိတယ်။ ဝင်ငွေရှိတဲ့ အခါကျတော့ ပြည့်ပြည့်ဝဝစားနိုင်တယ်။ ပြည့်ပြည့်ဝဝစားနိုင်တော့ ကိုယ်ခံစွမ်းအားတွေ ကောင်းတာပေ့ါ။ ပြီးတော့ အဲ့ဒီအပေါ်မှာအခြေခံပြီးတော့၊ ကျန်းမာရေးနဲ့ပတ်သက်တာတို့ အားကစားနဲ့ပတ်သက်တာတို့ စနစ်တကျနဲ့လုပ်တဲ့အခါကျတော့ သူတို့ရဲ့ IQ ပေ့ါဗျာ။ ဉာဏ်ရည်တွေက ကျွန်တော်တို့ သာမာန်ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုထက်တော့ သာတာကိုသွားတွေ့ရတယ်။ ဒါ ရိုးရိုးသားသားပြောတာ၊ ဒီတိုင်းဝန်ခံတာဖြစ်ပါတယ်။ ကျွန်တော်တို့ အပြည့်အဝစားနိုင်ဖို့ အပြည့်အဝသုံးနိုင်ဖို့ ကိုယ်ခံစွမ်းအား တွေကောင်းလာလို့ရှိရင် ဉာဏ်ရည်ကထက်လာလိမ့်မယ်။ ဉာဏ်ရည်ထက်လာလို့ရှိရင် ပညာသင်ကြားရေးမှာလည်း ပိုပြီးတော့ အထောက်အကူရမယ်။ အဲ့ဒီတော့တစ်ဖက်က။ ဂျာအေးသူ့အမေရိုက်သလိုပဲ။ တစ်ဖက်ကအားနည်းချက်ရှိတော့၊ ကျောင်းမှာလည်း ပညာကောင်း ကောင်းမသင်နိုင်တဲ့အချိန်မှာ ပညာရေးကို စိတ်မဝင်စားဘူး။ စီးပွားရေးအားမကောင်းတဲ့အတွက်ကြောင့် မိဘကိုကူညီဖို့လည်း မိဘကနေခိုင်းတဲ့အခါမှာ ခုနကပြောသလိုစာမလိုက်နိုင်တဲ့ဟာရယ်။ မိဘကနေလုပ်ခိုင်းတဲ့အခါမှာ ပေါင်းစပ်တဲ့အခါကျတော့ကလေးကဒီအလယ်တန်း ပညာလောက်မှာတင် ဆုံးခန်းတိုင်သွားတဲ့သူတွေ များစွာ ဖြစ်လာစေတာကို သွားတွေ့ရပါတယ်။ အဲ့ဒါကြောင့် ဘက်ပေါင်းစုံကနေလုပ်ရမှာဖြစ်ပါတယ်။ ပညာရေးကောင်းချင်ရင်၊ ပညာရေးနဲ့ပတ်သက်ရင်ပညာရေးတစ်ခုတည်း ကျွန်တော်တို့အစိုးရ အားထည့် နေလို့မရဘူး။ ပြည်သူပြည်သားအားလုံးရဲ့လူမှုဘဝစီးပွားကို တက်အောင် လုပ်ပေးမှရမယ်။ အဲ့ဒီလိုသာမလုပ်နိုင်ဘူးဆိုရင် အတူတူပဲ။ တလည်လည်နဲ့ပဲ ဖြစ်နေမှာဖြစ်တယ်။ ဒါ့ကြောင့် ပညာရေးမြှင့်တင်မှုပိုင်းဟာ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့မဆိုင်ဘူး။ အားလုံးကဆိုင်ပါတယ်။ အားလုံးနဲ့ဆိုင်တယ်" ဟုပြောကြားသည်။

**ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး**

ကိုဗစ် – ၁၉ နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် ဖြစ်ပွားမှုနှုန်းများ မြင့်တက်လာလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်ပမှပြန်လည်ဝင်ရောက်သူများမှ ဖြစ်ပွားမှုပိုများသဖြင့် ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်သည့်ကန့်သတ်ချက်များကို လျှော့ချပေးထားသော်လည်း ရောဂါကူးစက်မှုနှုန်း ပြန်လည်မြင့်မားလာနိုင်ခြေရှိသဖြင့် မပေါ့ဆရန်လိုကြောင်း၊ ကိုဗစ်ကာကွယ်ဆေးအနေဖြင့် သန်း ၈၀ ခန့်လက်ခံရရှိခဲ့ပြီး ၇၂ သန်းခန့်ထိုးနှံပြီးဖြစ်ကြောင်း၊ အသက် ၁၈ နှစ်အထက်ထိုးနှံပြီးသူများပြားသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနသာမက ပြည်သူလူထုနှင့် အခြားအုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံးအနေဖြင့်လည်း ဝန်ကြီး ဌာနများအလိုက် ကာကွယ်ဆေးများထိုးနှံနိုင်ရေးနှိုးဆော်တိုက်တွန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုများမြင့်မားလာမည်ဆိုပါက ရောဂါကူးစက်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှလည်း ရောဂါကူးစက်မှုအခြေအနေများကိုလေ့လာ၍ သုတေသနပြုဆောင်ရွက်ရန် လိုကြောင်း၊ ပညာရေးနှင့်ကျန်းမာရေးသည် နိုင်ငံတိုးတက်ရေးအတွက်များစွာ အထောက်အကူဖြစ်စေကြောင်း၊ မိမိအနေဖြင့် **"ရှေ့သို့ချီ"** Moving Forward ဆိုသည့်အတိုင်း နိုင်ငံတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂)တွင် ပြောကြားသည့်အမှာစကား

## ( ၃၁ - ၇ - ၂၀၂၂ )



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး ( ၂/၂၀၂၂)ကို ဇူလိုင်လ ၃၁ ရက် နံနက်ပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့တက်ရောက်ကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအနေဖြင့် ကျန်းမာရေးအခြေအနေအရ အစည်းအဝေးမတက်ရောက်နိုင်ကြောင်း ခွင့်ပန်ကြားခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်ထမ်းဆောင်နေရစဉ်အတွင်း ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထိုသို့ပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံရေးအရ အရေးပေါ်

အခြေအနေကြေညာပြီး နိုင်ငံတာဝန်များကို ထမ်းဆောင်လာခဲ့သည်မှာ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ၁ နှစ်နှင့် ၆ လ(၁၈ လ) ပြည့်မြောက်မည် ဖြစ်ပါကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အကြီးအကဲများနှင့် အဖွဲ့ဝင်များပါဝင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၂)ကို ကျင်းပခဲ့ပြီး မိမိတို့အစိုးရ၏ တစ်နှစ်တာတာဝန်ထမ်းဆောင်ခဲ့မှုအခြေအနေကို တင်ပြခဲ့ပါကြောင်း၊ အဆိုပါကာလ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး ပထမ ၆ လ သက်တမ်းတိုးမြှင့်ရန် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက သဘောတူအတည်ပြုခဲ့ပါကြောင်း၊ သက်တမ်းတိုးမြှင့်ခဲ့သည့် ၆ လအတွင်း မိမိတို့အစိုးရ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ တိုးတက်ပြောင်းလဲလုပ်ဆောင်မှုများ ဆက်လက်လုပ်ဆောင်သွားမည့်အခြေအနေများကို တင်ပြသွားမည်ဖြစ်ပါကြောင်း။

**မဲစာရင်းကွာဟမှု**

ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ **"ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်"** ဟူသည့်အချက်ကို ဆောင်ရွက်နေမှုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက် ရက်စွဲပါ အမိန့်အမှတ်(၇/၂၀၂၁)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးစီးအဖွဲ့ဝင် ၅ ဦးဖြင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့အသစ်အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးတွေ့ရှိချက်များအရ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ ၃၈,၂၇၁,၄၄၇ ဦး (၃၈ ဒသမ ၂၇ သန်းကျော်) ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၄,၈၆၉,၄၂၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်/ ၃ ကြိမ်နှင့် အထက်ပါဝင်နေသူ၊ အသက် ၁၀၀ နှစ်နှင့်အထက်၊ အသက် ၁၈ နှစ်နှင့်အောက် အပါအဝင် မဲစာရင်းကွာဟမှု ၁၁,၃၀၅,၃၉၀ ဦးရှိကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်ကို ဦးစွာ တင်ပြလိုပါကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုဆိုင်ရာများစွာဖြစ်ပေါ်ခဲ့သကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားမှုများလည်း များစွာဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဖြစ်ပွားခဲ့သည့်အမှု ပေါင်း ၁,၀၇၇ မှု ဖြစ်ပွားခဲ့သည့်အနက် ရွေးကောက်ပွဲဥပဒေနှင့် ငြိစွန်း၍ အမှုဖွင့်ခဲ့သည့် အမှုပေါင်း ၅၄၆ မှုရှိပြီး ယင်းတို့အနက် အမှုခိုင်မာ၍ တရားစွဲဆိုတင်သွင်းခဲ့မှု ၃၄၅ မှု၊ ပိတ်သိမ်းခဲ့သည့် အမှု ၂၀၀ မှုနှင့် ဥပဒေအကြံပြုချက်တောင်းခံဆဲ ၁ မှုတို့ ရှိခဲ့ပါကြောင်း။

**တရားမဲ့ပြုကျင့်မှု**

ရွေးကောက်ပွဲလုပ်ရပ်များအပေါ် စနစ်တကျ ကြီးကြပ်ကွပ်ကဲရန် အားနည်းပျက်ကွက်ခဲ့သည့် တာဝန်ရှိသူ ၂,၄၁၇ ဦးရှိပြီး တရားစွဲဆိုမှုများ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ သူ ၄၇၉ ဦးကို အမှုဖွင့်လုပ်အရေးယူခဲ့သကဲ့သို့ မဲ ၂ ကြိမ်နဲ့ ၂ ကြိမ်အထက် မဲပေးသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေး တိုင်ကြား/တရားစွဲဆိုခြင်းများ ဆောင်ရွက်လျက် ရှိပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဦးစီးပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေး အဖွဲ့များသည် နိုင်ငံရေးပါတီများ စစ်ဆေးခြင်း၊ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းများ အပါအဝင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၂၃ တို့နှင့်အညီ နိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လမှစပြီး ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအထိ နိုင်ငံရေးပါတီ ၈၅ ပါတီကိုစစ်ဆေးပြီးဖြစ်ပါကြောင်း၊ စစ်ဆေးရန်ကျန်ပါတီတွေကိုဆက်လက်စစ်ဆေးဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲ ဥပဒေနှင့် ရွေးကောက်ပွဲစနစ် ဆိုင်ရာများကို ပြန်လည် သုံးသပ်နိုင်ရန်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ၁၈ လတာကာလအတွင်း ၄ ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် အခြေခံမဲစာရင်းများမှန်ကန်ရေးသည် အဓိကကျသည့်

အခြေခံအချက်ပင်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံသားကတ်မရှိဘဲ မဲပေးသူ ၄,၈၆၉,၄၂၇ ဦး (၄ ဒသမ ၈ သန်း ကျော်)ရှိပါကြောင်း၊ **လာမည့်ရွေးကောက်ပွဲ၌ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအနက် ၃-၅-၂၀၂၁ ရက်မှ ၃-၁၁-၂၀၂၂ ရက်အထိ ၁၈ လတာ ကာလသတ်မှတ်၍ အကျုံးဝင်သူဦးရေ ၃,၄၉၁,၃၆၄ ဦး(၃ ဒသမ ၄ သန်း ကျော်)အား ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ပန်းခင်းစီမံချက်ကို နိုင်ငံအဝှမ်း ဆောင်ရွက်ပေးလျက်ရှိ**ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၃,၃၄၀,၁၃၀(၃ ဒသမ ၃ သန်း)ခန့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရာနှုန်းပြည့်ပြီးစီးရေး ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည်ကို တင်ပြလိုပါကြောင်း။

**၂၉၈ မြို့နယ် ဆောင်ရွက်ပြီးစီး**

သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနများတွင် အိမ်ထောင်စု လူဦးရေ စာရင်း ပုံစံ(၆၆/၆)ကို အခြေခံပြုစုထားတဲ့ စာရင်းများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ရှေ့ပြေးလုပ်ငန်းစီမံချက် အခြေခံ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရန်အတွက် မြေပြင်လူဦးရေ

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ခွင့်ပြုချက်နှင့် စနစ်တကျ စိစစ်သုံးစွဲလျက်ရှိသည့် ရန်ပုံငွေလက်ကျန် ၄၉၁ ဒသမ ၁၈ ဘီလီယံမှ ကျန် ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေထူထောင်ကာ စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံသည့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရန်အတွက် ဆောင်ရွက်ပေးသွားရန် စီစဉ်ထားသည်ကို တင်ပြအပ်။**

စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစီမံချက် (Pilot Project) ကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိပြီး ဇူလိုင်လ ၂၅ ရက်နေ့အထိ မြို့နယ် ၂၉၈ မြို့နယ် ဆောင်ရွက်ပြီးစီး၍ မြို့နယ် ၁၄ မြို့နယ်အား ဆောင်ရွက်ဆဲဖြစ်ပြီး မြို့နယ် ၁၃ မြို့နယ်မှာ ဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့် မြို့နယ်များသည် အကြမ်းဖက်မှုများကြောင့် နယ်မြေအေးချမ်းမှုမရှိသည့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဖြစ်ပြီး ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ် သည်ကို တင်ပြလိုပါကြောင်း။

လုပ်ငန်းစဉ်(၂) **"လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်"** ဆိုသည့်အချက်ကို ဆောင်ရွက်နေမှုအနေဖြင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကို ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၃ ရက်နေ့တွင် စတင်တွေ့ရှိခဲ့ပါကြောင်း၊ မိမိတို့အစိုးရ စတင်တာဝန်ယူ ထမ်းဆောင်စဉ်ကာလ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ ၃၉၅,၆၆၈ ဦး၊ ရောဂါပိုးကင်းစင်သွားသူ ၃၈၈,၈၃၂ ဦး၊ သေဆုံးသူ ၁၆,၁၈၅ ဦးရှိခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှ ဇူလိုင် ၂၈ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာ ၇၈,၄၇၇ ဦး၊ ရောဂါပိုးကင်းစင်သွားသူ ၇၉,၅၉၂ ဦး၊ သေဆုံးသူ ၁၂၄ ဦးသာရှိခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် ပိုးတွေ့ရှိမှုနှုန်းနှင့် သေဆုံးမှုနှုန်း လျင်မြန်စွာ ကျဆင်းလာခဲ့ခြင်းဖြစ်သည်ကို တင်ပြအပ်ပါကြောင်း၊ သက်သာပျောက်ကင်းသူအရေအတွက်တွင် ဖော်ပြပါကာလ မတိုင်မီရောဂါဖြစ်ပွားခဲ့ပြီး ဖော်ပြပါကာလအတွင်း၌ သက်သာပျောက်ကင်းခဲ့သည့် လူနာများအားလည်း ထည့်သွင်းရေတွက်ထားခြင်းဖြစ်သဖြင့် ရောဂါပျောက်ကင်းမှုအရေအတွက် များပြားနေခြင်း ဖြစ်ကြောင်းလည်း ဖြည့်စွက်ပြောကြားလိုပါကြောင်း။

**ကာကွယ်ဆေးထိုးနှံပြီးစီးမှု**

မိမိတို့နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံပြီးစီးမှု အနေ

ဖြင့် ဇူလိုင်လ ၂၆ ရက်အထိ လူဦးရေ ၃၆,၀၄၇,၀၉၄ (၃၆ သန်းကျော်) ထိုးနှံပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ရည်မှန်းလူဦးရေ၏ ၈၅ ရာခိုင်နှုန်းအထက်ကို ထိုးနှံပြီးစီး၍ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိုးနှံရမည့် ရည်မှန်းလူဦးရေ၏ ၄၀ ရာခိုင်နှုန်းအောက်ရှိသည်ကို တွေ့ရပါကြောင်း၊ အဆိုပါဒေသများထဲမှ တစ်ချို့နေရာများတွင် နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသေးသဖြင့် သတ်မှတ်ချက်အောက် အနိမ့်ဆုံး ဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများတွင် သတ်မှတ်ရာနှုန်းအတိုင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရန် နယ်မြေအခြေအနေများ တည်ငြိမ်အေးချမ်းရန် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်ကို တင်ပြလိုပါကြောင်း။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့အထိ ကာကွယ်ဆေးဝယ်ယူရရှိမှုအနေဖြင့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှဝယ်ယူမှု စုစုပေါင်း ၄၅,၀၀၀,၀၀၀(၄၅ သန်း) Doses ဖြစ်ပါကြောင်း၊ လှူဒါန်းရရှိမှုအနေဖြင့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ Nippon Foundation ၊ GAVI Covax Facility နှင့် AHA Center တို့မှလှူဒါန်းမှု စုစုပေါင်း ၃၁,၅၉၁,၆၀၀ Doses ရရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဧပြီလက စတင်ပြီး ကာကွယ်ဆေးများထုတ်လုပ်လျက်ရှိပြီး ဇူလိုင်လ ၁ ရက်နေ့အထိ ကာကွယ်ဆေး ၄,၀၉၁,၆၂၅ (၄ သန်းကျော်) Doses ထုတ်လုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကာကွယ်ဆေး ဝယ်ယူရရှိမှု၊ လှူဒါန်းမှု၊ ထုတ်လုပ်မှုများမှ ၈၀,၆၈၃,၂၂၅ (သန်း ၈၀ ကျော်) Doses ရရှိပြီးဖြစ်ပါကြောင်း၊ ကာကွယ်ဆေး ၁,၄၀၀,၀၀၀ (၁ ဒသမ ၄ သန်း) Doses ထပ်မံဝယ်ယူရန် စာချုပ်ချုပ်ဆိုထားပြီးလည်း ဖြစ်ပါကြောင်း။

**ဦးစားပေးအစီအစဉ်အနေဖြင့်**

**ကျန်းမာသန်စွမ်းသည့် လူ့အဖွဲ့အစည်း တည်ဆောက်နိုင်ရေးနှင့် လူတစ်ဦးချင်းစီ၏ ပျမ်းမျှသက်တမ်း တိုးမြှင့်နိုင်ရန်အတွက် ကျန်းမာရေးဝန်ဆောင်မှုများကို တိုးမြှင့်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် အစားအသောက်များကို မျှတစွာစားသုံးနိုင်ရန်အတွက် ပညာပေးလုပ်ငန်းများ မြှင့်တင်ခြင်း၊ အစားအစာ ဘေးကင်းလုံခြုံရန်အတွက် စစ်ဆေးခြင်းများ၊ ကျန်းမာရေးအတွက် လိုအပ်သည့် ဆေးဝါးနှင့်ကုသရေးကိရိယာများ ခေတ်မီစွာသုံးစွဲနိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကို နိုင်ငံတစ်ဝန်း လွှမ်းခြုံကာကွယ်နိုင်ရန် ကာကွယ်ဆေးထုတ်လုပ်မှုနှင့် ကာကွယ်ဆေးထိုးနှံနိုင်ရန် ဦးစားပေးအစီအစဉ်အနေဖြင့် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်**သည်ကို တင်ပြလိုပါကြောင်း။

လုပ်ငန်းစဉ်(၃)ပါ **"ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်"** ဆိုသည့် အချက်အား ဆောင်ရွက်နေမှုအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်း နိုင်ငံများစွာရှိ စီးပွားရေးလုပ်ငန်းများ ထိခိုက်ခဲ့ရပါကြောင်း၊ မိမိတို့နိုင်ငံအတွက်လည်း ရိုက်ခတ်မှုများရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်း များနှင့် အမြန်ဆုံးကုစားသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရတာဝန်မယူမီ အချိန်တွင် ပြည်တွင်း၊ ပြည်ပကြွေးမြီသည် တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာခဲ့သည်ကို တွေ့ရပါကြောင်း၊ ထုတ်ယူသုံးစွဲပြီး ကြွေးမြီပေါင်း အမေရိကန်ဒေါ်လာ ၁၅.၅၇ ဘီလီယံကျော် ရှိပြီး ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ပေးဆပ်ပြီးသည့် ငွေပမာဏ အမေရိကန်ဒေါ်လာ ၄.၁၄ ဘီလီယံရှိပါကြောင်း၊ ပေးဆပ်ရန်ကျန် ငွေပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ (၁၁ ဒသမ ၄၂ ဘီလီယံ ကျော်) ရှိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကချေးငွေများကို နှစ်စဉ်အတိုးအရင်း ဒေါ်လာ သန်း ၇၀၀ ခန့် ပေးဆပ်နေရပါကြောင်း၊ ထို့ကြောင့် အစိုးရတာဝန်ယူခဲ့သည့် ၁ နှစ်တာကာလအတွင်း ပို့ကုန်များတင်ပို့နိုင်ရေးနှင့် မလိုအပ်သည့် သွင်းကုန်များကို လျှော့ချနိုင်ရေး စီမံဆောင်ရွက်ခဲ့ရပါကြောင်း၊ ပြီးခဲ့သည့် အစိုးရနှစ်ဆက်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇၁ ဘီလီယံ ရှိခဲ့ပါကြောင်း၊ အဓိကအားဖြင့် ပြည်တွင်းတွင် ထုတ်လုပ်၍ရနိုင်သည့်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်အတွက် အားမပေးဘဲ ပြည်ပကသာ မှာယူတင်သွင်းမှုများ ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါကြောင်း၊ **ကုန်သွယ်မှု အခြေအနေအရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ လက်ရှိ**

**အချိန်ထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃၇ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၇ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၇၅ ဘီလီယံရှိပြီး ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၁ ဘီလီယံရှိ**ပါကြောင်း။

ပြည်တွင်း/ပြည်ပ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဘဏ်လုပ်ငန်းများ ယုံကြည်မှုကျဆင်းခဲ့ရပြီး ပုံမှန်မလည်ပတ်နိုင်သည့်အတွက် အစိုးရအနေဖြင့် ကျောထောက်နောက်ခံ ရပ်တည်ပေး၍ တည့်မတ်ပေးခဲ့ရာ လက်ရှိတွင် လုပ်ငန်းများအားလုံး ပုံမှန်လည်ပတ်နိုင်ပြီဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းတွေ ဖြေလျှော့မှု အစီအစဉ်အနေဖြင့် အတိုးနှုန်းလျှော့ချရေးနှင့် ပတ်သက်ပြီး အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းပေးခြင်း၊ အခွန်နှင့်ပတ်သက်သည့် ပေးသင့်ပေးထိုက်သည့် အခွန်များ ပေးဆောင်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး ကုစားနိုင်ရန်အတွက် တောင်သူလယ်သမားများနှင့် စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းရှင်များကို စိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်းငွေကျပ် ၂,၃၃၅ ဒသမ ၄၉ ဘီလီယံအား အရင်းအနီး ပံ့ပိုးထုတ်ပေးထားပါကြောင်း။

**သီးသန့်ရန်ပုံငွေထူထောင်**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်နှင့် စနစ်တကျ စိစစ်သုံးစွဲလျက်ရှိသည့် ရန်ပုံငွေလက်ကျန် ၄၉၁ ဒသမ ၁၈ ဘီလီယံမှ ကျန် ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေထူထောင်ကာ စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ပေးသွားရန် စီစဉ်ထားသည်ကို တင်ပြအပ်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေနှင့် နိုင်ငံရေးအခြေအနေများအရ ဖြစ်ပေါ်လာသည့် အကြမ်းဖက် ဖြစ်စဉ်များကြောင့် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ ၂၉၁ ခုနှင့် အလုပ်သမား ၁၀၄,၇၉၈ ဦး ရပ်နားထားရပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၈ ရက် ကာလအတွင်း အသစ်ဖွင့်လှစ်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံ ၁၁၄ ရုံနှင့် ပြန်လည်ဖွင့်လှစ်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံ ၁၀၀ ရုံ၊ စုစုပေါင်း ၂၁၄ ရုံရှိခဲ့ပြီး အလုပ်သမားအင်အား ၅၄,၈၁၉ ဦး အလုပ်အကိုင်ပြန်လည်ရရှိခဲ့ပါကြောင်း၊ ပုဂ္ဂလိက ကုန်ထုတ်လုပ်ငန်းများ မူလအတိုင်း လုပ်ငန်းများ ပြန်လည်လည်ပတ်ရန်နှင့် အလုပ်သမားများ ရာနှုန်းပြည့်လုပ်ငန်းခွင်တွင် ဝင်ရောက်အလုပ်လုပ်ကိုင်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရန်လိုအပ်သည်ကို တင်ပြလိုပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ၊ နိုင်ငံရေးအခြေအနေနှင့် လောင်စာဆီဈေးနှုန်းမြင့်တက်ခြင်းကြောင့် အများသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ရပ်တန့်လုနီးပါးဖြစ်ခဲ့ရပြီး ကုန်ဈေးနှုန်းကြီးမြင့်စေမှုသို့ ဦးတည်စေခဲ့ပါကြောင်း၊ အစိုးရမှ Public Transportation များကို ပြည်သူလူထု ပိုမိုအမှီသဟဲပြုနိုင်ရန် ကြိုးပမ်းနေပါကြောင်း၊ လက်ရှိ ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့နည်းလာခြင်းနှင့် နိုင်ငံရေးအခြေအနေ တည်ငြိမ်စပြုလာခြင်းတို့ကြောင့် Public Transportation လုပ်ငန်းများ ယခင်တစ်နှစ်တာ ကာလထက် လက်ရှိ ၆ လတာလတွင် ပိုမိုလည်ပတ်မှု ရှိလာပါကြောင်း။

**ပြည်တွင်းလေကြောင်းလိုင်းများ ပြေးဆွဲခြင်းကို ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားမှု များပြားသောမြို့များကို ကန့်သတ်ထားခြင်းနှင့် ပြည်ပလေကြောင်းလိုင်းများ ပုံမှန်ပြေးဆွဲမှု ရပ်ဆိုင်းထားရာမှ ဧပြီ ၁၇ ရက်ကစပြီး ဖွင့်လှစ်ပေးခဲ့**ပါကြောင်း၊ ယခုအခါ ပြည်ပလေကြောင်းလိုင်း ၁၆ လိုင်းပြေးဆွဲနေပြီး ဇူလိုင်လ ၂၉ ရက်အထိ မြန်မာနိုင်ငံသားအထွက် ၁၁၆,၇၅၈ ဦး၊ အဝင် ၇၈,၆၁၄ ဦး၊ ပြည်ပနိုင်ငံသားအဝင် ၁၉,၉၆၃ ဦး၊ အထွက် ၁၈,၉၇၀ ဦး ရှိသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့နိုင်ငံလူဦးရေ တိုးတက်လာသည်နှင့်အမျှ စားရေးနှင့်ဝတ်ရေးသည် ပိုမိုလိုအပ်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသားများ တစ်နှစ်လျှင်ဆန်စားသုံးမှု ၁၅၅ ကီလိုဂရမ် ၉၇ ပြည်ခန့် စားသုံးမှုရှိသည့်အတွက် လက်ရှိစပါးစိုက်ပျိုးမှုနှင့် လုံလောက်မှုရှိပါကြောင်း၊ အထွက်နှုန်းတိုးတက်အောင် စီမံဆောင်ရွက်ပြီး စိုက်ပျိုးမည်ဆိုပါကတိုင်းပြည်၏ဝင်ငွေ များစွာရရှိမည်ဖြစ်ပါကြောင်း၊ စားသုံးဆီအနေဖြင့်လိုအပ်သည့် ပြည်တွင်းဖူလုံမှုမလောက်ငသည့်အတွက် ပြည်ပမှပြည်ပငွေနှင့် များစွာတင်သွင်း

နေရပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းဆီစားသုံးမှု ဖူလုံစေရန်အတွက် နေရာဒေသမရွေး ၁ ကေဆီထွက်နှမ်း ပိဿာ ၁၄၀ ခန့် ရရှိစိုက်ပျိုးနိုင်သည့် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံး နေကြာသီးနှံစိုက်ကေ ၁ ဒသမ ၅ သန်းကျော် စိုက်ပျိုးထုတ်လုပ်ရန်အတွက် စီမံလျာထားလျက်ရှိပြီး နေကြာစိုက်တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၀၀ ဒသမ ၂၄၈ ဘီလီယံ ထုတ်ချေးခွင့်ပြုပြီး ဆောင်ရွက်စေလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းသည် မိမိတို့အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်ရေးအတွက် ထိရောက်သည့်နည်းလမ်းများကိုအသုံးပြုပြီး မြို့ပြနှင့်ကျေးလက်ဒေသကြား ကွာဟချက်ကျဉ်းမြောင်းစေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် တစ်စိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်သည်ကို တင်ပြလိုပါကြောင်း။

**စပါးတစ်ကေထွက်နှုန်းကောင်းမွန်ရေး**

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်မှာ စုစုပေါင်း စပါးစိုက်ပျိုးကေ ၁၇ ဒသမ ၃၀၆ သန်းကို စိုက်ပျိုးနိုင်ခဲ့ကာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စုစုပေါင်း စပါးစိုက်ပျိုးကေ ၁၇ သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ မိုးစပါးစိုက် ကေ ၁၄ ဒသမ ၈၂၆ သန်းနှင့် နွေစပါးစိုက်ကေ ၂ ဒသမ ၂၇၆ သန်းဖြစ်ပါကြောင်း၊ တိုင်းပြည်၏အဓိကသီးနှံဖြစ်သည့် စပါး ၁ ကေ ထွက်နှုန်းကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ **လာမည့်စိုက်ပျိုးရာသီတွင် နွေစပါး၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံများကိုContract Farming စနစ်ဖြင့် တစ်နိုင်ငံလုံးတွင် စိုက်ပျိုးနိုင်ရေးအတွက် ဘီလီယံ ၄၀၀ မြှုပ်နှံစီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြလို**ပါကြောင်း။

လုပ်ငန်းစဉ်(၄) **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်"** ဆိုသည့်အချက်အား ဆောင်ရွက်နေမှုအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်အတွင်း ငြိမ်းချမ်းသာယာမှုရှိရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် စတင်ထုတ်ပြန်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ၂၀၂၂ ခုနှစ်ကုန်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ထုတ်ပြန်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးအတွက် ထုတ်ပြန်မှုပေါင်း ၂၁ ကြိမ် ထုတ်ပြန်ခဲ့သည်ကိုတင်ပြလိုပါကြောင်း။

အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ **၁၈ လတာကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် EAO အဖွဲ့များ တွေ့ဆုံမှု ၉ ကြိမ်၊ ညှိနှိုင်းရေးကော်မတီဖြင့် တွေ့ဆုံမှု EAO အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် အခြားအဖွဲ့အစည်းများ စသည်ဖြင့် စုစုပေါင်း ၇၅ ကြိမ် တွေ့ဆုံ၍ ငြိမ်းချမ်းရေး၊ တိုင်းပြည်နှင့် ဒေသကောင်းကျိုးအတွက် ဆွေးနွေးနိုင်ခဲ့**ပါကြောင်း။

**ငြိမ်းချမ်းရေးအကောင်အထည်ဖော်နိုင်ရန်**

၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့သည်နှင့်အညီ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးနိုင်ရန်အတွက် မိမိအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၂ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ရာ NCA လက်မှတ်ရေးထိုး ထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ ၇ ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ ၃ ဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့တို့မှ တွေ့ဆုံဆွေးနွေးနိုင်ရန် အကြောင်းပြန်ကြားခဲ့ရာ အဖွဲ့ ၉ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့်အဖွဲ့ ၁ ဖွဲ့ကို ဩဂုတ်လ လဆန်းပိုင်းတွင် တွေ့ဆုံသွားရန်ရှိသကဲ့သို့ ဆွေးနွေးပြီး အဖွဲ့များနှင့်လည်း ဒုတိယအကြိမ် အမြန်ဆုံး ထပ်မံတွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်ကို တင်ပြလိုပါကြောင်း။

ထိုသို့ တွေ့ဆုံ ဆွေးနွေးရာတွင် ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီ ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်

ပြည်ထောင်စုတည်ဆောက်ရေး၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်သည်နှင့် ဖြစ်ချင်သည်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့သည့်အပြင် ပြည်ထောင်စုသဘောတူ စာချုပ်အစိတ်အပိုင်း (၁/၂/၃) ပါ သဘောတူညီချက်များနှင့် ပတ်သက်၍လည်းကောင်း၊ အစိတ်အပိုင်း(၃)ပါ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည့် ဇယား(၂)ပါ ဆွေးနွေးရန်အချက်များနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

**ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ခေါင်းဆောင်များကိုတွေ့ဆုံဆွေးနွေးနိုင်ရေးကမ်းလှမ်းဖိတ်ခေါ်မှုနှင့်ပတ်သက်ပြီး ပထမအကြိမ်ဖိတ်ခေါ်မှုမှာ တက်ရောက်လာခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တက်ရောက်ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ်၊ ဇွန် ၁၄ ရက်တွင် ထပ်မံဖိတ်ခေါ်ခဲ့ပါကြောင်း၊ EAO များ (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)ကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်မှာဖြစ်မည်ဖြစ်**ပါကြောင်း။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၂၃ ရက်အတွင်း နိုင်ငံတွင်းသို့ နည်းမျိုးစုံနှင့် သွင်းယူခဲ့သည့် လက်နက်များနှင့် အကြမ်းဖက်သူများ၏ ထိတွေ့ပစ်ခတ်မှုများမှ ဖမ်းဆီးရမိခဲ့ သည့် လက်နက်မျိုးစုံ ၆,၁၁၁ လက်၊ ခဲယမ်းမျိုးစုံ ၃၃၅,၁၈၄ တောင့်၊ လက်ပစ်ဗုံး/ မိုင်း မျိုးစုံ ၁၁,၇၁၅ လုံးရှိပါကြောင်း၊ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များတွင် နောက်ကွယ်မှ လူအင်အားနှင့် လက်နက်၊ ခဲယမ်းအပါအဝင် စစ်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့မှုရှိသည့် KIA၊ KNU နှင့် KNPP စသည့် နယ်မြေများတွင်သာ ဖြစ်စဉ်အများဆုံး ဖြစ်ပေါ်နေသည်ကို တွေ့ရပါကြောင်း၊ ဖမ်းဆီးရမိသည့် လက်နက်များကို စစ်ဆေးကြည့်ပါက KIA ထုတ်လက်နက် များနှင့် KNU နယ်မြေ ထိုင်း-မြန်မာ နယ်စပ်ကလာသည့် လက်နက်များပင် ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တရားမဝင် ထုတ်လုပ်တင်သွင်းသည့် လက်နက်များမရှိစေရန်အတွက် အချိန်ယူဆောင်ရွက်ရန် လိုအပ်သည်ကိုတင်ပြလိုပါကြောင်း။

**အကြမ်းဖက်တိုက်ခိုက်မှုများ**

မိမိတို့အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်မှုအပေါ် တရားမဝင်ကော်မတီ၊ စင်ပြိုင်အစိုးရ၊ အကြမ်းဖက်အဖွဲ့အစည်းများ ဖွဲ့စည်းကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု မရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သည်များ ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၂ ရက်အထိ ၁၈ လတာကာလအတွင်း တစ်နိုင်ငံလုံး လက်ပစ်ဗုံး/ လက်လုပ်ဗုံးပစ်ခံရမှု၊ မိုင်းခွဲမှု ၇,၂၄၆ ကြိမ်၊ တိုက်ခိုက်/သတ်ဖြတ်ခံရမှု ၆,၅၆၇ ကြိမ်၊ မီးရှို့ခံရမှု ၁,၀၉၄ ကြိမ်၊ စုစုပေါင်း ၁၄,၉၀၇ ကြိမ် ဖြစ်ပွားခဲ့ပါကြောင်း၊ အစိုးရဝန်ထမ်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရဟန်း/ သံဃာ/ သီလရှင်များ၊ ကလေးသူငယ်အပါအဝင် အပြစ်မဲ့ အရပ်သား ၃,၄၈၃ ဦး သေဆုံးခဲ့ပြီး ၃,၀၆၅ ဦးဒဏ်ရာရရှိ၍ ၄၁ ဦးပျောက်ဆုံးမှုရှိခဲ့ပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄,၀၂၆ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂,၄၄၂ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၂,၁၉၄ ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် ၁,၃၉၅ ကြိမ် ဖြစ်ပွားခဲ့ပြီး ယင်းတို့မှာ အများဆုံးဖြစ်ပွားခဲ့သည့်အတွက် အဆိုပါဒေသများအတွင်း မူလအခြေအနေများအတိုင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်သည်ကို တင်ပြလိုပါကြောင်း။

**မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်နှိမ်နင်းရေး**

တစ်မျိုးသားလုံး လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်နှိမ်နင်းရေးကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် တစ်နှစ်တာကာလတွင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း စုစုပေါင်းမြန်မာငွေကျပ် ၉၇၀,၂၈၈.၉၇၁၄ သန်း(USD ၅၂၄.၄၈ သန်း) ကျော်၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းစုစုပေါင်း မြန်မာငွေကျပ် ၅၇၆,၄၁၆ ဒသမ ၆၆၅၁ သန်း(USD ၃၁၁ ဒသမ ၅၈ သန်း) ကျော် ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ် ငါးလအတွင်း ဖမ်းဆီးရမိသည့် တန်ဖိုးသည် ၂၀၂၁ ခုနှစ်အတွင်း ဖမ်းဆီးရမိသည့် တန်ဖိုးထက် ထက်ဝက်ကျော်ရှိသည့်အတွက် မိမိတို့အစိုးရလက်ထက်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါးများသည် ရှမ်းပြည်နယ်အတွင်းမှ အဓိကလာခြင်း

**မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် “အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒွိတာဝန်အရေး သုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန်” အဓိကတာဝန်ရှိ၊ ယင်းတို့သည် ဖန်တီးထားသည့်တာဝန်များမဟုတ်ဘဲ သမိုင်းကပေးလာသည့် သမိုင်းပေးတာဝန်များသာဖြစ်။**

ဖြစ်သည်ကို မိမိတို့ဖော်ထုတ်ရရှိထားပြီး ဖြစ်သည့်အတွက် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ယူ၊ ရောင်းချမှုများ လုံးဝ မရှိသည်အထိ ရှာဖွေ၊ ဖော်ထုတ်နှိမ်နင်းနိုင်ရန် လိုအပ်မည် ဖြစ်သည်ကို တင်ပြလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုပ်ငန်းစဉ်(၅) **“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည် ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများ နှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်”** ဟူသည့်အချက်အား ဆောင်ရွက် နေမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် **“ကျွန်တော်တို့ အစိုးရအနေနဲ့ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပ နိုင်ရေး အစဉ်တစိုက် ဦးတည်ချက်ထားဆောင်ရွက်လျက် ရှိပါတယ်။ လုပ်ငန်းစဉ်(၁) ဆောင်ရွက်နေမှုများ၊ ဆောင်ရွက် ရန် ကျန်သည်များကို ပြည့်ပြည့်စုံစုံတင်ပြပြီး ဖြစ်ပါတယ်။” နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ဖို့လို**

စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ် ခိုင်မာစေဖို့ အခြေခံဟာ “လွတ်လပ်ပြီး တရားမျှတ တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ”ပဲ ဖြစ် ပါတယ်။ ရွေးကောက်ပွဲကမှတစ်ဆင့် ရရှိလာတဲ့ ရလဒ် တွေအရ လွှတ်တော်အသီးသီးနဲ့ အစိုးရအဖွဲ့တို့ကို ဖွဲ့စည်း တည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရ ပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေ၊ ဒေသတွေနဲ့ နိုင်ငံအနှံ့ လူထုလူတန်းစားအလွှာအသီးသီး ကို ကိုယ်စားပြုတဲ့သူတွေ ဝင်ရောက်အရွေးချယ်ခံနိုင်ဖို့ နဲ့ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင် ဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ် စတင် ကျင့်သုံးတဲ့ကာလကစပြီး အထွေထွေရွေးကောက်ပွဲ(၃) ကြိမ် ကျင်းပခဲ့ပါတယ်။ နိုင်ငံမှာ မြို့နယ် ၃၃၀ မြို့နယ်ရှိပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၂၅ မြို့နယ်၊ ၂၀၁၅ ခု နှစ်ရွေးကောက်ပွဲမှာ ၃၂၃ မြို့နယ်နဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၁၅ မြို့နယ်တို့မှာ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပါတယ်။ တစ်ကြိမ်ထက်တစ်ကြိမ် ရွေးကောက်ပွဲ ကျင်းပနိုင်တဲ့ မြို့နယ်အရေအတွက် နည်းပါးလာတာကို တွေ့ရပါမယ်။ ဒီမိုကရေစီစနစ်နဲ့ ရွေးချယ်ခံရပြီး ဒီမိုကရေ စီစနစ်ကို ဖော်ဆောင်မယ်ဆိုတဲ့ အစိုးရတွေ လက်ထက် မှာမှ ရွေးကောက်ပွဲမကျင်းပဖြစ်လို့ ဒီမိုကရေစီ အခွင့်အရေး ဆုံးရှုံးရတဲ့ တိုင်းရင်းသားဒေသတွေ များပြားလာတာကို သတိပြုဖွယ် တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံအနှံ့အကြားအလပ် မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက် ရမည့် ကိစ္စရပ်များ ရှိနေသေးကြောင်း တင်ပြလိုပါတယ်။

ရွေးကောက်ပွဲမကျင်းပဖြစ်တဲ့ မြို့နယ်တွေမှာ တည်ငြိမ်အေးချမ်းမှုမရှိလို့ဆိုတဲ့ အကြောင်းပြချက်များ ရှိပါတယ်။ တည်ငြိမ်အေးချမ်းမှုမရှိခြင်းနဲ့ အဓိကအကြောင်း အရာကတော့ လက်နက်ကိုင်ပဋိပက္ခများရှိနေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ပေါ်ပေါက်လာခြင်း ကြောင့်ဖြစ်ပါတယ်။ ဒီကိစ္စတွေကို ဖြေရှင်းနိုင်ဖို့တိုင်းရင်းသား တွေနဲ့ တိုင်းရင်းသားဒေသတွေကို အခွင့်အရေးပိုမိုဆောင် ရွက်နိုင်ဖို့လိုတယ်ဆိုတာကို ကျွန်တော်တို့ အစိုးရအနေ နဲ့ တွေ့ရှိရပါတယ်။ တိုင်းရင်းသားတွေ၊ တိုင်းရင်းသား ဒေသတွေနဲ့ လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြု တဲ့ ကိုယ်စားလှယ်တွေ တရားဝင်နိုင်ငံရေးစင်မြင့်ဖြစ် တဲ့ လွှတ်တော်ထဲကို ရောက်ရှိလာဖို့ ဆောင်ရွက်ပေးရ မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

**သုံးမျိုးသုံးစားခွဲခြားတွေ့ရှိ**

ကျွန်တော်တို့နိုင်ငံမှာ လက်ရှိရှိနေတဲ့ နိုင်ငံရေးပါတီ

၉၂ ပါတီကို အမျိုးအစားခွဲခြားကြည့်တဲ့အခါမှာ (၁) နိုင်ငံရေးအယူဝါဒ၊ အယူအဆကိုကိုယ်စားပြုတဲ့ပါတီ ၄၃ ပါတီ၊ (၂) ဒေသကို ကိုယ်စားပြုတဲ့နိုင်ငံရေးပါတီ ၃၀ ပါတီနဲ့ (၃) တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုတဲ့ပါတီ ၁၉ ပါတီဆိုပြီး သုံးမျိုး၊ သုံးစား ခွဲခြားတွေ့ရှိရပါတယ်။ အားလုံးဟာ ကိုယ်အစုအဖွဲ့နဲ့ကိုယ်ထောက်ခံမှုများ၊ ကိုယ်စားပြုမှုများ ရှိကြပါတယ်။ ဒီကိုယ်စားပြုမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လုပ်ဆောင်နိုင်ရေး လက်ရှိအသုံးပြုနေတဲ့ နိုင်သူအကုန်ယူ (First Past The Post–FPTP) ရွေးကောက်ပွဲစနစ်ဟာ ပြည့်ပြည့်စုံစုံ လုံလောက်မှုမရှိတဲ့အတွက် အချိုးကျ ကိုယ်စားပြုစနစ် (Proportional Representation–PR) ကိုပါ ထည့်သွင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ရွေးကောက်ပွဲကော်မရှင် အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းတွေဟာ ကြိုတင်ပြင်ဆင်မှု၊ စီမံဆောင်ရွက်မှုတွေ ဆက်လက်ပြုလုပ်ရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများကိုလည်း ရွေးကောက်ပွဲစနစ်နဲ့ဆီလျော်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပြုလုပ်ရမှာဖြစ်ပါတယ်။ ပြည်သူလူထုကိုလည်း ရွေးကောက်ပွဲစနစ်နဲ့ပတ်သက်ပြီး ပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရန် လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ပြင်ဆင်ချိန်၊ လုပ်ဆောင်ချိန်တွေ လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။” ဟုပြောကြားသည်။ ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုခိုင်မာအောင်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် **“ယနေ့တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်နေရခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။ ယခင်အစိုးရတာဝန်ရှိသူတွေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်တွေနဲ့ ရွေးကောက်ပွဲမှာ တာဝန်ရှိသူအသီးသီးတို့က အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ခဲ့တဲ့အတွက် ဒီလိုဖြစ်ခဲ့ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တည်ထောင်စ ဒီမိုကရေစီစနစ် ညှိုးနွမ်းခဲ့ရပါတယ်။ ဒီလိုကိစ္စတွေ ထပ်မဖြစ်ဖို့ လိုပါတယ်။ ဒီမိုကရေစီအနိုင်ကျင့်မှု၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ထူထောင်မှု၊ အဖွဲ့အစည်း (Institution)ထက် ပုဂ္ဂိုလ်ရေးသြဇာထူထောင်မှုတွေ ထပ်မံမပေါ်ပေါက်အောင် ဆောင်ရွက်ရပါမယ်။ ရွေးကောက်ပွဲတွေမှာ ကြီးမာတဲ့မဲမသမာမှုတွေမဖြစ်အောင် ဆောင်ရွက်ရပါမယ်။ ဒီအတွက်ခုအချိန်မှာ အခြေခံအုတ်မြစ်တွေ တည်ဆောက်ဖို့လိုပါမယ်။ အခြေခံရမယ့် အချက်တွေ ခိုင်မာဖို့လိုပါမယ်။ ဒါတွေကို ဆောင်ရွက်နိုင်ဖို့ ပြည်သူလူထုနဲ့ ပြည်ထောင်စုနိုင်ငံရဲ့ အနာဂတ်ကောင်းကျိုးကို ရည်မှန်းပြီး ကျွန်တော်တို့အစိုးရက ဆောင်ရွက်လျက်ရှိပါတယ်။**

**ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ “စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်” ကိုခိုင်မာအောင် ဆက်လက်တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို ခိုင်ခိုင်မာမာ အာမခံပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခြေခံမူများဖြစ်တဲ့ ပုဒ်မ ၆၊ ၇၊ ၈ မှာပါဝင်တဲ့ ဒီ့တာဝန်အရေးသုံးပါး၊ ပါတီစုံ ဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်တို့ကို ကာကွယ်စောင့်ရှောက်ဖို့ ပုဒ်မ ၂၀(စ)အရ တပ်မတော်မှာ အဓိကတာဝန်ရှိပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထု အကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ (Guardian)အဖြစ် ဒီတာဝန်တွေကို ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။”** ဟုပြောကြားသည်။

**ခြောက်လသက်တမ်းတိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်များကို အောင်မြင်ပြီးမြောက်သည်အထိ ထမ်းဆောင်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအား နောက်ထပ် ခြောက်လသက်တမ်းတိုး တာဝန်ထမ်းဆောင်ခွင့်ပြုနိုင်ပါရန် တင်ပြသည်။

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ အချိန်ကာလ တိုးမြှင့်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအား ဆွေးနွေးကြရန် တစ်ဦးချင်းဖိတ်ခေါ်သည်။ အဖွဲ့ဝင်များက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ)၏ လုပ်ပိုင်ခွင့်များအရ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတော်၏ နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ

ကြေညာထားသည့်ကာလကို နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ရန်တင်ပြမှုကို တညီတညွတ်တည်း ထောက်ခံကြောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် မိမိဆွေးနွေးတင်ပြခဲ့မှုများသည် ပကတိအခြေ အနေများအတိုင်း တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ပြီးဆုံးချိန်ကတည်းက မဲစာရင်းကွဲလွဲမှုများဖြစ်ပေါ်ခဲ့သဖြင့် မိမိတို့အနေဖြင့်တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းခဲ့သော်လည်း ယခင်အစိုးရအနေဖြင့် မျက်ကွယ်ပြုခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီသာ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ပြီး တည်ဆဲဥပဒေများအတိုင်း လိုက်နာလုပ်ဆောင်လျက်ရှိပါကြောင်း။

တပ်မတော်သည်ပြည်ပရန် ကာကွယ်ရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်တွင်းလုံခြုံရေးအတွက် မဟုတ်ပါကြောင်း၊ သို့သော်နိုင်ငံ၏အခြေအနေအရ လိုအပ်လာပါက အစိုးရမှတာဝန်ပေးအပ်လာချိန်တွင်သာ ပြည်တွင်းလုံခြုံရေးအတွက် တာဝန်ထမ်းဆောင်ရခြင်းဖြစ်ပါကြောင်း၊ ဖဆပလ အစိုးရခေတ်ကတည်းကပင် ကာကွယ်ရေးနှင့် ပြည်တွင်းလုံခြုံရေးကို တာဝန်ပေးချက်အရ ပူးတွဲဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

အာဆီယံ ဘုံသဘောတူညီချက်(၅)ရပ်ကို ၂၀၂၁ ခုနှစ်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်ရန် ကြိုးပမ်းခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှုများကြောင့် လုပ်ဆောင်ရန်ခက်ခဲခဲ့ပါကြောင်း၊ အာဆီယံသဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် စီးပွားရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပချိန်၌ တိုင်းရင်းသားများ၏ အခွင့်အရေးများအပြည့်အဝရရှိ၍ လွှတ်တော်၌ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်လာနိုင်ရေး ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

**အခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့်လုပ်ငန်းများအရ မိမိတို့နိုင်ငံ၏ရည်မှန်းချက်ဖြစ်သည့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ်"ကို ခိုင်မာစေရေး၊ "ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စု"တည်ဆောက်ရေးတို့ကို အခြေခံမှတစ်ဆင့် ဒီမိုကရေစီနည်းကျကျဖော်ဆောင်ပေးမည့် "လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ" ဖြစ်မြောက်စေရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား (၆)လ သက်တမ်းထပ်မံတိုးမြှင့်ပေးဖို့ မိမိအပါအဝင် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက တညီတညွတ်တည်း ထောက်ခံ။**

## ကာကွယ်ရပ်တည်ပေးခဲ့

ထို့နောက် ယာယီသမ္မတဦးမြင့်ဆွေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈ လတာကာလအတွင်း နိုင်ငံတော်တာဝန်များကို အစိုးရကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့မှုအခြေအနေများ၊ ရှေ့ဆက်လက်လုပ်ဆောင်သွားရမည့်အခြေအနေများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည့်ပြည့်စုံစုံ ရှင်းလင်းဆွေးနွေးသွားသည်ကိုတွေ့ရကြောင်း၊ ပြည်တွင်း၊ ပြည်ပတားဆီးနှောင့်ယှက်မှုများ၊ အခက်အခဲများကြားမှ ကြံ့ကြံ့ခံပြီး နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားဖြစ်သည့် "ဒို့တာဝန်အရေးသုံးပါး" ကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည်ကို

အသိအမှတ်ပြုကြောင်း၊ မိမိတို့နိုင်ငံတွင် အခက်အခဲ အကြပ်အတည်းများ၊ ကြီးမားသည့် အပြောင်းအလဲများ ပေါ်လာသည့်အချိန်တိုင်း ရှေ့မှထွက်၍ ကာကွယ်ရပ်တည်ပေးခဲ့ခြင်းသည် တပ်မတော်ဟူသည့် ခိုင်မာစနစ်ကျသည့်အဖွဲ့အစည်း (Institution)ပင် ဖြစ်ကြောင်း၊ ယခင်အစိုးရ လက်ထက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကို ဖြေရှင်းပေးနိုင်ရေး ဆွေးနွေးညှိနှိုင်းရန် အကြိမ်ကြိမ် တိုက်တွန်း ကြိုးပမ်းခဲ့ကြောင်း၊ ဒီမိုကရေစီအမည်ခံအစိုးရနှင့် တာဝန်ရှိသူများသည် ယင်းစေ့စပ်ဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းကြောင်း ကို လျစ်လျူရှုပြီး ထင်ရာစိုင်းခဲ့ကြသောကြောင့် နောက်ဆက်တွဲအခြေအနေများ ဖြစ်လာရခြင်းဖြစ်သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် **"အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန်" အဓိကတာဝန်ရှိကြောင်း၊ ယင်းတို့သည် ဖန်တီးထားသည့်တာဝန်များမဟုတ်ဘဲ သမိုင်းကပေးလာသည့် သမိုင်းပေးတာဝန်များသာ ဖြစ်**ကြောင်း။

ယနေ့ မိမိတို့နိုင်ငံတွင် နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်က အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရက နိုင်ငံ့တာဝန်များကို ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ အမျိုးသားရေးလုပ်ငန်းစဉ်(၂)ခု၊ နိုင်ငံရေး လုပ်ငန်းစဉ်(၂)ခု တို့နှင့်အညီ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ထို့အပြင် မြန်မာပြည်သူလူထု၏ ပြင်းပြသည့် ဆန္ဒဖြစ်သော"စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်" ကို မယိမ်းယိုင်အောင် ကာကွယ်ပေးနေသည်ကိုလည်း တွေ့ရကြောင်း၊ "ပြည်သူ့ဒီမိုကရေစီစနစ်"နှင့် "အမျိုးသားဒီမိုကရေစီစနစ်" ကို ဘက်ညီမျှတအောင် ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း၊ အနာဂါတ်ပြည်ထောင်စု နိုင်ငံတော်ကြီး ခိုင်မာစေရေး **"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု"** အုတ်မြစ်ကိုတည်ဆောက်နေသည်ကိုလည်း တွေ့ရကြောင်း။

**သမိုင်းပေးတာဝန်**

**"ယုံကြည်မှုဟာ ရဲစွမ်းသတ္တိ" (Belief is Courage)** ဟု ကြားသိဖူးကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်အနေဖြင့် ယင်းသမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတော်၏လက်ရှိအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့်လုပ်ငန်းများအရ မိမိတို့နိုင်ငံ၏ရည်မှန်းချက်ဖြစ်သည့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်"ကို ခိုင်မာစေရေး၊ **"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု"**တည်ဆောက်ရေးတို့ကို အခြေခံမှတစ်ဆင့် ဒီမိုကရေစီနည်းကျကျ ဖော်ဆောင်ပေးမည့် **"လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ"** ဖြစ်မြောက်စေရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား (၆)လ သက်တမ်းထပ်မံတိုးမြှင့်ပေးဖို့ မိမိအပါအဝင် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များအားလုံးက တညီတညွတ်တည်းထောက်ခံကြောင်း။

ထို့ကြောင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များအားလုံး၏သဘောတူဆွေးနွေး ဆုံးဖြတ်ချက်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ)၏ လုပ်ပိုင်ခွင့်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတော်၏ နိုင်ငံရေးအရ "နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၁-၈-၂၀၂၂ ရက်မှစ၍ နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း"နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ထပ်မံအပ်နှံကြောင်းကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာအပ်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့်လည်း ကြေညာချက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ (တပ်မတော်) အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ

ကို ကာကွယ်စောင့်ရှောက်သူ (Guardian)အဖြစ် သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးရန်၊ တာဝန်ထမ်းဆောင်စဉ်ကာလတွင် နိုင်ငံအဝှမ်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးတို့အတွက် လုပ်သင့်လုပ်ထိုက်သည်များ အခြေခံသင့်၊ အခြေခံထိုက်သည်များကို ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■